ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ သောကြာနေ့၊ (15-8-2014) (၇၉၃၃)

အနာကုလာစ ကမ္မန္တာ
တော်မင်္ဂလမုတ္တမံ

အနှောင့်အယှက်ကင်းသော အလုပ်ကို လုပ်ကိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မိုးရွာသွန်းမှု

၁၄-၈-၂၀၁၄

မိုးညှင်း	၅ ဒသမ ၇၉ လက်မ
မိုးကောင်း	၅ ဒသမ ၀၄ လက်မ
ကျောက်တော်	၄ ဒသမ ၀၂ လက်မ
ဓောင်းတူ	၃ ဒသမ ၃၉ လက်မ
နေပြည်တော်(ဇမ္ဗူသီရိ)	၃ ဒသမ ၁၁ လက်မ
ချောင်းဆုံ	၂ ဒသမ ၈၃ လက်မ
မြောက်ဦး	၂ ဒသမ ၄၀ လက်မ
ပလက်ဝ	၂ ဒသမ ၂၈ လက်မ

မြန်မာနိုင်ငံဘဏ္ဍာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ဂျပန်နိုင်ငံ မီဇူဟိုဘဏ်လီမိတက်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Nobuhide Hayashi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာ၌ မြန်မာနိုင်ငံ ဘဏ္ဍာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုအတွက် ငွေကြေးနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများ ပေးအပ်ရေးနှင့် အထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံမှုများတွင် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းတို့ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

၆၆ ကေဗွီ ဂန့်ဂေါ-ဟားခါး ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးအနောက်မြောက်ဘက် ကလေး-တမူးဒေသ လျှပ်စစ်ဓာတ်အားရရှိရေး နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ဝေယံ

စစ်ကိုင်းတိုင်းဒေသကြီး ကလေး၊ တမူးဒေသသည် အိန္ဒိယနိုင်ငံနှင့် နယ်မြေချင်းထိစပ်နေသော နယ်စပ်မြို့များဖြစ်ပြီး ဒေသတွင် ချင်း၊ ဗမာ၊ ဂေါ်ရခါး လူမျိုးများနေထိုင်ကြသည်။ လူဦးရေ ၅၄၇၉၆၀၊ အိမ်ထောင်စု ၉၆၆၃၀ ရှိပြီး အများစုသည် စိုက်ပျိုးရေးလုပ်ငန်း၊ နယ်စပ်ဒေသ ကုန်သွယ်မှုလုပ်ငန်းဖြစ်သည့် ချည်ထည်၊ အဝတ်အထည်နှင့် စားသောက်ကုန်ပစ္စည်းများရောင်းဝယ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သည်။

ကလေးမြို့နှင့်တမူးမြို့သည် လွတ်လပ်ရေးရပြီးခါစ ၁၉၅၆ ခုနှစ်မှစ၍ မီးစက်များဖြင့် ဓာတ်အားဖြန့်ဖြူးမှုကို ဆောင်ရွက်ခဲ့ရသော ဒေသဖြစ်သည်။ ယင်းကာလက အိမ်ထောင်စုဦးရေ နည်းပါးခြင်းကြောင့် ဓာတ်အားဖြန့်ဖြူးမှု ပြည့်ဝစွာဖြန့်ဖြူးဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုအခါ မြို့များ၏ ဧရိယာကျယ်ပြန့်လာမှု၊ အိမ်ထောင်စုဦးရေ တိုးတက်လာမှုတို့ကြောင့် မီးစက်များနှင့် ဓာတ်အားလိုင်းများ တိုးချဲ့ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ခြင်းမရှိတော့သည့်အတွက် ဓာတ်အားမရရှိသေးသော ရပ်ကွက်များ၊ အိမ်ထောင်စုများ ကျန်ရှိလျက်ရှိသည်။

၁၉၉၆ ခုနှစ်တွင် ကလေးမြို့၌ ဇီးချောင်းအသေးစား ရေအားလျှပ်စစ်စက်ရုံရှိ ၆၃၀ ကီလိုဝပ် ရေအားစက်နှစ်လုံးကို တည်ဆောက်ပြီး ၅၀၀ ကေဗွီအေ မီးစက်တစ်လုံး၊ ၃၀၀ ကေဗွီအေမီးစက်တစ်လုံးတို့ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေပါသည်။ ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားအပြည့်အဝ ထုတ်ပေးနိုင်သော ဇူလိုင်လမှ ဖေဖော်ဝါရီလအတွင်း ကလေးမြို့ရှိ ရပ်ကွက် ၁၅ ခု၊ မီးသုံးစွဲသူ ၄၁၂၂ ဦးကို တစ်ရက်လျှင် လေးနာရီနှင့် သုံးညခြား တစ်ည မိုးလင်းအထိ ဓာတ်အားပေးနိုင်သော်လည်း နွေရာသီတွင် ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားထုတ်လုပ်မှုနည်းသော အချိန်များတွင် တစ်ရက် တစ်နာရီခန့်နှင့် ငါးညခြား တစ်ည မိုးလင်း အလှည့်ကျသာဓာတ်အားပေးနိုင်သည်။

နိုင်ငံတော်က တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဖွံ့ဖြိုးမှုနောက်ကျနေသော ဒေသများတွင် ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ လမ်းတံတားများ တည်ဆောက်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး စသည့် ဘက်ပေါင်းစုံ လုပ်ငန်းများတွင် ဆောင်ရွက်ပေးလျက်ရှိရာ ကလေး၊ တမူးဒေသလည်းအပါအဝင်ဖြစ်သည်။ တမူးမြို့ကို ၅၀၀ ကေဗွီအေ မီးစက်တစ်လုံး၊ ၃၀၀ ကေဗွီအေ မီးစက်တစ်လုံးဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနက စက်သုံးဆီဖြင့် နှစ်နာရီ၊ မြို့မီးလင်းရေးကော်မတီအစီအစဉ်ဖြင့် တစ်နာရီခွဲ စုစုပေါင်း သုံးနာရီခွဲ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

HAN Golf Masters Pte.,Ltd. မှ နာမည်ကြီး Golf Brands
ပစ္စည်းအစစ်အမှန်များကို တရားဝင်ကိုယ်စားလှယ်အဖြစ်တင်သွင်းပြီးမြန်မာတစ်နိုင်ငံလုံးသို့ လက်လီ/လက်ကားဖြန့်ဖြူးရောင်းချပေးနေပါသည်။
HAN Golf Masters
PING | SRIXON | XXIO | Titleist | FootJoy | Callaway | ODYSSEY
ဆက်သွယ်ဝယ်ယူလိုပါက - ရန်ကုန် 09 731 30562, 09 730 41807. မန္တလေး 09 20 17639, 09 1000 125.

ကြေးမုံစာတည်းရှုထောင့် ၁၅-၈-၂၀၁၄၊ သောကြာနေ့

သစ်ပင်ချစ်လေးများ၏ ဘေးမဲ့တောလေးများ

ခရမ်းလွန်ရောင်ခြည်အောက်မှ ပူပြင်းလွန်းသော နွေရက်ရှည်များကို ပင်ပန်းနွမ်းနယ်စွာ ဖြတ်သန်းလာခဲ့ပြီး ဝန်းကျင်လောကသည် အေးမြသော မိုးရေစက်များအောက်တွင် လှုပ်ရှားတက်ကြွရှိနေသည်။

ပပ်ကြားကွဲအက် လယ်ကွင်းများ၊ ခြောက်သယောင်းထ သစ်တော၊ သစ်ပင်များ ပူပြင်းသော နေရောင်ခြည်တို့ကို ခံစားဖြတ်သန်းခဲ့ပြီးနောက် ယခု မိုးဦးလေနှင့်အတူ သဲသဲမဲမဲရွာသွန်းသော မိုးများကြောင့် လယ်ကွင်းဆိုလည်း မိုးရေတက်ရေတဖွေးဖွေးနှင့်၊ သစ်တောများလည်း ရွက်နုတဝေဝေနှင့် မြစိမ်းကမ္ဗလာ လွှမ်းခြုံထားသည့်အလား အရာအားလုံး စိမ်းစိုလန်းဆန်း အားမာန်အပြည့်ဖြင့် လောကကို အလှဆင်လာနေပြီ။

စိတ်မနောလှသည့် တာဝန်သိပြည်သူများသည်လည်း မိုးဦးရာသီအချိန်မီ သစ်ပင်စိုက်ပျိုး ဝန်းကျင်အလှတိုးအောင် ဆောင်ရွက်လာနေကြသည်။ လူတစ်ဦးတစ်ယောက်မှသည် အစုအဖွဲ့အလိုက်၊ ဝါသနာတူအသင်းအဖွဲ့အလိုက် အင်တိုက်အားတိုက်ရှိနေကြသည်။ သစ်တစ်ပင်၏ တန်ဖိုးကို အလေးအနက်ထားသိထားကြသူများက သစ်တော၊ သစ်ပင်များကို ချစ်ခင်ယုယစွာဖြင့် ပြုစုပျိုးထောင်ပေးနေကြသည်မှာ မိုးဦးကာလ၏ မေ့မရနိုင်သော အလှမြင်ကွင်းများပင်ဖြစ်ပါသည်။

အနာဂတ်သစ်တော၊ သစ်ပင်များကို ပြုစုစောင့်ရှောက်ပေးနိုင်စွမ်းသည့် ထူးခြားသော လုပ်ဆောင်ချက်တစ်ခုမှာ နှစ်စဉ် ဇူလိုင်လ တနင်္ဂနွေ တစ်ရက်ကို သစ်ပင်စိုက်ပျိုးနေ့အဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံးရှိ စာသင်ကျောင်းများတွင် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပပေးနေခြင်းပင်ဖြစ်သည်။ ဤသို့ဖြင့် မိမိတို့နိုင်ငံတွင် သဘာဝဘေးမဲ့တောပေါင်း ငါးသောင်းကျော် ဖြစ်တည်လာခဲ့သည်။ အကြောင်းမူ တစ်နိုင်ငံလုံးရှိ အခြေခံအဆင့်မြင့်ပညာကျောင်းပေါင်း ငါးသောင်းကျော်ရှိနေ၍ ဖြစ်ပါသည်။ ကျောင်းတစ်ကျောင်း၊ သစ်တောတစ်တောဖြစ်နေသည်ကို ရန်ကုန်မြို့ပေါ်ရှိ အခြေခံပညာကျောင်းတချို့မှအပ ဥက္ကလာပ၊ သာကေတ၊ မြို့သစ် ကျောင်းများတွင် မြင်တွေ့နိုင်ပါသည်။

တက္ကသိုလ်များဆိုလျှင်လည်း သမိုင်းအစဉ်အလာနှင့်၊ ရန်ကုန်တက္ကသိုလ်နယ်မြေသည် နမူနာပြအကောင်းဆုံးသော သဘာဝဘေးမဲ့တောတစ်တောပင် ဖြစ်ပါသည်။ နွေရာသီ၌ ရှားရှားပါးပါး ဥသြသံကို ဤတက္ကသိုလ်နယ်မြေတွင် ကြားနေရသည်။ ကျောင်းနယ်မြေ ခြေချလိုက်သည်နှင့် ရှဉ့်ကလေးများက ပြုံတစ်ပြုံတစ်နှင့် ဆီးကြိုနေတတ်သည်။ ကျေးငှက်သံစုံတို့မှာ သံစုံတီးဝိုင်းအလား တက္ကသိုလ်မြေမှာ နားသောတဆင်နိုင်ပါသည်။

မိမိတို့နိုင်ငံတွင် သဘာဝတောများ၊ သစ်တောကြိုးဝိုင်းများ၊ ဒီရေတောများသည် သစ်အလွန်အကျွံထုတ်ယူမှု၊ သစ်တောကြိုးဝိုင်းများမှာ ရွှေ၊ သတ္တုစသည့် တူးဖော်မှု၊ ဆီအုန်း၊ ရော်ဘာစိုက်ခင်းများကြောင့် သစ်တောကြီးများ ပြုန်းတီးခဲ့မှုအပြင် သဘာဝမုန်တိုင်းနှင့် တောမီးများကြောင့်လည်း သစ်တောပြုန်းတီးမှု အများဆုံးဖြစ်ခဲ့ရကြောင်း သိရသည်။

ယခုဆိုလျှင် တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းဧရိယာကို FRA Accessment အရ ၄၇ ရာခိုင်နှုန်းသာကျန်ရှိတော့ကြောင်း၊ ယင်းမှာ ရွက်ပိတ်တော ၂၀ ရာခိုင်နှုန်းနှင့် ရွက်အုပ်ပွင့်တော ၂၇ ရာခိုင်နှုန်းဖြစ်ကြောင်း စာရင်းတိကျစွာ သိရသည်။ ဖော်ပြပါသစ်တောပြုန်းတီးမှုအကြောင်းရင်းများမှ လွတ်ကင်းနေသောနေရာများမှာ မိမိတို့နိုင်ငံတွင် သဘာဝဘေးမဲ့တော၊ ကျောင်းနယ်မြေ များဖြစ်နေပါသည်။ သဘာဝဘေးအန္တရာယ်မှာလည်း မုန်တိုင်းတစ်ခုမှအပ အခြားအန္တရာယ်များ ဝင်ရောက်မဖျက်ဆီးနိုင်အောင် ဒေသအဝန်းအဝိုင်းအဖြစ် ကျောင်းသား ကျောင်းသူလေးများက ကာကွယ်မှုပေးထားကြသည်၊ ပြုစုစောင့်ရှောက်မှုပေးထားကြသည်။ နှစ်စဉ်နှစ်တိုင်းလည်း တိုးပွားစိုက်ပျိုးပေးလျက် ဘေးမဲ့တောလေးများကို ပို၍စည်ကားအောင် ဆောင်ရွက်ပေးနေကြသည်။

တစ်နိုင်ငံလုံးကျောင်းများရှိ ကျောင်းသား ကျောင်းသူလေးများ၏ သစ်ပင်ချစ်စိတ်နှင့် သစ်ပင်စိုက်ပျိုးပြုစုနေမှုသည် တစ်ကျောင်းလုံးကို သစ်တောလေးများအဖြစ် ဖန်တီးပေးလာရုံမျှမက အနာဂတ်တွင် နိုင်ငံအဝှမ်းသစ်တောများဖြင့် ဖုံးလွှမ်းဝေစည်လာအောင် ဤကလေးများ၏ သစ်ပင်ချစ်စိတ်က ပံ့ပိုးပေးသွားပါလိမ့်မည်။

ထိုအချိန် တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းဧရိယာသည် လက်ရှိ ၄၇ ရာခိုင်နှုန်းမှ ၇၄ ရာခိုင်နှုန်းမက မြင့်တက်လာနိုင်ပါကြောင်း။ ။

တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ်များဆွေးနွေးပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများတတိယအဆင့် (Third Wave) အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များသည် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးတွင် အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ပေးရမည့်တာဝန်နှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် လိုအပ်ချက်များအား ဦးစားပေး ဖြည့်ဆည်းပေးရမည့် တာဝန်များကို နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များနှင့်အညီ မိမိဝန်ကြီးဌာနအနေဖြင့် ကျရာအခန်းကဏ္ဍအလိုက် အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ အထူးအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသော အကြီးအကဲမှအစ အောက်အဆင့်အထိ တာဝန်သိမှု၊ တာဝန်ယူမှုနှင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲမှုများရှိဖို့ လိုအပ်ပါကြောင်း၊ တာဝန်သိမှုသည် မိမိဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များဖြစ်သည့် လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အောင်မြင်အောင် စွမ်းဆောင်နိုင်မှု၊ မိမိတို့၏ လုပ်ငန်းစဉ်များအောင်မြင်ရမည်ဆိုသည့် အသိစိတ်ဓာတ်၊ ထိုအသိစိတ်ဓာတ်ဖြင့် မှန်မှန်ကန်ကန်ဆောင်ရွက်မှ စိတ်ဓာတ်မှန်ကန်ပြီး တာဝန်ကျေကာ ပြည်သူကို အကျိုးပြုနိုင်သည့် အခြေခံကောင်းသောလုပ်ငန်း ဖြစ်လာမည်ဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းဖြစ်စေ၊ ဌာနအလိုက်ဖြစ်စေ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပြီး ဌာနအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲခြင်းသည် လုပ်ငန်းဆောင်တာများ လျင်မြန်ချောမွေ့အောင်မြင်စေရန် ဝန်ထမ်းကောင်းစိတ်မွေးမြူပြီး လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်နှင့် တာဝန်ရှိသူများက ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်	ရွှေဈေး	၆၇၇၀၀၀	-	၆၇၇၈၀၀
မန္တလေး	ရွှေဈေး	၆၇၇၀၀၀	-	၆၇၇၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၂၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၁. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၂၉၇. ၁
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၇. ၈၁
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၄၁၀
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၅. ၁၁
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၉၇
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၄၆. ၈၆
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၄. ၃၇၃
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၀၂. ၂၅
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၇. ၇၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၁၄

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဩဂုတ် ၁၃ ရက်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၌ ပြုလုပ်သော နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ် အကောင်အထည်ဖော်သွားရန် အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ရာတွင် သဘောထားအမြင်များ မှန်ကန်မှု၊ စွမ်းဆောင်ရည်များမြင့်မားမှု၊ လုပ်ထုံးလုပ်နည်းများ စနစ်တကျ မှန်ကန်မှုရှိမှသာလျှင် ထိရောက်အကျိုးရှိမည် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းတိုင်းတွင် ကိုယ်ပိုင်အရည်အချင်း၊ အရည်အသွေးနှင့် စွမ်းဆောင်ရည်များ မြင့်မားနေရန် လိုအပ်ပါကြောင်း။

ဌာနမှူးများ၊ ဆရာ ဆရာမများအနေဖြင့် လက်တွေ့ကျသော ပြည်သူအကျိုးပြုနိုင်မည့် သုတေသနလုပ်ငန်းများ လုပ်ဆောင်သွားကြရန်၊ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးများ ဖြစ်ပေါ်လာစေရန်၊ နိုင်ငံတကာအဆင့်မီပညာရပ်များအား စာတွေ့၊ လက်တွေ့ သင်ကြားပေးရန်၊ သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးမာတိကာများတွင် ပြဌာန်းထားသည်များနှင့်အညီ တိကျစွာ လေ့ကျင့်သင်ကြားပေးကြရန် လိုအပ်ပါကြောင်း၊ သင်ကြားမှု၊ သင်ယူမှုများတွင် သတင်းအချက်အလက်နည်းပညာကို အကျိုးရှိထိရောက်စွာ အသုံးပြုကြရန်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ ကျူရှင်တက်ရန်မလိုအောင် အတန်းထဲတွင် သေချာစွာ သင်ကြားပေးကြရန် ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအား ဘာသာရပ်များကို လေ့လာသင်ယူရာတွင် အာရုံစူးစိုက်ကြရန်နှင့် အချိန်ကို စနစ်တကျ စီမံခန့်ခွဲပြီး လေ့လာကြရန်နှင့် နိုင်ငံ့သားကောင်းများ ဖြစ်စေရေး သွန်သင်ဆုံးမပေးကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဘရွှေက ဝန်ကြီးဌာန၏ ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပညာရှင်များက စီမံခန့်ခွဲရေးဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းဆိုင်ရာများနှင့် ဝန်ထမ်းရေးရာဆိုင်ရာများနှင့် ပတ်သက်၍ ဟောပြောပို့ချသွားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

ပဉ္စမအကြိမ် e-Government လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်လမ်းညွှန်မှာကြားချက်အရ e-Government စနစ်များ ထိရောက်အောင်မြင်စွာ အသုံးပြုနိုင်ရေးအတွက် e-Government လုပ်ငန်း လ ၂၀ စီမံကိန်း သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအသီးသီးရှိ e-Government စနစ်နှင့် ပတ်သက်သည့် တိုက်ရိုက်တာဝန်ရှိသူအားလုံးက e-Government စနစ်အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှသာလျှင် အောင်မြင်လာမည်ဖြစ်ပါကြောင်း ဩဂုတ် ၁၃ ရက်တွင် နေပြည်တော်ရှိ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် ပဉ္စမအကြိမ် e-Government လုပ်ငန်းလ ၂၀ စီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသောင်းတင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ဝန်ကြီးဌာန အသီးသီးမှ e-Government နှင့် ပတ်သက်သည့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဝန်ကြီးဌာနအသီးသီး အချိန်သတ်မှတ်ရေးဆွဲ၍ e-Government စနစ်နှင့်ပါဝင်ပတ်သက်သူဝန်ထမ်းများအားလုံး မိမိကဏ္ဍအလိုက် ဝိုင်းဝန်းဆောင်ရွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးမှ တာဝန်ရှိသူများက ဝန်ကြီးဌာန အသီးသီးသို့ e-Government စနစ်နှင့်ပတ်သက်၍ လုပ်ဆောင်ချက်နှင့် တိုးတက်မှုများအား လိုက်လံအကဲဖြတ် ကြပ်မတ်စစ်ဆေးသွားမည်ဖြစ်ပြီး အားသာချက်၊ အားနည်းချက်၊ ကွာဟချက်များအလိုက် ဆက်လက်ဆောင်ရွက်ရမည့် လိုအပ်ချက်များ၊ ဖြည့်ဆည်းမှုများ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နည်းပညာပိုင်းနှင့်ပတ်သက်ပြီး ကျွမ်းကျင်စွာ အသုံးပြုတတ်နိုင်ရန်အတွက် လိုအပ်မည့် လေ့ကျင့်သင်ကြားမှုများ၊ အတွေ့အခေါ်နှင့် လုပ်ဆောင်ချက်များ၊ နည်းပညာများ၊ လိုအပ်သည့်ပစ္စည်းများ၊ Data နှင့် Software များ ပံ့ပိုးလေ့ကျင့်ပေးသွားမည်ဖြစ်ပါကြောင်း။

သတ်မှတ်ချိန်ကာလအတွင်း အောင်မြင်ရန်အတွက် ဝန်ကြီးဌာနအားလုံးက e-Government စနစ်နှင့် ပါဝင်ပတ်သက်သည့် လက်တွေ့တတ်သိနားလည်ဆွေးနွေးပြီး ဆုံးဖြတ်နိုင်သည့် ဝန်ထမ်းများ တက်ရောက်အကြံပြုဆွေးနွေးဆုံးဖြတ်၍ ဝန်ကြီးဌာနအားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမှသာလျှင် ရည်မှန်းထားသည့် ကာလအတွင်း e-Government စနစ် တိုးတက်အောင်မြင်စွာ အသုံးပြုလာနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦးက e-Government လုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များ၊ တိုးတက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းအစီအမံများကို တင်ပြဆွေးနွေးပြီး မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက အဖွဲ့များဖွဲ့၍ ကဏ္ဍအလိုက် တိုးတက်မှုများ၊ လုပ်ဆောင်ချက်များ၊ အားသာချက် အားနည်းချက်များကို အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေး တတိယအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

မြန်မာ- အိန္ဒိယနယ်စပ်ကုန်သွယ်ရေးကော်မတီ၏ တတိယအကြိမ် အစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ဩဂုတ် ၁၄ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တမူး- ကလေး- ကလေးဝ ကုန်သည်ကြီးများအသင်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် တင်ပို့နိုင်မည့်အမယ်စာရင်းတိုးချဲ့ရေး၊ နှစ်နိုင်ငံ ဘဏ်လုပ်ငန်းအစီအစဉ်များ၊ လူဝင်/လူထွက်ဆိုင်ရာ ကိစ္စရပ်များစသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ ဥပဒေပြဋ္ဌာန်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

မြန်မာသီလဝါအက်(စ်) အီးဇက် ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ ဥပဒေပြဋ္ဌာန်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် သဘာပတိ ဦးဝင်းအောင်က ဥပဒေပြဋ္ဌာန်းအစည်းအဝေးသည် အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ တွေ့ဆုံမိတ်ဆက်ပြီး ယုံကြည်မှုတည်ဆောက်သည့် အစည်းအဝေးဖြစ်ကြောင်း၊ မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်ကို အများပိုင်ကုမ္ပဏီ ကိုးခုဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၁၃ ခုနှစ် မေ ၃ ရက် နေ့စွဲဖြင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် တည်ထောင်ခွင့်ရရှိခဲ့ကြောင်း၊ ကနဦးမတည်တည်ထောင်သူ ကုမ္ပဏီကိုးခုမှာ FMI, GLAD, MAPCO, MAGDOPL, MEICO, MSD, MTI, NDGOG နှင့် NEW CITY တို့ဖြစ်ကြောင်း၊ ကုမ္ပဏီ၏ ကနဦးမတည်ရင်းနှီးငွေမှာ ကျပ် ၅၀၀ ဘီလီယံရှိပြီး အစုရှယ်ယာပေါင်း သန်း ၅၀ အဖြစ် ခွဲထားကြောင်း၊ ကနဦးမတည်ရင်းနှီးငွေကို မူလကမကထပြုသူကုမ္ပဏီကိုးခုက ၄၅ ရာခိုင်နှုန်း ထည့်ဝင်ရန်နှင့် အများပြည်သူအစုရှင်များက ၅၅ ရာခိုင်နှုန်းထည့်ဝင်ရန် သတ်မှတ်ထားကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ်လီမိတက်သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော အစုရှယ်ယာဝင် အများဆုံးပါဝင်သည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ အထူးစီးပွားရေးဇုန်ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ အထူးစီးပွားရေးဇုန် တည်ထောင်ရာတွင် အစုရှယ်ယာရှင်အများဆုံးဖြင့် ဖွဲ့စည်းထားသည့် အများပိုင်ကုမ္ပဏီဖြစ်သည့်အတွက် နိုင်ငံတကာမြေဈေးများနှင့် နှိုင်းယှဉ်ပြီး ပြုလုပ်ထားကြောင်း၊ အထူးစီးပွားရေးဇုန်အတွင်း နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ရေဆိုးသန့်စင်စက်များ တပ်ဆင်ထားပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ဆောင်ရွက်ထားကြောင်း၊ စီးပွားရေးဇုန်အား နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ကျင့်သုံးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Win Consulting Limited ဥက္ကဋ္ဌ ဦးဝင်းသင်က ဥပဒေပြဋ္ဌာန်းအစည်းအဝေးကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကုမ္ပဏီဒါရိုက်တာ ဦးသိန်းဟန်က ကုမ္ပဏီ၏ ဥပဒေပြဋ္ဌာန်းအစီရင်ခံစာကို ဖတ်ကြားတင်ပြခဲ့သည်။

(သတင်းစဉ်)

စတင်လည်ပတ်နေသည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံကို တွေ့ရစဉ်။

တရုတ်တည်ဆောက်ပေးသော ရေအားလျှပ်စစ်စက်ရုံ ကမ္ဘောဒီးယား ကိုကောင်းပြည်နယ်၌ စတင်လည်ပတ်ပြီ

ဖနောင်ပင် ဩဂုတ် ၁၄

ကမ္ဘောဒီးယားနိုင်ငံ အနောက်တောင်ပိုင်း ကိုကောင်းပြည်နယ်၌ တရုတ်နိုင်ငံက တည်ဆောက်ပေးခဲ့သော ရေအားလျှပ်စစ်စက်ရုံ တစ်ရုံသည် လျှပ်စစ်ဓာတ်အားစတင်ထုတ်လုပ်ပြီဖြစ်ကြောင်း တရုတ်အကြီးစားစက်မှုကော်ပိုရေးရှင်းက ဩဂုတ် ၁၄ ရက်တွင် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

တာတေးမြစ် ရေအားလျှပ်စစ်စက်ရုံကို လေးနှစ်ကြာတည်ဆောက်ခဲ့သည်။ ယင်းစက်ရုံ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဂျင်နရေတာ သုံးလုံးရှိပြီး တစ်လုံးလျှင် ၈၂ မဂ္ဂါဝပ်ထုတ်လုပ်နိုင်စွမ်းရှိကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်နိုင်ခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံ၌ လျှပ်စစ်ဓာတ်အားချို့တဲ့မှုကို လျှော့ချနိုင်မည်ဖြစ်ပြီး စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုကြောင်း တရုတ်အကြီးစားစက်မှုကော်ပိုရေးရှင်းဥက္ကဋ္ဌ လူဝေကျန်းက ပြောကြားသည်။

ရေအားလျှပ်စစ်ထုတ်လုပ်ရေး ဆည်တည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ သန်း ၅၄၀ ကို အဆိုပါ ကုမ္ပဏီက ရင်းနှီးမြှုပ်နှံခဲ့သည်။ ၄၂ နှစ်သက်တမ်းရှိ ဘီအိုတီစနစ်ဖြင့် လုပ်ကိုင်ခြင်းဖြစ်ပြီး ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို ကမ္ဘောဒီးယားနိုင်ငံပိုင် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းသို့ ရောင်းချပေးမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၌ ရေအားလျှပ်စစ် ထုတ်လုပ်ရေးစီမံကိန်းများအတွက် အများဆုံးရင်းနှီးမြှုပ်နှံနေသော နိုင်ငံဖြစ်သည်။ **ဆင်ဟွာ။**

ဘရာဇီး သမ္မတလောင်း လေယာဉ်ပျက်ကျမှုကြောင့် သေဆုံး

ဘရာဆီလီယာ ဩဂုတ် ၁၄

ဘရာဇီးနိုင်ငံ၌ သမ္မတလောင်းတစ်ဦးဖြစ်သူ အပ်ဒွာဒိုကမ်ပို့စ်သည် ဩဂုတ် ၁၃ရက်က လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် ဒေသဆိုင်ရာ ဘဏ္ဍာရေးဈေးကွက်များ၌ လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ကမ်ပို့စ်နှင့် ၎င်း၏လက်ထောက်များ လိုက်ပါလာသော ပုဂ္ဂလိက ဂျက်လေယာဉ်တစ်စင်းသည် လူနေဒေသတစ်ခုပေါ်သို့ ပျက်ကျခဲ့သည်။ ရာသီဥတုဆိုးရွားမှုကြောင့် လေယာဉ်ပျက်ကျရခြင်း ဖြစ်ကြောင်း ဆော်ပေါ်လိုပြည်နယ် မီးသတ်ဌာနက ပြောကြားသည်။ ပင်လယ်ကမ်းရိုးတန်းဒေသရှိ မြို့ကြီး တစ်မြို့ဖြစ်သော ဆန်တို့စ်မြို့၌ လေယာဉ်ဆင်းသက်ရန် ရှိနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပေါ်လိုက်ပါလာသူ ခုနစ်ဦးစလုံး သေဆုံးခဲ့ရကြောင်း မီးသတ်ဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အောက်တိုဘာလ၌ ကျင်းပမည့် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ရှိနေသော ကမ်ပို့စ်သည် သမ္မတလောင်းများအနက် တတိယရေပန်းအစားဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ အသက် (၄၉)နှစ်ရှိ ကမ်ပို့စ်သည် ရွေးကောက်ပွဲ၌ အောင်နိုင်ဖွယ်မရှိဟု ယူဆရသော်လည်း ဘရာဇီးနိုင်ငံ၏ အသက်အငယ်ဆုံးနိုင်ငံရေး ကြယ်တစ်ပွင့်အဖြစ် ပြည်သူများက သိရှိကြသည်။ ကမ်ပို့စ်ရုတ်တရက်ကွယ်လွန်သွားခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ ဂယက်ရိုက်ခတ်မှု ဖြစ်ပေါ်ခဲ့သည်။

ကမ်ပို့စ်ကွယ်လွန်ခြင်း၏ အကျိုးဆက်တစ်ရပ်အဖြစ် သမ္မတ ဒိုင်လ်မာရူဆက်ဖ်အနေဖြင့် ဒုတိယမြောက်ရာထူးသက်တမ်းကို ဆက်လက်ရယူရန် ပိုမိုခက်ခဲသွားနိုင်ကြောင်း၊ အထူးသဖြင့် ၎င်း၏ ရွေးကောက်ပွဲမိတ်ဖက် မာရီနာဆေးလ်ဗားက ပါဝင်ယှဉ်ပြိုင်မည်ဆိုပါ က သမ္မတမှာပိုမိုခက်ခဲစွာ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

ထင်ပေါ်ကျော်ကြားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီ တစ်ဦးဖြစ်သူ ဆေးလ်ဗားသည် ကမ်ပို့စ်ထက် ပိုမိုထင်ပေါ်ကျော်ကြားသူဖြစ်သည်။ လက်ဝဲဝါဒီများနှင့် လူငယ်မဲဆန္ဒရှင်များ၏ ထောက်ခံမှုကို ၎င်းရရှိနိုင်ကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။ **ရိုက်တာ။**

အိန္ဒိယနိုင်ငံမှ အဒါနီကျောက်မီးသွေး ထုတ်လုပ်ရေးကုမ္ပဏီ၏ စီမံကိန်းလုပ်ငန်းခွင် တစ်နေရာကို တွေ့ရစဉ်။

ကျောက်မီးသွေးတူးဖော်ရေး စီမံကိန်းအတွက် ကွင်းစလန်ပြည်နယ်၌ ရထားလမ်းဖောက်မည်

မဲလ်ဘုန်း ဩဂုတ် ၁၄

ဩစတြေးလျနိုင်ငံ၌ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ရေး စီမံကိန်းတစ်ရပ် အကောင်အထည်ဖော်နိုင်ရေး အတွက် ရထားလမ်းတစ်လမ်းဖောက်လုပ်ရန် ကွင်းစလန်ပြည်နယ်အစိုးရအဖွဲ့က အိန္ဒိယနိုင်ငံမှ အဒါနီသတ္တုတွင်း လုပ်ငန်းကုမ္ပဏီကို ခွင့်ပြုပေးလိုက်ကြောင်း ဩဂုတ် ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ပိုင်းဂါလီလီချိုင့်ဝှမ်းရထားလမ်း စီမံကိန်းကို ဩစတြေးလျဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ(အမေရိကန် ဒေါ်လာ ၂ဘီလီယံ) အကုန်အကျခံကာ အကောင်အထည်ဖော်မည်ဖြစ်ပြီး ကာမီချာရဲလ်မိုင်းတွင်းနှင့် အခြားအလားအလာကောင်းမွန်သော မိုင်းတွင်းများ ဆက်သွယ်နိုင်ရန် ကီလိုမီတာ ၃၀၀ (၁၈၆မိုင်) အရှည်ရှိ ရထားလမ်းကို ဖောက်လုပ်ရမည်ဖြစ်သည်။

လက်ရှိ ကျောက်မီးသွေးထုတ်လုပ်ရေးစီမံကိန်းအရ အဒါနီသတ္တုတွင်း လုပ်ငန်းကုမ္ပဏီအနေဖြင့် အမြတ်ရရှိဦးမည် မဟုတ်ကြောင်း၊ ထုတ်လုပ်ရရှိသော ကျောက်မီးသွေးကို အိန္ဒိယနိုင်ငံရှိ လျှပ်စစ်ဓာတ်အားစက်ရုံများသို့ ရောင်းချရန် စီစဉ်ထားကြောင်း ကုမ္ပဏီ၏ သတင်းကြေညာချက်တွင် ဖော်ပြသည်။ **ရိုက်တာ။**

ရုရှားမော်တော်ယာဉ်တန်းကြီး ယူကရိန်းသို့ ဆက်လက်ထွက်ခွာ

ကီယက်ဗ် ဩဂုတ် ၁၄

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း ရုရှားလိုလားသော ခွဲထွက်ရေးသမားများ ထိန်းချုပ်ထားသည့် ဒေသ၌ နေထိုင်သူများအတွက် လူသားချင်း စာနာထောက်ထားသော အကူအညီများ သယ်ဆောင်လာသည့် ထရပ်ကား ၃၀၀ နီးပါးရှိ ရုရှားမော်တော်ယာဉ်တန်းကြီးသည် ယူကရိန်းနိုင်ငံ အရှေ့ပိုင်းသို့ စတင်ထွက်ခွာလာပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

၎င်းယာဉ်တန်းသည် ရုရှားနိုင်ငံ၊ ဗိုရိုနက်(ဇ်)မြို့ရှိ စစ်စခန်းတစ်ခုမှ အရုဏ်မတက်မီ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်ဟု နယူးယောက်တိုင်း(မ်)သတင်းစာက ဖော်ပြသည်။

ယူကရိန်းအစိုးရနှင့် အနောက်အုပ်စုတာဝန်ရှိသူများက ရုရှားသည် ယူကရိန်းကို ကျူးကျော်ရန်အတွက် အကာအကွယ် ယူလာခြင်းဖြစ်သည်ဟု သံသယရှိကြောင်း ပြောဆိုသံများ ထွက်လာသည့်အတွက် ၎င်းယာဉ်တန်းတို့သည် တစ်ရက်ရပ်တန့်သွားခဲ့သည်။

သို့သော် ယခုအခါတွင် ယူကရိန်းနိုင်ငံတွင်းသို့ ဝင်ခွင့်ပြုမည့် ဟန်ရှိသည်။ ယူကရိန်းသမ္မတ ပီထရိုပိုရိုရှင်ကိုက ထရပ်ကားများသည် ယူကရိန်းနှင့် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ တာဝန်ရှိသူများက စစ်ဆေးပြီးနောက် နယ်စပ်ကို ဖြတ်ကျော်နိုင်မည်ဟု ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။ **ရိုက်တာ။**

အီရတ်တွင် အမြင့်ဆုံး အရေးပေါ်အခြေအနေ ကုလသမဂ္ဂကြေညာ

နယူးယောက် ဩဂုတ် ၁၄

အီရတ်နိုင်ငံတွင် အစ္စလာမ့်စ်နိုင်ငံ စစ်သွေးကြွများသည် နိုင်ငံမြောက်ပိုင်းသို့ အလျင်အမြန်ချီတက်ကြပြီးနောက် ဒုက္ခသည်ပြဿနာများ ပေါ်ပေါက်သည့်အတွက် ကုလသမဂ္ဂက ယင်းနိုင်ငံတွင် အမြင့်ဆုံး အရေးပေါ်အခြေအနေ ကြေညာလိုက်ကြောင်း ယနေ့ ဘီဘီစီက ကြေညာသည်။

ဒုက္ခသည် ၁၅၀၀၀၀ ရှိသည့် ဒိုဟတ်မြို့တော်တွင်းမှ အခြေအနေမှာ ယခုအခါ သေရေးရှင်ရေး ဖြစ်နေသည်။

အီရတ်ပြည်သူ ၁ဒသမ ၂သန်းမှာ ၎င်းတို့၏ နေအိမ်များမှ စွန့်ခွာသွားခဲ့ကြသည်ဟု ကုလသမဂ္ဂက ခန့်မှန်းသည်။

အရေးပေါ် အခြေအနေကြေညာခဲ့သော အခြားနိုင်ငံများမှာ ဆီးရီးယား၊ တောင်ဆူဒန်နှင့် ဗဟိုအာဖရိက သမ္မတ နိုင်ငံတို့ဖြစ်သည်။

ကုလသမဂ္ဂ၏ အဆင့် "၃" အရေးပေါ်အခြေအနေကြေညာခြင်းသည် အကြောက်တရားဖြင့် ထွက်ပြေးလာကြသော ဒုက္ခသည်များကို ကုန်ပစ္စည်းများ၊ရန်ပုံငွေများနှင့် ယာယီအဆောက်အအုံများ ထိရောက်စွာ ကူညီနိုင်ရေးအတွက် ကုလသမဂ္ဂက ဆော်ဩစည်းရုံးလုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ အထူးကိုယ်စားလှယ် နစ်ကိုလေမာလ်ဒီနော့ဗ်က ပြောသည်။ **ဘီဘီစီ။**

အီရတ်နိုင်ငံမြောက်ပိုင်း ဆင်ဂျားတောင်ပေါ်၌ ခိုလှုံနေကြရသော စစ်ပြေးဒုက္ခသည်များကို တွေ့ရစဉ်။

ပါကစ္စတန်တွင် အစိုးရအား ဆန့်ကျင်သူများ လာဟိုးမှ အစ္စလမ္မာဘတ်သို့ ချီတက်ဆန္ဒပြ

လာဟိုး ဩဂုတ် ၁၄

ပါကစ္စတန်အစိုးရအား ဆန့်ကျင်ဆန္ဒပြသူ ဦးရေထောင်နှင့်ချီပါဝင်သည့် မော်တော်ယာဉ်တန်းနှစ်ခုသည် ယင်းနိုင်ငံ၏ မြို့ကြီးတစ်မြို့ဖြစ်သော လာဟိုးမြို့မှ မြို့တော် အစ္စလမ္မာဘတ်သို့ ဩဂုတ် ၁၄ ရက်တွင် ဦးတည်ခရီးဆက်လာကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းဆန္ဒပြချီတက်သူများအား ပါကစ္စတန်အစိုးရအား ဆန့်ကျင်နေသည့် နိုင်ငံရေးသမားအမီယာခန်းနှင့် အစိုးရအားဆန့်ကျင်သူ တာဟီယူဂျ်ကွာဒါရီတို့က ဦးဆောင်ကြောင်းသတင်းတွင် ဖော်ပြသည်။ ၎င်းတို့အနေဖြင့် လက်ရှိအာဏာရဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ် နုတ်ထွက်ပေးရန် လိုလားနေပြီး အစိုးရအဖွဲ့ ပြောင်းလဲရန် ကြိုးပမ်းသွားမည်ဟုဆိုသည်။

ဆန္ဒပြသူများသည် လက်ရှိပါကစ္စတန်အစိုးရအဖွဲ့၏ စီးပွားရေးကျဆင်းမှု၊ စစ်ဘက်ဆိုင်ရာ လွှမ်းမိုးကြီးထွားမှုနှင့် စွမ်းအင်ထောက်ပံ့ရေးဆိုင်ရာ ကျဆင်းမှုများအပေါ် အမျက်ဒေါသထွက်နေခဲ့ကြသည်။ ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်သည် ယမန်နှစ် ရွေးကောက်ပွဲကာလ အတွင်းက ပေးအပ်ခဲ့သော ကတိကဝတ်များ အကောင်အထည်ဖော်မှု၌ အောင်မြင်ခြင်း မရှိဟု အတိုက်အခံများက စွပ်စွဲပြောကြားခဲ့သည်။

ပါကစ္စတန်အစိုးရအား ဆန့်ကျင်သူ နှစ်ဦးခေါင်းဆောင်သည့် ဆန္ဒပြသူများသည် မြို့တော် အစ္စလမ္မာဘတ်သို့ မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ ဂျစ်ကားများဖြင့် စီးနင်း ချီတက်ကြပြီး ၎င်းတို့၏ ခရီးစဉ်မှာ ကီလိုမီတာ ၃၅၀ (၂၁၈မိုင်)ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

မလေးရှားနိုင်ငံလေဆိပ်၌ ဖမ်းဆီးထိန်းသိမ်းခံရသူများအနက် အေးဂျင့်သုံးဦးအား ဩဂုတ် ၁၉ ရက်တွင် ရုံးထုတ်စစ်ဆေးမည်

ပြည်ဝင်ဗီဇာအတု ကိုင်ဆောင်သူများအနက် ၅၂ ဦးမှာ ပြစ်ဒဏ်တစ်နှစ်စီချမှတ်ခံရ

ပြည်ဝင်ဗီဇာအစစ်ဖြင့်ဝင်ရောက်ခဲ့သူနှင့် သက်ကြီးရွယ်အိုနှင့်ကလေးများ ဩဂုတ်လကုန်ခန့် မြန်မာနိုင်ငံပြန်ရောက်မည်

နေပြည်တော် ဩဂုတ် ၁၄

မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်တွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသား ၇၅ ဦးနှင့် ပတ်သက်၍ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ဩဂုတ် ၂ ရက်ထုတ် သတင်းစာများတွင်ဖော်ပြခဲ့ပြီးဖြစ်သည်။

ထပ်မံရရှိသော သတင်းများအရ ဖမ်းဆီးခံထားရသူ ၇၅ ဦးအနက် အေးဂျင့်တစ်ဦးနှင့် ကျန် ၆၀ တို့မှာ ပြည်ဝင်ဗီဇာအတုများဖြင့် ရောက်ရှိလာသူများဖြစ်ပြီး အေးဂျင့်နှစ်ဦးနှင့် ကျန် ၁၂ ဦးမှာ ပြည်ဝင်ဗီဇာအစစ်များဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ ဗီဇာအတုများကိုင်ဆောင်ထားသူ ၆၀ အနက် အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၁၆ ဦးတို့အား မလေးရှားလူဝင်မှုကြီးကြပ်ရေး ဥပဒေအရ ဩဂုတ် ၁၂ ရက်တွင် ပြစ်ဒဏ်တစ်နှစ်စီချမှတ်ခဲ့ကြောင်း၊ အဆိုပါ ပြစ်ဒဏ်နှင့်ပတ်သက်၍ အသနားခံစာတင်သွင်းလိုပါက ၁၄ ရက်အတွင်း တင်သွင်းနိုင်ကြောင်း သိရသည်။

ထို့ပြင် ဗီဇာအတုဖြင့် ဝင်ရောက်လာသူများအနက် ကျန်ရှစ်ဦးမှာ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များဖြစ်နေ၍ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမရှိကြောင်း၊ ပြည်ဝင်ဗီဇာအစစ်ဖြင့် ဝင်ရောက်ခဲ့သူ ၁၂ ဦးအား လက်ရှိတွင် လေဆိပ်အချုပ်၌ ထိန်းသိမ်းထားရှိပြီး အေးဂျင့်သုံးဦးအားရုံးထုတ်စစ်ဆေးသည့်အချိန်တွင် သက်သေအဖြစ် ထွက်ဆိုနိုင်ရန်အတွက် စီရင်ချက်ချမှတ်ပြီးသည်အထိ ထိန်းသိမ်းထားရှိမည်ဟု သိရှိရကြောင်း၊ ၎င်းတို့ ၁၂ ဦးနှင့် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမရှိသည့် ရှစ်ဦး စုစုပေါင်း ၂၀ တို့အား ဩဂုတ်လကုန်ပိုင်းခန့်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်မည်ဖြစ်သည်ဟုသိရှိရပြီး အေးဂျင့်သုံးဦးအား ဩဂုတ် ၁၉ ရက်တွင် ရုံးထုတ်စစ်ဆေးမည်ဟု သိရှိရသည်။

ပြစ်ဒဏ်တစ်နှစ်ချမှတ်ခံရသည့် မြန်မာနိုင်ငံသားများနှင့်ပတ်သက်ပြီး ဥပဒေနှင့်အညီသက်ညှာစွာ စဉ်းစားဆောင်ရွက်နိုင်ရေးအတွက် မလေးရှားနိုင်ငံအစိုးရနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းတို့ မလေးရှားနိုင်ငံ၌ရှိနေစဉ်ကာလအတွင်း မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံသားများအား တရားမဝင်ပို့ဆောင်ပေးခဲ့သည့် ပြည်တွင်းမှ အဖွဲ့အစည်းများကိုလည်း ဆက်လက်စုံစမ်းဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှသိရှိရသည်။ **(သတင်းစဉ်)**

မခေါန်ဂျာအား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဖားကန့်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၄

မူးယစ်တပ်ဖွဲ့(၂) မြစ်ကြီးနား မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၂ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ ဘွမ်ဘရာကုန်းရှိ မခေါန်ဂျာ၏နေအိမ်အား ရှာဖွေရာ ၎င်းထံမှ 88 နှင့် 1 စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀ နှင့် မူးယစ်ဆေးဝါးရောင်းချရငွေကျပ် ၁၀၀၀၀ တို့အား ဖမ်းဆီးရမိခဲ့သဖြင့် မခေါန်ဂျာ(၄၉)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုမှန်သမျှ တိုက်ဖျက်ကြ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ 'ချင်းတွင်း'စစ်ဆင်ရေး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော်က မူးယစ်ဆေးဝါး အန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ဒေသနှင့် အချိန်ကာလပေါ်မူတည်၍ တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အထူးစစ်ဆင်ရေးအသွင်ဖြင့် ဆောင်ရွက်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်နှင့် ခန္တီးခရိုင် ခန္တီးမြို့နယ်တို့တွင် ၂၀၁၄ ခုနှစ် မေ ၂၅ ရက်မှ ဇွန် ၂၃ ရက်အထိ "ချင်းတွင်း" စစ်ဆင်ရေးသတ်မှတ်၍ တပ်ဖွဲ့ဝင် ၄၅ ဦးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဘိန်းဖြူ ၃၃ မှု (အလေးချိန် ၉၅ ဒသမ ၂၄၄ ဂရမ်)၊ ဘိန်းစိမ်း ခုနစ်မှု (အလေးချိန် ၁၁ ဒသမ ၇၂ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၊ အဆင့်နိမ့်ဘိန်း ခုနစ်မှု (အလေးချိန် ၁ ဒသမ ၃၈၉ ကီလို)၊ ဘိန်းဆီခဲတစ်မှု (အလေးချိန် ၅၀ ဒသမ ၇ ဂရမ်) စုစုပေါင်း မူးယစ်ဆေးဝါးတန်ဖိုးကျပ်သိန်းပေါင်း ၂၈၅ ဒသမ ၀၈ နှင့် မူးယစ်ဆေးဝါးအမှု ပေါင်း ၄၉ မှု၊ မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်သူ အမျိုးသားတရားခံ ၇၀၊ အမျိုးသမီး တရားခံရှစ်ဦး စုစုပေါင်း တရားခံ ၇၈ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါ "ချင်းတွင်း"စစ်ဆင်ရေးကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ အကြိမ် ၅၀၊ ပြည်သူလူထု အင်အား ၅၁၄၆ ဦးကို အသိပညာပေး ဟောပြောပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■

မိုင်းဆတ်မြို့နယ်တွင် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၄

သတင်းကွင်းဆက်အရ နယ်မြေခံတပ်နှင့် မူးယစ်တပ်ဖွဲ့စု(၂၉) မိုင်းဆတ် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၂ ရက်က မိုင်းဆတ်ခရိုင် စတုံးအုပ်စု မယ်ကြုတ်(၁) ကျေးရွာအရှေ့ဘက် နှစ်မိုင်ကျော်ခန့် (ခမ NC-၅၈၉၅၄၀)တွင် နယ်မြေရှင်းလင်းစဉ် လျှိုအတွင်းရှိ တောင်စောင်းမြေကြီးအတွင်း သိုဝှက်ထားသော မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အမိုနီယမ်ကလိုရိုက် ၄၉၂ ကီလို၊ အီသိုင်းအီသာ ဓာတုဆေးရည် ၁၂ လီတာ၊ အရိုးမီးသွေး ၃၀ ကီလိုတို့အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသဖြင့် ပိုင်ရှင်အားဖော်ထုတ်အရေးယူနိုင်ရေးအတွက် မိုင်းတွမ်းနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများအား တွေ့မြင်ရစဉ်။

နို့၊ နို့ဆီနှင့် နို့မှုန့်အမျိုးမျိုး

နွားနို့၊ ကျွဲနို့၊ ဆိတ်နို့စသော လူတို့ဘိုးဘွားစဉ်ဆက်ကတည်းက သာမန်အားဖြင့် သောက်သုံးခဲ့သော စားသောက်ဖွယ်ရာတစ်ခုကို ယင်းကဲ့သို့ အလေးဂရုပြုပြီး ပိုမိုစားသုံးဖြစ်ပါက မြန်မာလူမျိုးများလည်း အရပ်ရှည်၍ အားသန်ကြံ့ခိုင်သော လူသားကြီးများ ဖြစ်လာပေမည်။

အောင်ချိန်ဘွား

ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ကစစ်ရှုံး၍ ခုနစ်နှစ်နီးပါး ကိုလိုနီခေတ်လက်အောက်ရောက်ခဲ့စဉ်က အဘက်ဘက်က သာနေသော အမေရိကန်များကို စံနမူနာထား၍ အတုယူခဲ့သည်။

ယင်းသို့စံထားအတုယူခဲ့သည့် အချက်ပေါင်းများစွာအနက် အလွန်သိသာထင်ရှားသော အချက်တစ်ခုသည်ကား လူတို့အရပ်ရှည်အောင် စားသောက်နည်းတစ်နည်းပင်ဖြစ်သည်။ အမေရိကန်လူမျိုးများသည် ၁၉၀၀ ပြည့်လွန်နှစ်များက ကလေးလူငယ်တိုင်းကို နေ့စဉ်နွားနို့၊ ကျွဲနို့များများတိုက်၊ ကြက်ဥများများကျွေးပြီး အရပ်ရှည်စေသည့် အာဟာရဓာတ်ကို သဘာဝအစားအသောက်မှရယူခဲ့သည်။ စနစ်တကျ Propaganda ဝါဒဖြန့်စည်းရုံး၍ နွားနို့တွင်ပါဝင်သော ဓာတုပစ္စည်းများ၏ လူ့ခန္ဓာကြီးထွားမှုကို အာဟာရဓာတ်မည်မျှအားပေးပုံကို ပညာပေးသည်။ ဤနည်းလမ်းကို Campaign စစ်ဆင်ရေးအသွင် စနစ်တကျ စည်းရုံးလှုပ်ရှားခဲ့သည်။ သို့အားဖြင့် နောင်အနှစ် ၂၀ ကြာသောအခါ အမေရိကန်လူမျိုးများ ပေါင်တံနှစ်လက်မ ပိုရှည်လာကြောင်း သေချာမှတ်တမ်းတင်သည်။ ဤနည်းဖြင့် အမေရိကန်များ အရပ်ရှည်သော လူမျိုးဖြစ်ခဲ့သည်။

ဂျပန်တို့သည် ဤအချက်ကို အမိအရယူကာ ကလေးလူငယ်များကို နို့အာဟာရတိုက်ကျွေးသည့် စီမံချက်ချပြီး စနစ်တကျလှုပ်ရှားဆောင်ရွက်ခဲ့ရာ အနှစ် ၂၀ ကြာသောအခါ ဂျပန်လူမျိုးတို့လည်း အရပ်ရှည်လာသည်။ ယနေ့ဂျပန်များ အရပ်ရှည်ရှည် လူကောင်ထွားထွားများဖြစ်လာခဲ့သည်။

နွားနို့၊ ကျွဲနို့၊ ဆိတ်နို့စသော လူတို့ဘိုးဘွားစဉ်ဆက်ကတည်းက သာမန်အားဖြင့် သောက်သုံးခဲ့သော စားသောက်ဖွယ်ရာတစ်ခုကို ယင်းကဲ့သို့ အလေးဂရုပြုပြီး ပိုမိုစားသုံးဖြစ်ပါက မြန်မာလူမျိုးများလည်း အရပ်ရှည်၍ အားသန်ကြံ့ခိုင်သော လူသားကြီးများဖြစ်လာပေမည်။ ဤအချက်အတိုင်း သမ္မတကြီးက မြန်မာတို့ နို့သောက်ကြရန်တိုက်တွန်းခြင်းဖြစ်သည်။

ယနေ့လူကြီးမိဘများသည် သမ္မတကြီး၏ တိုက်တွန်းချက်ကို အလေးထားလိုက်နာသင့်သည်။ ဤအသိရသည့် နေ့မှစ၍ သားသမီးများကို နွားနို့၊ ကျွဲနို့များ ပိုမိုတိုက်ကျွေးသင့်သည်။မြန်မာလူမျိုးတို့သည် နို့သောက်သုံးသည့် ဓလေ့အစဉ်အလာအားဖြင့် ရှိသင့်သလောက်ရှိခဲ့သည်။ Whole Milk ခေါ် နွားမှ၊ ကျွဲမှ ညှစ်၍ရောင်းသော နို့စစ်စစ် (ရေရောသော်လည်း နို့ပင်ဖြစ်)များကို ရန်ကုန်မြို့၏ ရပ်ကွက်လမ်းထိပ်များရှိ ဆိုင်များ၌နေ့စဉ်ဝယ်ယူနိုင်သည်။ အိမ်တိုင်ရာရောက်လာပို့သူကိုမှာနိုင်သည်။ လမ်းဘေးတွင် မိုးပြဲဒယ်အိုးကြီးနှင့် ကျိုချက်ရောင်းချနေသည်ကို ထိုင်သောက်နိုင်သည်။ လက်ဖက်ရည်ဆိုင်များတွင် မှာသောက်နိုင်သည်။ မီနီမားကက်၊ စူပါမားကက်များတွင် နို့ပုလင်းများဝယ်သောက်နိုင်သည်။ အအေးဆိုင်များတွင် နို့ပုလင်းများမှာ၍ ထိုင်သောက်နိုင်သည်။ ဤသို့သော နို့စစ်စစ်ရောင်းဝယ်သောက်သုံးသည့် ဓလေ့ကို ဆက်လက်ထိန်းသိမ်းရန်လိုအပ်ပါသည်။

ထိန်းသိမ်းရုံမျှမက ပိုမိုကျယ်ပြန့်လာစေရန် SME များ စွမ်းစွမ်းတမံလုပ်ရန် အချိန်တန်သော စီးပွားရေးလုပ်ငန်းဖြစ်သည်။ ဧရာမနို့ချက်စက်ရုံကြီးများ၊ နို့ချက်လုပ်ငန်းကြီးများက ကြော်ငြာကောင်းကောင်းနှင့် မီဒီယာမျိုးစုံမှ လှုံ့ဆော်ပေးရန်လိုအပ်ပေသည်။ မီဒီယာများကလည်း ဇာတ်လမ်းဆင်လှုံ့ဆော်ပေးသင့်သည်။

ဤတွင် ကျွဲ၊ နွား မွေးမြူရေးသမားများကလည်း မွေးမြူရေးဖြစ်ထွန်းသောဒေသများတွင် ပိုမိုတိုးချဲ့မွေးမြူရန်လိုသည်။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က အမြင်ကျယ်စွာဖြင့် နို့ပိုသောက်ရန် တိုက်တွန်းချိန်တွင် နိုင်ငံတော်အစိုးရကလည်း ကျွဲ၊ နွားမွေးမြူရေးခြံများ၊ မွေးမြူရေးလုပ်ငန်းများကို Subsidize ကူညီထောက်ပံ့ရေးများ လုပ်ပေးရန်လိုသည်။

နို့စားနွားမွေးမြူရေးသမားများသည် ယခုအခါ ရပ်ထဲရွာထဲတွင် နို့သောက်သုံးသူနည်းပါးသောကြောင့် စီးပွားဖြစ်အားမကိုးရပေ။ ၁၉၄၉-၁၉၅၀ ပြည့်နှစ်အချိန်မှစ၍ နို့စားနွားမွေးသူများ နို့ဆီချက်ရုံများကို စတင် အားကိုးရသည်။ နိုင်ငံခြားမှတင်သွင်းသော နို့ဆီဘူးများ လျော့နည်းလာ၍ လက်ဖက်ရည်ဆိုင်များ ချက်နို့ဆီစတင်သုံးလာသော ခေတ်ဖြစ်သည်။

ထို့နောက် ၁၉၈၀ ပြည့်နှစ်တွင် ပြည်ပမှ နို့ဆီဘူးများ တင်သွင်းမှု လျှော့ချလိုက်ရာ ရန်ကုန်၊မန္တလေး အပါအဝင် တစ်ပြည်လုံးတွင် ချက်နို့ဆီများပိုမိုသုံးစွဲရသည်။ လက်ဖက်ရည်၊ ကော်ဖီဆိုင်များတွင် ချက်နို့ဆီနှင့် ဖျော်လျှင် "ရိုးရိုး"၊ နိုင်ငံခြားဖြစ်နို့ဘူးနှင့်ဖျော်လျှင် "ရှယ်"ဟူ၍ ကွဲပြားလာသော နို့ယဉ်ကျေးမှု တစ်ခေတ်ဆန်းလာချိန်ဖြစ်သည်။

ဤတွင် မြန်မာပြည်၌ နို့ဆီချက်ရုံများ(စက်ရုံအဆင့် မဟုတ်သေး) မိုးကာလမှိုထသလိုပေါ်များလာသည်။ ထိုချက်နို့ဆီကို နွားနို့၊ ကျွဲနို့ညှစ်ပြီး နို့ရည်မှ တိုက်ရိုက်ကျိုချက်ကြသည်။ နို့အပျစ်အကျဲကို ဘိုမေမီတာနှင့် တိုင်းပြီး သကြားနည်းများ ရာနှုန်းချင့်ထည့်၍ ဒယ်အိုးကြီးများဖြင့် နို့ဆီဖြစ်အောင် ကျိုချက်ရသည်မှာ လွယ်ကူသောManual နည်းဖြင့် ပြီးမြောက်သည်။ ချက်နို့ဆီများကို လက်ဖက်ရည်ဆိုင်များသို့ သံဖြူဖြင့်ပြုလုပ်သော နို့ပုံးအလုံးကြီးများဖြင့် ပို့ရာ နေ့ချင်းပြီးသုံးကုန်လေ့ရှိသောကြောင့် တာရှည်ခံဓာတုဆေးပင်ထည့်ရန်မလိုဘဲ တစ်နိုင်တစ်ပိုင် လွယ်ကူစွာ ထုတ်လုပ်ရောင်းဝယ်ခဲ့ကြသည်။

နောက်ပိုင်းတွင် ချက်နို့ဆီများကို တာရှည်ခံအောင် ဓာတုပစ္စည်းထည့်လာကြသည်။ နို့ပုံးကြီးများမှ နို့ဆီဘူးများ သွတ်သွင်းလာသည်။ ပုဂ္ဂလိကများကို လုပ်ငန်းလုပ်ပိုင်ခွင့်ပေးသော ခေတ်သို့ ရောက်လာသောအခါ နို့ဆီချက်စက်ရုံကြီးများ ပေါ်ပေါက်လာ၍ နို့စားနွားမွေးမြူရေးသမားများ တွက်ခြေကိုက်လာသည်။

နို့ဆီချက်စက်ရုံများသည် Whole Milk ခေါ် ကျွဲ၊ နွားမှ ညှစ်ယူလာသော နို့ရည်များနှင့် နို့ဆီချက်လုပ်ရာမှ နို့မှုန့်တစ်မျိုးဖြင့် နို့ဆီချက်လုပ်သည့်နည်းပညာကို တတ်လာကြသည်။ ဤတွင် နို့မှုန့်အကြောင်း ရောက်လာ၍ သာမန်လူများ နို့မှုန့်အမျိုးမျိုးအကြောင်း သိရန်လိုလာသည်။

နို့မှုန့်ကို မြန်မာနိုင်ငံတွင် အများဆုံးသုံးသည်မှာ နို့စို့ကလေးများကို နို့ဖျော်၍ တိုက်ကျွေးရန်ဖြစ်သည်။ နို့မထွက်သော မိခင်တို့၏ ကလေးများ၊ ၁၉၆၀ ပြည့်ကျော် ၁၉၇၀ ပြည့်နှစ်ဝန်းကျင်က ရင်သားပုံမပျက်အောင်ဆိုကာ သားသမီးများကို နို့မတိုက်ရေးအမြင်သစ်ပေါ်ပေါက်စဉ် ငွေကြေးတတ်နိုင်သည့် မိခင်များ စတန့်ထွင်စဉ်က ထိုမိခင်တို့၏ ကလေးများ၊ နေ့စဉ်အလုပ်သွားရသော ဝန်ထမ်းနှင့် အလုပ်သူမ မိခင်တို့၏ ကလေးများအတွက် နို့မှုန့်သည် မရှိမဖြစ်အရေးတကြီးလိုအပ်သော အခြေခံစားကုန်ဖြစ်သည်။ ထို့ကြောင့် Hot Item အလိုအပ်ဆုံးပစ္စည်းထဲပါဝင်ခဲ့သည်။ တစ်ချိန်က လက်တိုဂျင်၊ ဒူးမက်စ်စသော နို့မှုန့်ဘူးကြီးများ ပြည်ပမှ တင်သွင်းပေး၍ မလုံလောက်သောကြောင့် နို့မှုန့်ဘူးများ မှောင်ခိုခေတ်စားခဲ့သည်။ ထို့ပြင် သက်ကြီးရွယ်အိုများအတွက်လည်း နို့မှုန့်ဘူးများ ပြည်ပမှအများအပြား တင်သွင်းရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် နို့မှုန့်လိုအပ်ချက် ကြီးမားလှသည်။

နို့မှုန့်ဆိုသည်မှာ အမျိုးမျိုးရှိသည်။ Butter ခေါ် ထောပတ်ထုတ်ပြီးမှ ပြုလုပ်သောနို့မှုန့်ကို Skim Milk Powder ဟုခေါ်သည်။ သွေးတိုးရောဂါရှိသူများ စားသုံးရန်သင့်သည်။ နို့စစ်စစ်အတိုင်း နို့မှုန့်ထုတ်ယူသောWhole Milk Powder မူလနို့မှုန့်လည်းရှိသည်။ ထိုနို့မှုန့်တွင် အာဟာရဓာတ်အပြည့်ပါ၍ ကလေးလူကြီးနို့ဖျော်သောက်နိုင်သည်။ မုန့်မျိုးစုံ၊ ရေခဲမုန့်မျိုးစုံ၊ ဖျော်ရည်မျိုးစုံတွင် Quality ကောင်းကောင်းနှင့် ပြုလုပ်ရန် အသုံးများသည်။

ဖော်ပြပါ Skim Milk Powder သည် လက်ရှိ (၁၀-၇-၂၀၁၄) ပေါက်ဈေးမက်ထရစ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၂၅ မှ ၃၉၇၅ ဈေးရှိသည်။ Whole Milk Powder ၏ ပေါက်ဈေးသည် ၃၉၀၀ မှ ၄၃၇၅ ထိရှိသည်။

လွန်ခဲ့သော တစ်လကဆိုလျှင် Whole Milk Powder သည် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ မှ ၅၂၅၀ ရှိသည်။ ဤအကောင်းစားနို့မှုန့်မျိုးကို နယူးဇီလန်နိုင်ငံမှ ကမ္ဘာကျော်အစဉ်အလာရှိသည့် ကုမ္ပဏီကြီးများထံကသာ တင်သွင်း၍ ဖြန့်ဖြူးကြသည်။ ဤနို့မှုန့်သည် ဈေးကြီးလွန်းသဖြင့် နို့ချက်စက်ရုံများ ကုန်ကြမ်းအဖြစ်ဝယ်ယူထည့်သုံးရန် မတတ်နိုင်ချေ။

ယခုအခါ နို့ချက်စက်ရုံများဝယ်ယူ၍ ကုန်ကြမ်းအဖြစ်ရောနှောထည့်သုံးသော နို့မှုန့်အမျိုးအစားမှာ WHEY POWDER ဟုခေါ်သည်။ နို့ကို ဒိန်ခဲခေါ် Cheese လုပ်ပြီးထွက်လာသော By Product အရည်ကို နည်းပညာနှင့် ခဲအောင်လုပ်ကာ အမှုန့်ပြန်လုပ်ထားသည့် နို့မှုန့်တစ်မျိုးဖြစ်သည်။ ယခင်အခါက Cheese ထုတ်လုပ်ပြီး စွန့်ပစ်ရသောအရည်ကို ယခုနို့မှုန့်အဖြစ် ပြန်လုပ်တတ်သော နည်းပညာပေါ်ပေါက်ပြီးမှ ထွက်ပေါ်လာသည့် ဤ WHEY POWDER ခေါ် နို့မှုန့်သည် လွန်ခဲ့သောလက မက်ထရစ်တစ်တန် အမေရိကန်ဒေါ်လာ ၁၃၂၅ မှ ၁၅၀၀ အထိသာ ဈေးရှိရာ နယူးဇီလန်က တင်သွင်းသော Whole Milk Powder ၏ သုံးပုံတစ်ပုံကျော်သာ ဈေးရှိသည်။

ထို့ကြောင့် ဈေးချိုသော WHEY POWDER နို့မှုန့်ကို ဥရောပနှင့် အခြားအိမ်နီးချင်းနိုင်ငံမှ တင်သွင်း၍ နို့ဆီချက်လုပ်ခြင်းမှာ နို့ချက်စက်ရုံများအတွက် အမြတ်အစွန်းထွက်သည်။ ဈေးကြီးသော နယူးဇီလန်မှ Whole Milk Powder ကို ဝယ်သုံးပါက အရှုံးပေါ်မည်ဖြစ်၍ မည်သည့်လုပ်ငန်းရှင် နို့ချက်စက်ရုံကမျှ သုံးကြမည်မဟုတ်ပါ။

WHEY POWDER ခေါ် ဈေးပေါသည့်နို့မှုန့်များ ပြည်ပမှ တင်သွင်း၍ နို့ချက်စက်ရုံများ နို့ဆီချက်လုပ်ခြင်းကြောင့် ပြည်တွင်းမှ နို့စားနွားမွေးမြူသူများ ထိခိုက်သည်ဆိုပါက နိုင်ငံတော်က ကူညီ၍လတ်တလော အခက်အခဲဖြေရှင်းပေးရန် ထောက်ပံ့သောနည်း ကျင့်သုံးသင့်သည်။ ASEAN Free Trade Area ဝင်ရောက်တော့မည့် အခြေအနေတွင် လွတ်လပ်သော ကုန်သွယ်ရေးမူဝါဒကို ဆန့်ကျင်သည့် သွင်းကုန်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း နည်းစနစ်များ မကျင့်သုံးသင့်ပေ။ ရေရှည်တွင် SME များ ဒိန်ခဲ၊ Cheese ထုတ်လုပ်ရေးနှင့် WHEY POWDER နို့မှုန့်ထုတ်လုပ်ရေး လုပ်ငန်းများ ဖြစ်လာအောင် ယခုကတည်းက အားပေးရန်လိုအပ်လာကြောင်း တွေ့ရှိရပေသည်။ ။

PUN HLAING HOSPITAL

(Arthroscopy)

Ilizarov

ပြည်လုံးကျွတ်သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်းမှရရှိသော အချက်အလက်စာရင်းဇယားများ ပြုစုခြင်းလုပ်ငန်း ဆောင်ရွက်မှုများအား မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ကိုယ်စားလှယ်များ နေပြည်တော်သို့ လာရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့(UNFPA)တို့ ပူးပေါင်း၍ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းအပြီး စာရင်းဇယားပြုစုခြင်းနှင့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ မထုတ်ပြန်မီ ဒေသတွင်း တိုင်းရင်းသားလူမျိုးစုများ၏ သဘောထားမှတ်ချက်များ၊ လိုလားချက်များကို သိရှိနိုင်စေရေးအတွက် နိုင်ငံတကာပညာရှင်များ၊ သန်းခေါင်စာရင်းလုပ်ငန်းအပေါ် စိတ်ပါဝင်စားသူများစုစည်းပြီး ပြည်တွင်းပြည်ပလူဦးရေပညာရှင်များနှင့် အတူ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ ကွင်းဆင်းလှည့်လည်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် ၂၀၁၄ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်များအတွင်း ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်မှုများကြောင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း လုပ်ငန်းစဉ်အပေါ် စိတ်ပါဝင်စားကြသည့် မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များသည် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် သန်းခေါင်စာရင်းဆိုင်ရာ စာရင်းဇယားများထိန်းသိမ်းထားရှိမှု၊ Optical Mark Reader(OMR) စက်များဖြင့် Scan ဖတ်ယူမှတ်တမ်းသွင်းနေမှု၊ ရွှေ့ပြောင်းလူဦးရေစာရင်း ထုတ်ပြန်နိုင်ရေးအတွက် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။**(အပေါ်ပုံ)**

ယင်းကဲ့သို့ သန်းခေါင်စာရင်းလုပ်ငန်းများအား ဝန်ထမ်းများက နေ့ည အဆိုင်းများခွဲ၍ ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် မျက်မြင်ကိုယ်တွေ့သိရှိနားလည်သဘောပေါက်ပြီး ၎င်းတို့အနေဖြင့် သက်ဆိုင်ရာဒေသအသီးသီးမှ ပြည်သူများသို့ လက်ဆင့်ကမ်းဖြန့်ဝေအသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူဆောင်ရွက်ခဲ့ရာ သန်းခေါင်စာရင်းဆိုင်ရာ စာရင်းဇယားများ ပြုစုခြင်းလုပ်ငန်းအား ခေတ်မီနည်းပညာစက်ကိရိယာများ အသုံးပြု၍ သန်းခေါင်စာရင်းဆိုင်ရာ ပြည်တွင်း၊ ပြည်ပပညာရှင်များ၏ ပံ့ပိုးကူညီမှုများဖြင့် အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ခန့်အပ်

နေပြည်တော် ဩဂုတ် ၁၅

မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမင်းသိန်းဇံသည် ၎င်း၏ခန့်အပ်လွှာကို ဩဂုတ် ၅ ရက်တွင် မာလီမြို့၌ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံသမ္မတ မစ္စတာအဗ္ဗဒူလာယာမင်အဗ္ဗဒူလ် ဂေယွန်းထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဩဂုတ် ၁၄

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေအား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဇဝနရပ်ကွက် သီရိဝေဘာလမ်း အမှတ် (၄) တွင်ပါတီရုံးချုပ်တည်ရှိသော **လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပြီး အများပြည်သူ ကန့်ကွက်နိုင်ကြောင်း ၂၁-၅-၂၀၁၄ ရက်နေ့ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်အရ **လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**က ပါတီ၏ အလံအားပြင်ဆင်ခွင့်ပြုရန် ပြန်လည်တင်ပြလာပါသည်။

၃။ သို့ပါ၍ **လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**က ပြင်ဆင်တင်ပြလာသည့် ဖော်ပြပါအလံကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ လာရောက်ကွန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မိုးညှင်းမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွား၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

မိုးညှင်း ဩဂုတ် ၁၄

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ဩဂုတ် ၁၃ ရက် ည ၁၁ နာရီမှ ၁၄ ရက် နံနက် ၆ နာရီထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နန့်ရင်းချောင်းရေကြီးမှုနှင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မိုးညှင်းမြို့၌ မိုးရေချိန် ၅ ဒသမ ၅၁ လက်မခန့် မိုးရွာသွန်းမှုကြောင့် နန့်ရင်းချောင်း ရေချိန်မှာ ၅၈၀ စင်တီမီတာအထိ မြင့်တက်ခဲ့ကြောင်း၊ ထို့ကြောင့် မိုးညှင်းမြို့ပေါ်ရှိ နန့်ရင်းချောင်းဘေးတွင် နေထိုင်ကြသော ရပ်ကွက်များတွင် ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့သဖြင့် တပ်မတော်၊ ရဲတပ်ဖွဲ့၊ အပါအဝင် လူမှုရေး အဖွဲ့အစည်းများက ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သော ရပ်ကွက်များမှာ မိုးညှင်းမြို့ နောင်စွန်းရပ်ကွက်တွင် အိမ်ခြေ ၄၃ လုံး၊ လူဦးရေ ၁၅၀၊ နမီးစုရပ်ကွက်တွင် အိမ်ခြေ ခုနစ်အိမ် လူဦးရေ ၃၉ ဦး၊ နတ်ကြီးကုန်းရပ်ကွက်တွင် အိမ်ခြေ ၄၀ လူဦးရေ ၂၃၆ ဦး၊ မြို့မရပ်ကွက်တွင် အိမ်ခြေ ၂၆ လုံး လူဦးရေ ၁၄၁ ဦး၊ ရေလယ်ကျွန်းရပ်ကွက်တွင် အိမ်ခြေ ၁၀၅ လုံး လူဦးရေ ၇၃၅ ဦးတို့ ဖြစ်ကြောင်း သိရသည်။

အလားတူ မိုးရွာသွန်းမှုကြောင့် မိုးညှင်းမြို့နယ် နန်းမားကျေးရွာအုပ်စု စက်ရုံကုန်းရပ်ကွက် မူလတန်းကျောင်းဝင်းအတွင်း မိုးရေ နှစ်လက်မခန့် မြင့်တက်နေသဖြင့် အဆိုပါကျောင်းအား ယာယီပိတ်ထားကြောင်း သိရသည်။

အဆိုပါ ရေလွှမ်းမိုးသည့်နေရာများသို့ နယ်မြေခံတပ်မမှူး ဗိုလ်မှူးချုပ်သက်လွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

*** စစ်ကိုင်းတိုင်းဒေသကြီးမှ**

အိန္ဒိယနယ်စပ်ရှိ တမူးမြို့သို့ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် တစ်ဖက် အိန္ဒိယနိုင်ငံရှိ မိုးရေးမြို့မှ ဓာတ်အားလိုင်းသွယ်တန်းရယူရေးသည်လည်း နည်းလမ်းတစ်ခုဖြစ်ပါသည်။ တမူးမြို့သည် မိုးရေးမြို့နှင့် သုံးမိုင်ခန့်သာကွာဝေးသည့်အတွက် မိုးရေးမြို့မှ ဓာတ်အားရယူရေး နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးပါဝင်သောအဖွဲ့နှင့် အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ် စီးပွားရေးနှင့်စက်မှုဝန်ကြီး Mr. Shri Govindas Komthoujan၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကောင်စစ်ဝန် (မန္တလေး) Mr. Dr. N Nanda Kuma တို့ပါဝင်သောအဖွဲ့သည် ဩဂုတ် ၅ ရက်တွင် တမူးမြို့၌ နှစ်နိုင်ငံဓာတ်အားဆက်သွယ်မှု ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြရာ ဆွေးနွေးမှုတွင် နှစ်နိုင်ငံနယ်စပ်ဓာတ်အားကုန်သွယ်မှုစနစ် ဆောင်ရွက်နိုင်မှုအခြေအနေ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေ၊ လက်ရှိ တမူးမြို့အတွက် မိုးရေးမြို့ရှိ ဓာတ်အားခွဲရုံမှ တမူးမြို့သို့ ဓာတ်အားလိုင်းဆက်သွယ်ရယူမှုကို အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေးများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ မိုးရေးမြို့တွင် လက်ရှိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံမှ တမူးမြို့အတွက် ဓာတ်အား သုံးမဂ္ဂါဝပ်ခန့် ရောင်းချပေးမည်ဖြစ်ရာ တမူးမြို့သည် ၂၄ နာရီ ဓာတ်အားသုံးစွဲနိုင်မည်ဖြစ်သည့်အပြင် ပတ်ဝန်းကျင်ကျေးရွာများပါ ဓာတ်အားဆက်သွယ်ရယူနိုင်မည်ဖြစ်သည်။ ဓာတ်အားခနှုန်းထားသည်လည်း တစ်ယူနစ်မြန်မာငွေကျပ် ၅၀ ခန့်ဖြင့် ရောင်းချပေးမည်ဖြစ်ရာ အများပြည်သူ သုံးစွဲနိုင်သောနှုန်းထားဖြစ်သည့်အတွက် နိုင်ငံတော်ဓာတ်အားစနစ် မရောက်မီ တမူးမြို့နေပြည်သူများသည် ဌာနမှ ဓာတ်အားပေးသည့် အချိန်ထက် ပိုမိုသုံးစွဲသောနာရီများအတွက် ဓာတ်အားခဈေးနှုန်းကြီးမြင့်စွာပေးနေရခြင်းမှ သက်သာမှုရရှိမည်ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်ဓာတ်အားစနစ်သည် ဂန့်ဂေါမြို့မှ ဟားခါးမြို့သို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၅၉ မိုင် တည်ဆောက်ပြီးစီးပြီးဖြစ်၍ ဟားခါးမြို့သည် ၈-၇-၂၀၁၄ ရက်နေ့တွင် ဓာတ်အားစနစ်မှ ဓာတ်အားရရှိပြီးဖြစ်သည်။ ထို့ကြောင့် ကလေးမြို့ကို နိုင်ငံတော် ဓာတ်အားစနစ်က ဓာတ်အားအမြန်ဆုံးဖြန့်ဖြူးပေးနိုင်ရေးအတွက် ဟားခါး-သိုင်းငင်း-ကလေး ၆၆ ကေဗွီဓာတ်အားလိုင်း မိုင် ၈၀ တည်ဆောက်ခြင်း၊ ကလေးမြို့တွင် ၆၆/၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်လျက်ရှိရာ ၂၀၁၅ ခုနှစ်ကုန်ခန့်တွင် ပြီးစီးအောင်ကြိုးပမ်း တည်ဆောက်လျက်ရှိပါသည်။ ယင်းတည်ဆောက်ရေးလုပ်ငန်း ပြီးစီးပါက ကလေးမြို့အား နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့်အပြင် ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများသည်လည်း ၆၆/၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံမှ ၁၁ ကေဗွီဓာတ်အားဖြင့် ဓာတ်အားဆက်သွယ်ရယူနိုင်မည်ဖြစ်သည်။ ထို့အပြင် ကလေးခရိုင်အတွင်းရှိ ကလေးဝမြို့၊ မော်လိုက်မြို့များသည်လည်း ကလေးမြို့ ဓာတ်အားခွဲရုံမှတစ်ဆင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ မြို့တွင်း ၃၃/၁၁ ကေဗွီ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ကာ ဓာတ်အားရယူနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော် မဟာဓာတ်အားလိုင်းကွန်ရက်ကို ကလေးနှင့် တမူးဒေသများသို့ ရောက်ရှိစေရေးအတွက်လည်း မုံရွာ-ဂန့်ဂေါ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၈၅ မိုင်၊ ဂန့်ဂေါ-ကလေး ၂၃၀ ကေဗွီဓာတ်အားလိုင်း မိုင် ၈၀ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပစ္စည်းများ စတင်ဝယ်ယူလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကလေးမြို့တွင် ၂၃၀/၆၆ ကေဗွီ ၁၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်သွားမည်ဖြစ်ပြီး ယင်းစီမံကိန်းများ ပြီးစီးပါက ကလေးခရိုင်အတွင်း ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်မည့်အပြင် ကလေး-တမူး ၆၆ ကေဗွီ ဓာတ်အားလိုင်း မိုင်၉၀ တည်ဆောက်ခြင်း၊ တမူးမြို့တွင် ၆၆/၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ကာ တမူးခရိုင်အတွင်းရှိ မြို့နယ်နှင့် ကျေးရွာများကိုလည်း နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်တော့မည်ဖြစ်သည်။

ကလေးဝဒေသတွင် ထွက်ရှိသော ကျောက်မီးသွေးသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သော စံချိန်စံညွှန်းကိုက်ညီမှုရှိသဖြင့် နိုင်ငံတော်အနေဖြင့် ကလေးဒေသတွင် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ပထမအဆင့်အနေဖြင့် ၃၀ မဂ္ဂါဝပ်စက်ရုံကို ပုဂ္ဂလိကနှင့် ဖက်စပ်တည်ဆောက်မည်ဖြစ်ရာ နှစ်နှစ်ခန့်အတွင်း ပြီးစီးရန် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် ၅၀၀ မဂ္ဂါဝပ်ခန့်ထွက်ရှိမည့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြစ်သည့် IPP (Independence Power Producer) စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျောက်မီးသွေးစက်ရုံကို လက်ရှိဂျပန်နိုင်ငံတွင် တည်ဆောက်အသုံးပြုလျက်ရှိသော ပတ်ဝန်းကျင်ထိခိုက်မှု မရှိသည့် Clean Core Technology စနစ်ဖြင့် တည်ဆောက်မည်ဖြစ်ပါသည်။

ကလေးမြို့အနီး ၃၀ မိုင်ခန့်အကွာ ဆည်တောရွာအနီး မဏိပူရ်မြစ်ပေါ်တွင် တည်ဆောက်လျက်ရှိသော ၃၈၀ မဂ္ဂါဝပ်ထွက်ရှိမည့် မဏိပူရ် ရေအားလျှပ်စစ် စီမံကိန်းအား ဆောင်ရွက်လျက်ရှိပြီး ယင်းစီမံကိန်း ပြီးစီးပါက ကလေးမြို့ ၂၃၀/၆၆ ကေဗွီဓာတ်အားခွဲရုံသို့ ဆက်သွယ်ဓာတ်အားပေးပို့နိုင်မည် ဖြစ်၍ ကလေးမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိရေးအတွက် ဖော်ပြပါအတိုင်း ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံနှင့် ရေအားလျှပ်စစ်စက်ရုံများမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မည့် အခြေအနေများသည် ကလေးဒေသအတွက် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်မည်ဖြစ်သလို ပိုလျှံသော ဓာတ်အားများကိုလည်း ကလေးဓာတ်အားခွဲရုံမှတစ်ဆင့် တီးတိန်၊ ဖလမ်း၊ တွန်းဇံမြို့များသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် ပြန်လည်ဓာတ်အားပေးနိုင်ခြင်း၊ နိုင်ငံတော်ဓာတ်အားစနစ်သို့ ပေးပို့ခြင်းများ ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ကလေးမြို့သို့ ဓာတ်အားစနစ်မှ ဓာတ်အားရောက်ရှိရန် စီမံကိန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း နွေရာသီကာလ၌ ယခင်နှစ်များက ထက်ပိုပြီး ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် လိုအပ်သော ၁၀၀၀ ကေဗွီအေ မီးစက်တစ်လုံး၊ ၅၀၀ ကေဗွီအေ မီးစက်တစ်လုံး၊ ၁၀၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ၅၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် ၁၁ ကေဗွီဓာတ်အားလိုင်း သုံးမိုင်ခန့် တည်ဆောက်ခြင်းတို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြားသိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာပြည်အနောက်မြောက်ဘက်ခြမ်းမှ ကလေး-တမူး ဒေသသည် မကြာသောကာလ၌ လျှပ်စစ်ဓာတ်အားလုံလောက်စွာ သုံးစွဲနိုင်မှုအခြေအနေ ရောက်ရှိလာတော့မည်ဖြစ်သဖြင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မဏိပူရ် ရေအားလျှပ်စစ်စီမံကိန်း ရေလွှဲဥမင်လိုဏ် (၁) နှင့် (၂) ကို တွေ့ရစဉ်။

အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၁၄

တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ စတုတ္ထအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ၌ စက်မှုဝန်ကြီးဌာနအနေဖြင့် တက်ကြွစွာ လိုက်ပါဆောင်ရွက်နေကြောင်း၊ သို့ရာတွင် အချို့လိုအပ်ချက်များလည်း ကျန်ရှိနေသေးကြောင်း၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အတွင်း အလိုက်သင့်လိုက်ပါပြောင်းလဲနိုင်ရေး ဝန်ထမ်းအားလုံး အသိရှိရှိ ခံယူချက်မိမိ ပြုပြင်ကြိုးစားသွားကြရန် ပြောကြားသည်။

တတိယအဆင့် အရှိန်မြှင့်တင်မှု(Third Wave) အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက မိမိဝန်ကြီးဌာနရှိ ဝန်ထမ်းများ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ကောင်းစွာ သိမြင်ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ ယခုသင်တန်းကိုလည်း ခေတ်စနစ်နှင့်အညီ စိတ်ဓာတ်များ ပြောင်းလဲလိုက်ပါ၍ လုပ်ငန်းများကို လျင်မြန်ထိရောက်စွာ စွမ်းဆောင်ရည်ရှိရှိ လုပ်ကိုင်တတ်စေရေး ပို့ချသွားမှာဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် ဆည်းပူးလေ့လာသင်ယူပြီး မိမိတို့၏စွမ်းရည်ကို မြှင့်တင်သွားကြရန် မှာကြားသည်။

ထို့နောက် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက သင်ခန်းစာများ ဆွေးနွေးပို့ချကြသည်။ အဆိုပါသင်တန်းကို ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက ၁၀ ရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး အရာထမ်း ၈၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မွန်ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၄

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန် မော်လမြိုင်မြို့၌ ရောက်ရှိနေသည့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ ဦးတင်ငွေ၊ ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ မြို့နယ်/ခရိုင် အထောက်အကူပြု ကော်မတီဝင်များ၊ ဒေသခံမြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြည်ထောင်စုအစိုးရနှင့် ချိတ်ဆက်၍ ဟန်ချက်ညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ခေတ်စနစ်ပြောင်းလဲသည့် အသွင်ကူးပြောင်းရေးကာလတွင် ပထမအဆင့်အနေဖြင့် နိုင်ငံတော် တည်ငြိမ်ရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ခဲ့ရာ အပစ်အခတ်ရပ်စဲသည့်အနေအထားမှ ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍအလိုက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး တတိယအဆင့်အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံတော်အတွက် အုတ်မြစ်များချမှတ်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွား လိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင် ခေတ်အဆက်ဆက် နိုင်ငံရေးမတည်ငြိမ်မှုများရှိခဲ့သဖြင့် ဗဟိုဦးစီးစနစ် ကျင့်သုံးခဲ့ရခြင်းကြောင့် ခေါက်ရိုးကျိုးနေသည့် အတွေးအခေါ်အယူအဆများကို ဒီမိုကရေစီစနစ်သစ်ဖော်ဆောင်ရာတွင် ပြုပြင်ပြောင်းလဲသွားရမည် ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်ပြီး အားလုံးအသိတရားရှိရှိ ဆောင်ရွက်မှသာ နိုင်ငံတစ်ဝန်းဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို လက်တွေ့ခံစားနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကိုပါ ထမ်းဆောင်နေသည်နှင့်အညီ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တွင် နိုင်ငံ၏ပုံရိပ် တိုးတက်ကောင်းမွန်လာသည်ကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍများ ကောင်းမွန်စွာ လည်ပတ်နိုင်ရန် အဆင့်ဆင့်သော တာဝန်ရှိသူများအနေဖြင့် အရည်အချင်း၊ အရည်အသွေးများ ပြည့်ဝရန်လိုအပ်ပါကြောင်း၊ လူထုဆက်သွယ်ရေးကဏ္ဍတွင် IT နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် ပြည်သူအားလုံးပါဝင်ရန် All Inclusiveness ဖြစ်ရန်လိုအပ်ပါကြောင်း၊ ဖွဲ့စည်းထားသည့် မြို့နယ်/ခရိုင် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများသည် ပြည်သူတို့၏ခံစားချက် ဆန္ဒသဘောထားများကို ကိုယ်ချင်းစာတရားဖြင့် တရားဥပဒေများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာနှင့်ရင်ပေါင်တန်းလာနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ကာလ၌ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ ဒေသများတွင် ငြိမ်းချမ်းခြင်း၏ အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်ပြီး ပြုပြင်ပြောင်းလဲခြင်း၏ဖွံ့ဖြိုးမှုအနှစ်သာရများကို လက်တွေ့မြင်တွေ့နေကြရပြီဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲခြင်းဆိုသည်မှာ တစ်ခဏချင်းရယူနိုင်သည်မဟုတ်ဘဲ ရေ၊ မြေ၊ တော၊ တောင် စသည့် သဘာဝအခြေခံများနှင့် လူ့စွမ်းအား အရင်းအမြစ်များပေါင်းစပ်ပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးများက ပြန်လည် ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရန် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို အခြေခံမှအစပြု၍ အဆင့်မြှင့်တင် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ရည်မှန်းချက်သို့ အမြန်ရောက်ရှိရန် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အသိပညာဗဟုသုတကြွယ်ဝမှုနှင့် သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့သည် အလွန်အရေးကြီးပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများကို ဝေဖန်မှုများရှိသော်လည်း ဖြူစင်သည့်စိတ်စေတနာ၊ သန့်ရှင်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများဖြင့် တူညီသည့်လားရာ၊ တူညီသည့်ရည်မှန်းချက်များသို့ ပြိုင်တူတွန်းလှန်ရွေ့နိုင်ပါကြောင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှ ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ ပြည်သူတို့၏ဆန္ဒသဘောထားများကို စိတ်ရှည်သည်းခံ၍ ညှိနှိုင်းဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ မတူညီသည့်စိတ်ဆန္ဒများကို လွန်စွာဦးစားပေးဆောင်ရွက်ကြလျှင် ပဋိပက္ခများဖြစ်ပွားနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြန့်ကြာနိုင်ပါကြောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ အနေဖြင့်လည်း မိမိတို့ ဆွေးနွေးခဲ့ကြသည်များကို ပြည်သူလူထုအတွင်း အပြုသဘောဆောင် ပြန်လည်မျှဝေခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကဏ္ဍအသီးသီးတွင် ပြည်သူများပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။**(အပေါ်ပုံ) (သတင်းစဉ်)**

❐ မန္တလေးမြို့မှ

စည်ပင်သာယာနယ်နိမိတ် ခြောက်မြို့နယ်အတွင်း ယာဉ်နှစ်ထပ်ရပ်နားခြင်းကို ကန့်သတ်တားမြစ်သည့်အနေဖြင့် ၂၀၁၂ ခုနှစ် မတ်လမှစတင်ကာ ၂၀၁၄ ခုနှစ် ဇူလိုင်လအထိ အသိပေးကြေညာခြင်း၊ ကြိုတင်အသိပေးကြေညာခြင်း၊ ထပ်မံအသိပေးကြေညာခြင်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် အရေးယူမှုအပိုင်းကို ယခုလမှ စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

မန္တလေးခရိုင် စည်ပင်သာယာနယ်နိမိတ် ခြောက်မြို့နယ်အတွင်း လုပ်ငန်းလိုင်စင်ရရှိပြီး ဖွင့်လှစ်ထားသော စားသောက်ဆိုင်ပေါင်း ၇၂၉ ဆိုင်၊ လက်ဖက်ရည်ဆိုင် ၈၀၁ ဆိုင်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအရောင်းဆိုင် ၅၆၆ ဆိုင်၊ မိုဘိုင်းဖုန်းဆိုင် ၁၉၇ ဆိုင်၊ စတိုး/အဝတ်အထည်ဆိုင် ၄၇၅ ဆိုင်၊ အားကစားကွင်း ၄၅ ကွင်း စုစုပေါင်း ၂၈၁၃ ခုရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

မန္တလေးခရိုင် ခြောက်မြို့နယ်တွင် ၂၀၁၄ ခုနှစ် ဇူလိုင်လ မော်တော်ယာဉ်မှတ်တမ်းများအရ မော်တော်ဆိုင်ကယ်အစီးရေ ၆၅၄၃၃၀၊ လူစီးယာဉ်၊ ခရီးသည်တင်ယာဉ်နှင့် အခြားယာဉ် ၇၉၃၀၆ စီး၊ သုံးဘီး၊ ထော်လာဂျီ၊ ယန္တရားနှင့် နောက်တွဲမော်တော်ယာဉ် ၂၇၆၀၆ စီး ရှိကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ မှတ်တမ်းများအရ သိရသည်။

ဆိုင်ကယ်ကို အဓိကထား စီးနင်းမောင်းနှင်လေ့ရှိသည့် မန္တလေးမြို့ပေါ်ရှိ လမ်းမကြီးများပေါ်တွင် ဘီယာဆိုင်၊ လက်ဖက်ရည်ဆိုင်များသည် အခြားသောမြို့ပြဒေသများထက် ပိုမိုများပြားစွာရှိနေပြီး ဆိုင်များရှေ့လမ်းမပေါ်တွင် ယာဉ်နှစ်ထပ်ရပ်လေ့ရှိသဖြင့် ယာဉ်ကြောရှုပ်ထွေးသည့် အချို့နေရာများတွင် နေ့စဉ်သွားလာရန်ခက်ခဲမှုများရှိနေသည်။

လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ စတိုးဆိုင်နှင့် အခြားသော စီးပွားရေးလုပ်ငန်းဆိုင်များရှေ့တွင် စည်းကမ်းမဲ့ ရပ်နားထားသော ယာဉ်၊ ဆိုင်ကယ်များရှိနေပါက စည်ပင်သာယာရေးကော်မတီ ဥပဒေအရလည်းကောင်း၊ မော်တော်ယာဉ် ဥပဒေအရလည်းကောင်း ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပြီး တာဝန်ရှိသောဆိုင်ကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တရားဝင်ထုတ်ပြန်ထားသည်။

မန္တလေးမြို့သည် နေ့စဉ် ယာဉ်အန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် အသက်ဆုံးရှုံးမှုများကြုံတွေ့နေရသည့် မြို့ပြဖြစ်ပြီး ယာဉ်ကြောရှုပ်ထွေးသည့် ညနေ ၆ နာရီနှင့် ည ၈ နာရီအကြားအချိန်များတွင် ယာဉ်အန္တရာယ်အများဆုံးဖြစ်ပွားလေ့ရှိသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

(၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအပေါ် ကိုယ်စားလှယ်တစ်ဦး၏အမြင်

နေပြည်တော် ဩဂုတ် ၁၄

ပြီးခဲ့သည့် ၆ ရက်ကြာကာလအတွင်း ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော်၊ သတင်းနှင့်စာနယ်ဇင်းအဖွဲ့ပေါင်း ၁၀၀ ကျော်သည် အစည်းအဝေးပေါင်း ၃၀ ကျော်ကို တက်ရောက်ခဲ့ကြသည်။

ဤသည်ကတော့ ပြီးခဲ့သည့် သီတင်းပတ်အတွင်း မြန်မာနိုင်ငံ၏ မြို့တော်တွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ပတ်သက်သည့် အခြေခံစာရင်းပင်ဖြစ်သည်။

အခြားသော ဆက်စပ်အစည်းအဝေးများကိုလည်း ကမ္ဘာပေါ်တွင် အကျယ်ဆုံးမြို့တော်တစ်ခုဟု ဆိုကြသည့် ဤနေရာတွင် ကျင်းပခဲ့သည်။ အထူးသဖြင့် အာဆီယံဒေသဆိုင်ရာဖိုရမ်ကို (၂၇)နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

(၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသည် (၄၇)ကြိမ်မြောက် အာဆီယံနေ့နှင့် မင်္ဂလာရှိစွာ တိုက်ဆိုင်ခဲ့သည်။ အစည်းအဝေး သုံးရက်အတွင်း (၄၉)ကြိမ်မြောက် စင်ကာပူအမျိုးသားနေ့ကိုလည်း ကြုံကြိုက်ခဲ့ကြရသည်ဟု အစည်းအဝေးပြီးဆုံးသည့် အခမ်းအနားတွင် မြန်မာနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

ကိုယ်စားလှယ်များအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှေ့သို့ချီမည့်ပွင့်လင်းကောင်းမွန်သော ဆွေးနွေးမှုကို ဆောင်ရွက်နိုင်ခဲ့ကြသည်ဟု ၎င်းကဖြည့်စွက်ပြောကြားသည်။ ရှည်လျားကွေ့ကောက်သည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၏ တစ်ခန်းမှတစ်ခန်းသို့ အဆောတလျင် ဥဒဟိုသွားလာခဲ့ကြရသည့်အတွက် ကိုယ်စားလှယ်များသည် အိမ်ပြန်ရောက်လျှင် ရုပ်ပိုင်းဆိုင်ရာပိုမိုကြံ့ခိုင်မှုရှိလာမည်ကတော့ သေချာပါသည်။ ဤအစည်းအဝေးတွင် ရုပ်ပိုင်းဆိုင်ရာလေ့ကျင့်ခန်းအပြင် ကိုယ်စားလှယ်များအတွက် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုကိုလည်း စမ်းသပ်ခြင်းခံရသည်ဟု ဆိုနိုင်သည်။ ကြားရသည့်အတိုင်းဆိုလျှင် အစည်းအဝေးတိုင်းသည် သတ်မှတ်ထားသည်ထက် အချိန်ပိုကြာခဲ့သည်ချည်း ဖြစ်သည်။

တချို့ကကြေညာချက်များကို မူကြမ်းပြုစုရန် အချိန်များစွာသုံးခဲ့ကြရသည်။ တချို့ကိုယ်စားလှယ်များအချင်းချင်း အသေးစိတ်ဆွေးနွေးရင်း အချိန်များစွာ ကုန်ခဲ့ကြရသည်။

အချိန်များစွာ အလုပ်လုပ်နေခဲ့ရသဖြင့် ကိုယ်စားလှယ်များသည် သန်းခေါင်ယံကျော်မှ ညစာကို စားရသလို ထမင်းထုပ်ဖြင့် ဝမ်းရေးဖြည့်တင်းရင်း အစည်းအဝေးများနှင့်အတူ စီးမျောခဲ့ကြရသည်။

စာနယ်ဇင်းသတင်းသမားများလည်း အလားတူပင်ဖြစ်သည်။ ညလယ်စာကို သုံးရက်ခန့်မျှ မိမိနှင့်အတူ စားသုံးရင်း ဂျပန်သတင်းထောက်များနှင့် ဟိုတယ်ထမင်းစားသောက်ခန်းတွင် တွေ့ဆုံရင်းနှီးခဲ့ရသည်။

သတင်းထောက်တစ်ယောက်ကတော့ ယခုအာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ထူးခြားသည့် အောင်မြင်မှုသည် ဘာဖြစ်မလဲဆိုပြီး ကျွန်တော့်ကို မေးလာသည်။ ထိုအမေးအပေါ် ကျွန်တော်က အရေးကြီးသော ကိစ္စများ၊ လက်တွေ့ကျသည့်အရာများအပေါ်တွင် အာရုံစူးစိုက်ဆောင်ရွက်ခြင်းသည် အာဆီယံ၏ လုပ်ရိုးလုပ်စဉ် ပုံစံဖြစ်သည်ဟု ဆိုလိုက်သည်။ ကျွန်တော်က အာဆီယံသည် ကြီးကျယ်ခမ်းနားမှုတွေကို ဦးစားမပေးသော်လည်း စဉ်ဆက်မပြတ် ကြိုးစားလုပ်ကိုင်ခြင်းကိုမူ တန်ဖိုးထားသည်။ ရလဒ်ကတော့ အလျင်အမြန်အကျိုးရလဒ်ဖြစ်ပေါ်လာခြင်းထက် ဖြည်းဖြည်းမှန်မှန် တိုးတက်လာခြင်းပင်ဖြစ်သည်ဟု ပြောဖြစ်ခဲ့သည်။

အထူးသဖြင့် တောင်တရုတ်ပင်လယ်ပြင်ဆိုင်ရာ ကိစ္စကဲ့သို့ ကိစ္စရပ်များတွင် ဆောင်ရွက်ခဲ့မှုကို တွေ့မြင်နိုင်ပါသည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့အကြား ကောင်းမွန်သည့် ဆွေးနွေးမှုများ ရှိခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကလည်း ပိတ်ပွဲအပြီး သတင်းစာရှင်းလင်းပွဲ၌ "မိမိတို့အနေဖြင့် မတူကွဲပြားခြားနားမှုများကို ငြိမ်းချမ်းသောနည်းလမ်းများဖြင့် အာရုံစိုက်ဖြေရှင်းရန်နှင့် တောင်တရုတ်ပင်လယ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းတစ်ရပ်ပေါ်ပေါက်လာရေးကို ဆက်လက်ဆောင်ရွက်ရန် သဘောတူခဲ့ကြကြောင်း" ပြောကြားခဲ့သည်။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ် ဦးညဏ်လင်းလည်း တက်ရောက်ခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးက "အာဆီယံ အသိုက်အဝန်းကို လာမည့် ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ရန်၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် လျော့နည်းခြင်း၊ အာဆီယံပေါင်းစည်းမှု၊ ဦးဆောင်ဦးရွက်ပြုမှုနှင့် အခြားသော ဒေသတွင်းဦးဆောင်ဦးရွက်ပြု အစီအစဉ်များနှင့် အရှေ့တောင်အာရှ အဏုမြူလက်နက်ကင်းမဲ့ရေးစာချုပ်ကဲ့သို့သော ကိစ္စရပ်များတွင် တိုးတက်မှုများရှိနေပြီဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

အစည်းအဝေးများအပြီးတွင် ကိုယ်စားလှယ်များနှင့် ပါဝင်လှုပ်ရှားကြသူအများသည် အမှန်တကယ်မောပန်းနေကြသော်လည်း လွန်ခဲ့သောတစ်ပတ်က စခဲ့သည့် လုပ်ငန်းစဉ်ကြီး အောင်မြင်စွာ ပြီးစီးခဲ့သည့်အတွက် ဝမ်းမြောက်ပျော်ရွှင်နေကြသည်။ နေပြည်တော်ကို လာရောက်ခဲ့သည့် နိုင်ငံတကာက ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာများမှ ပုဂ္ဂိုလ်များအားလုံးက တညီတညွတ်တည်း သဘောတူခဲ့ကြသည့်အချက်မှာ မြန်မာနိုင်ငံသည် ဤမျှလောက်ကြီးမားလှသည့် အစည်းအဝေးကြီးကို စီစဉ်ဆောင်ရွက်နေသည့်နေရာတွင် မယုံကြည်နိုင်လောက်အောင် အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့သည်ဆိုသည့် အချက်ပင်ဖြစ်လေသည်။

ကျွန်တော်တို့နှင့်အတူ အစည်းအဝေးတက်ရောက်လာသူအားလုံးကလည်း ဤမြန်မာ့မြေတွင် တွေ့ဆုံခဲ့ရသည့် လုံခြုံရေးဝန်ထမ်းများ၊ ဆက်ဆံရေးအရာရှိများ၊ ယာဉ်မောင်းများအပါအဝင် အခမ်းအနားမှာ ပါဝင်ဆောင်ရွက်ကြသူ အားလုံး၏ ရင်းနှီးကူညီမှုတွေကို အမြဲသတိရနေကြမည်ဖြစ်သည်မှာ အသေအချာပင်ဖြစ်သည်။

အချို့က အင်္ဂလိပ်ဘာသာစကားကို အများကြီးမပြောနိုင်ကြသော်လည်း သူတို့၏အပြုံးများသည် ကျွန်တော်တို့တစ်တွေ၏ မနက်ခင်းတိုင်းကို မျှော်လင့်ချက်ရောင်နီသန်းစေပြီး တစ်နေကုန်အားအင်ပြည့်ဝစေခဲ့သည်။ ကျွန်တော် မနက်ခင်းလမ်းလျှောက်ထွက်သည့်အခါတိုင်းတွင်လည်း လုံခြုံရေးဝန်ထမ်းများ၊ ရဲမေ၊ ရဲဘော်တွေနှင့် ဖယ်ရီကားတွေပေါ်မှ အလုပ်သမားတွေကအစ ကြီးကြီးငယ်ငယ်၊ ယောကျာ်း၊ မိန်းမမရွေးတွေ့ဆုံခဲ့သည့် သူတိုင်းက အပြုံးကိုယ်စီနှင့် လန်းဆန်းတက်ကြွစွာ လက်ဝှေ့ရမ်းနှုတ်ဆက်ခဲ့ကြသည်ကို တွေ့ခဲ့ရသည်။

ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာသမားများ အရေအတွက် များပြားခဲ့သော်လည်း အိမ်ရှင်မြန်မာနိုင်ငံအနေနဲ့ကတော့ ကျွန်တော်တို့အားလုံး(ဧည့်သည်)တွေအတွက် လိုသည်ထက်တောင် ပိုပြီးအဆင်သင့်ဖြစ်နေပြီဆိုတာ ပြသနိုင်ခဲ့သည်။ ပြောရမယ်ဆိုလျှင် အခန်းနေရာကျယ်တွေကလည်း အများဆိုမှ အများကြီးပင်ဖြစ်သည်။ လာမည့် နိုဝင်ဘာလတွင် အာဆီယံဥက္ကဋ္ဌ၏ ကြီးကျယ်ခမ်းနားသည့် နောက်ဆုံးထိပ်သီးအစည်းအဝေးပွဲကြီးကို ပါဝင်ဆင်နွှဲရမည်ဟု မျှော်လင့်မိပါသည်။ ပြည်လည်ဆုံတွေ့ကြပါစို့ မြို့ရွှေနေပြည်တော်ရယ်. . . .

(အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အသိုက်အဝန်းရေးရာဌာန၊ ညွှန်ကြားရေးမှူး မစ္စတာဒင်နီလီ ဩဂုတ် ၁၁ ရက်က ရေးသားသည့် Myanmar Gets Ready for ASEAN Summit, as Regional Group Wraps Foreign Ministers and Other Meetings in Nay Pyi Taw ခေါင်းစဉ်ပါ ဆောင်းပါးကို ဝေဝေလင်းက ဆီလျော်စွာပြန်ဆိုပါသည်။) **(ဒင်နီလီ)**

ပန်းချီ၊ ကာတွန်း၊ ပိုစတာ လက်တွေ့ပြိုင်ပွဲ စာရင်းပေးသွင်းနိုင်

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသော "အဆင့်မြင့်မြို့တော်ဖြစ်စေရေး အားလုံး ပါဝင်ဆောင်ရွက်ပေး" ၂၀၁၄ ခုနှစ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ လက်တွေ့ပြိုင်ပွဲ စာရင်းပေးသွင်းခြင်းကို ဩဂုတ် ၁၁ ရက်အစား ၁၆ ရက် ညနေ ၄ နာရီအထိ ဆက်လက်စာရင်းပေးသွင်းနိုင်ကြောင်း ကျင်းပရေးဦးစီးကော်မတီက သတင်းထုတ်ပြန်ထားသည်။

ပန်းချီ၊ ကာတွန်း၊ ပိုစတာ လက်တွေ့ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ရန်ကုန်မြို့တော်ခန်းမ၌ စာရင်းပေးသွင်းနိုင်သည်။

(ကျင်းပရေးဦးစီးကော်မတီ)

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်ဝင်းရှိ အပန်းဖြေရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ကျော်ခေါင်၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်သူ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊ အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်း၊ အမှုဆောင်များနှင့် ကရာတေးဒို အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများ သတ်မှတ်နေရာ၌ နေရာယူကြပြီး ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားကာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ကျော်ခေါင်က ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ ကရာတေးဒိုအားကစားပြိုင်ပွဲ၌ ရွှေ၊ ငွေ၊ ကြေးတံဆိပ်များရရှိခဲ့ကြသော မြန်မာ့လက်ရွေးစင် ကရာတေးဒိုအားကစားသမားများက ကရာတေးဒို အားကစားနည်းစနစ်များကို သရုပ်ပြသကြသည်။

ထို့နောက် ပြိုင်ပွဲ၏ ပထမနေ့ပွဲစဉ်များကို စတင်ကျင်းပရာ ပြိုင်ပွဲပေါင်း ၅၈ ပွဲကျင်းပပြီးစီးသွားသည်။

ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲများကို ဩဂုတ် ၁၅ ရက်တွင်ဆက်လက်ကျင်းပပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ညနေပိုင်း၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၁၃ ရက်က စစ်ကိုင်းတောင်ရိုး မြစကြာကျောင်းတိုက်ဆရာတော်နှင့် သံဃာတော် အပါး ၃၅၀ တို့က ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့ ရေဘေးကယ်ဆယ်ရေးစခန်းနှင့် ရေဘေးသင့်ပြည်သူများသို့ ၃၇ သိန်းငါးသောင်းကျော်တန်ဖိုးရှိ အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို လှူဒါန်းစဉ်။ (ကြေးမုံ)

○ **ကျောဖုံးမှ**

ပလက်ဖောင်းနေရာ၊ သူပိုင်မဟုတ်ဘူး၊ တကယ်က သူတို့မြို့ကို သာယာလှပအောင် လာပြီးဆောင်ရွက်ပေးနေတာပါ။ နောက်ပြီး ကျွန်တော်တို့က သဘော်အတက်၊ အဆင်း တံတားဆောက်လုပ်ရာမှာ လူတွေက အပေါ်ကနေဖြတ်ကျော်တယ်၊ ကျွန်တော်တို့အောက်မှာလုပ်နေမှန်းသိရက်နဲ့ ကွမ်းတံတွေးထွေးချ တယ်။ တစ်ဦးချင်းစီရဲ့ အသိစိတ်တွေကို ပြုပြင်ဖို့လိုအပ်နေပါသေးတယ်”ဟု JICA မှ တာဝန်ရှိသူကပြောသည်။

မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းဒဏ်ခံရပြီးနောက် ဂျပန်နိုင်ငံမှ ကူညီပေးမှုလည်း ဖြစ်သည်ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူကပြောသည်။

ဒလမှ အဆင်းဆိပ်ခံလှော်ကလမ်းအား ဆက်လက်တည်ဆောက်လျက်ရှိပြီး ၎င်းနှင့်အတူ အလျား ၂၀ ဒသမ ၃ မီတာ၊ အနံ ၂၃ ဒသမ ၄ မီတာရှိ ကူးတို့ခရီးသည်နားနေဆောင်အား တည်ဆောက်လျက်ရှိသည်။ ယင်းနားနေဆောင်သည် မိုးလုံလေလုံခန်းဖြစ်ပြီး ရုံးခန်း၊ လက်မှတ်အရောင်းဌာန၊ i Pay စနစ် အသုံးပြုသည့်နေရာများ ပါဝင်ကြောင်း သိရသည်။

ထိုဆိပ်ခံနှင့်ကပ်လျက် အမျိုးသား အမျိုးသမီးအများသုံးသန့်စင်ခန်းနှစ်ခန်းတွဲတို့အား တည်ဆောက်ရာ ရိုးရိုးခန်းနှစ်ခန်းစီ၊ ဘိုထိုင်နှစ်ခန်းစီ ပြီးစီးနေပြီဖြစ်သည်။ ထို့ပြင် ဆိပ်ကမ်းနှင့်တွဲဖက်၍ အသုံးပြုရန် ကွန်ကရစ်ခင်းဖောတံတားနှစ်ခုအား သဘော်ကျင်းတွင် တည်ဆောက်လျက်ရှိကြောင်းနှင့် ထိုစီမံကိန်းသည် အမေရိကန်ဒေါ်လာ သန်းနှစ်ဆယ်ဝန်းကျင်ခန့် အကုန်အကျခံတည်ဆောက်ခြင်းဖြစ်ကြောင်း JICAမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဂျပန်နိုင်ငံမှ အရှည် ပေ ၁၂၀ ရှိ ချယ်ရီ(၁)(၂)(၃) ကူးတို့သဘော်သုံးစင်းအား တည်ဆောက်နေပြီဖြစ်ရာ စက်တင်ဘာလပိုင်းတွင် အပြီးသတ်၍ ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမည့် အောက်တိုဘာလအမီ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့က ချယ်ရီ(၁)(၂)(၃)ကို စမ်းသပ်မောင်းနှင်ဖို့အတွက် ပြီးခဲ့တဲ့လက ဂျပန်နိုင်ငံကို သွားခဲ့ရသေးတယ်” ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သဘော်ရေယာဉ်မှူးက ပြောပြသည်။ ယခုအခါ အဆိုပါ လိုင်းတွင် တပင်ရွှေထီး၊ ကျန်စစ်သားနှင့် အနော်ရထာ နှစ်ထပ်ရေယာဉ်ကြီးများဖြင့် နံနက် ၅ နာရီမှ ည၉ နာရီခွဲထိ လူတစ်ဦးလျှင် ကျပ် ၁၀၀ ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်းသိရသည်။

အောင်မင်း(ဒလ)

အီဘိုလာဗိုင်းရပ်စ်ရောဂါသတိပေးနှိုးဆော်ချက်

- အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ကူးစက်မြန်ရောဂါတစ်မျိုးဖြစ်ပြီး ကုသရန်ခက်ခဲသည့်အပြင် ရောဂါပြန့်ပွားမှုအား ထိန်းချုပ်ရန် အလွန်ခက်ခဲသော ရောဂါဖြစ်ပါသည်။
- ယခုအခါ အာဖရိကအနောက်ပိုင်းဒေသရှိ Guinea, Liberia, Nigeria & Sierra Leone နိုင်ငံတို့တွင် ရောဂါကူးစက်ဖြစ်ပွားနေပြီး ၂၀၁၄ ခုနှစ် မတ်လမှ ၁-၈-၂၀၁၄ ရက်အထိ အီဘိုလာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားသူ ၁၆၀၃ ဦးနှင့် သေဆုံးသူ ၈၈၇ ဦးတို့ရှိခဲ့ပါသည်။

အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်နိုင်သောနည်းလမ်းများ

- အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ရောဂါပိုးရှိသောလူ (သို့မဟုတ်) တိရစ္ဆာန်၏ တံတွေး၊ သွေး၊ ခန္ဓာကိုယ်မှ ထွက်သောအရည်တို့နှင့် တိုက်ရိုက်ထိတွေ့ကိုင်တွယ်ခြင်း။
- အဆိုပါသွေးနှင့် ခန္ဓာကိုယ်မှအရည်များထိတွေ့ထားသော အရာဝတ္ထုများနှင့် ထိတွေ့ကိုင်တွယ်ခြင်းတို့မှ ကူးစက်နိုင်သည်။
- **ဆားစ်၊ လူတုပ်ကွေးကပ်ရောဂါ၊ H_7N_9 ကြက်ငှက်တုပ်ကွေးရောဂါ၊ မားစ်ပြင်းထန်အဆုတ်ရောင်ရောဂါ (MERS CoV) တို့ကဲ့သို့ လေထဲမှတစ်ဆင့် ကူးစက်နိုင်သောရောဂါမဟုတ်ပါ။**
- အီဘိုလာရောဂါသည် လေ၊ ရေ၊ အစားအစာတို့မှတစ်ဆင့် မကူးစက်နိုင်ပါ။
- **ယခုအချိန်အထိ အီဘိုလာဗိုင်းရပ်စ်ရောဂါကို ကာကွယ်ကုသရန် ဆေးမရှိသေးပါ။ ရောဂါမဖြစ်ပွားရန် ကာကွယ်ရန် အရေးကြီးပါသည်။**
- ရောဂါပိုးရှိသော လူနာနှင့်တိရစ္ဆာန်တို့၏ တံတွေး၊ သွေးစသော ခန္ဓာကိုယ်အရည်များအား ကိုင်တွယ်ထိတွေ့သူများတွင် အဓိကရောဂါကူးစက်နိုင်ခြေရှိသဖြင့် ကာကွယ်သည့်နည်းလမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။

အီဘိုလာဗိုင်းရပ်စ်ရောဂါသံသယလက္ခဏာများ

အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားနေသောနိုင်ငံများ အထူးသဖြင့် (အနောက်အာဖရိကနိုင်ငံများ) သို့ သွားရောက်ခဲ့သူများ (သို့မဟုတ်) နိုင်ငံတကာခရီးသွားသူများ၊ ကူးစက်မြန် အီဘိုလာရောဂါလူနာအား တိုက်ရိုက်ပြုစုကုသထိတွေ့ကိုင်တွယ်ခဲ့သူများ၊ ရောဂါရှိသော တောရိုင်းတိရစ္ဆာန်များအား ထိတွေ့ကိုင်တွယ်သူများတွင်-

- **ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ အန်ခြင်း၊ အရည်ဝမ်းသွားခြင်း၊**
- အီဘိုလာဗိုင်းရပ်စ်ပိုးသည် အသည်းနှင့် ကျောက်ကပ်များပျက်စီးနိုင်သဖြင့် ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်းကြောင့် အသက်အန္တရာယ်ဖြစ်နိုင်ပါသည်။

အီဘိုလာရောဂါကူးစက်မှု မရှိစေရေးကာကွယ်ရန်နည်းလမ်းများ

၁။ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုပါ။
၂။ လက်ကို ရေနှင့်ဆပ်ပြာဖြင့် မကြာခဏ ဆေးကြောပါ။
၃။ ရောဂါပိုးရှိသူ၏ သွေးနှင့် ၎င်းခန္ဓာကိုယ်မှထွက်သော အရည်များအား ထိတွေ့ကိုင်တွယ်ခြင်းမပြုရ။
၄။ ရောဂါပိုးရှိသော လူ၊ တိရစ္ဆာန်တို့၏ သွေးနှင့် ၎င်းခန္ဓာကိုယ်မှထွက်သော အရည်များရှိနိုင်သည့် (အရာဝတ္ထုပစ္စည်း၊ ခုံများ၊ စားပွဲများ၊ အိပ်ရာ၊ လှေကားလက်ရမ်း၊ နံရံစသည်တို့အား) ထိတွေ့ကိုင်တွယ်ခြင်းမပြုရ။
၅။ အထူးသဖြင့် အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားသောနိုင်ငံများသို့ သွားရောက်ခဲ့သူများနှင့်နိုင်ငံတကာခရီးသွားသူများတွင် အောက်ဖော်ပြပါ သံသယလက္ခဏာများဖြစ်ပေါ်လာပါက ကျန်းမာရေးဌာနသို့ ချက်ချင်း သတင်းပို့ဆေးကုသမှုခံယူပါ။ **ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးချည့်ခြင်း၊ လည်ချောင်းနာခြင်း၊ အရည်ဝမ်းသွားခြင်း၊ အန်ခြင်း၊ ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်း။**
၆။ အထက်ပါ သံသယလက္ခဏာဖြစ်ပွားသူများတွေ့ရှိပါက **နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ပါ။**
၇။ နိုင်ငံခြားသို့ ခရီးသွားရောက်ရန် အစီအစဉ်ရှိပါက ရောဂါဖြစ်ပွားကူးစက်နေသည့်နိုင်ငံများသို့ သွားရောက်ခြင်းကို ရှောင်ကြဉ်ပါ။

ကျန်းမာရေးဝန်ကြီးဌာနမှ အီဘိုလာရောဂါကြိုတင်ကာကွယ်ကုသထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

❖ **နိုင်ငံခြားမှ**

“တိုးလ်သဘော်တွေကတော့ ဒီလပိုင်းမှာ နေ့စဉ် ၁၅ စင်းလောက်ဝင်တယ်။ နောက်လတွေဆိုရင် အစင်းရေ ၂၀၊ အစိတ် ဝင်တော့မယ်။ အခု နိုင်ငံခြားသားရောပြည်တွင်းဘုရားဖူးတွေရော အလာများပြီဆိုတော့ ဈေးရောင်းကောင်းကြတယ်။ နွားလှည်းသမားတွေရော၊ သုံးဘီးဆိုင်ကယ်တွေရော အလုပ်ဖြစ်လာကြပြီ။ ထိုင်းခရီးသွားတွေက သုံးဘီးဆိုင်ကယ်ကို စီးကြတယ်။ ဥရောပခရီးသွားတွေက နွားလှည်းကို စီးလေ့ရှိကြတယ်။ပန်းချီနဲ့အနုပညာဆိုင်တွေလည်း အရောင်းအဝယ်ဖြစ်လာကြပြီ။ မင်းကွန်းက နိုင်ငံခြားသားနဲ့ဘုရားဖူးဧည့်သည်တွေကို မှီခိုလုပ်ကိုင်စားသောက်နေကြရတာဆိုတော့ ဧည့်သည်အလာများမှ ဒေသခံတွေ အဆင်ပြေကြတယ်။” ဟု မင်းကွန်းခြသေ့်ကြီးအနီးမှ ဈေးရောင်းချသူ တစ်ဦးက ပြောပြသည်။

မင်းကွန်းသို့သွားရောက် လည်ပတ်သူ ပြည်တွင်းဘုရားဖူး အများစုတို့သည် ရေလမ်းကြောင်းမှ လာရောက်မှုနည်းပါးပြီး မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် စစ်ကိုင်း-မင်းကွန်းကားလမ်းအတိုင်း လာရောက်ကြကြောင်း၊ နိုင်ငံခြားသားခရီးသွားဧည့်သည် အများစုသာလျှင် တိုးလ်သဘော်များဖြင့် မန္တလေးမှ မင်းကွန်းသို့ ရေလမ်းခရီးဖြင့် သွားရောက်လည်ပတ်လေ့လာမှုများပြားကြောင်း သိရသည်။

“မင်းကွန်းကို နိုင်ငံခြားသားဧည့်သည်တွေ လိုက်ပို့နိုင်ဖို့အတွက် ခရီးသွားကုမ္ပဏီ ခြောက်ခုနဲ့ ချိတ်ဆက်ထားရတယ်။ နိုင်ငံခြားသားတွေက လူများများ မစီးချင်ကြဘူး။ တိုးလ်ဘုတ်က လူ ၅၀ကျော်တင်နိုင်ပေမယ့် သူတို့က ၁၅ ဦး၊ ဦး ၂၀ ထက် ပိုမစီးကြဘူး။ သူတို့က မြစ်ကြောင်းတစ်လျှောက် ရှုခင်းကြည့်ရင်း၊ဓာတ်ပုံဗီဒီယိုရိုက်ရင်း လိုက်ကြတာများတယ်။ တိုးလ်ဘုတ်ပေါ် လိုက်ပါလာတဲ့ နိုင်ငံခြားသားတွေကို ရေနွေး၊ လက်ဖက်သုပ်၊ အကြော်အလှော်လေးတွေနဲ့ ဧည့်ခံပေးတယ်။ ပြည်တွင်းဘုရားဖူးတွေကတော့ တိုးလ်ဘုတ်တွေကို ငှားစီးလို့ မရဘူးထင်ကြလို့ စီးတဲ့သူနည်းနေတယ်။ အဖွဲ့လိုက်စုပေါင်းငှားရင် သင့်တင့်တဲ့ဈေးနှုန်းနဲ့ လိုက်ပေးပါတယ်။ တိုးလ်ဘုတ်တွေက မန္တလေး၊ မရမ်းခြံဆိပ်က ထွက်ရတယ်။ မရမ်းခြံဆိပ်ကမ်းက အတက်/အဆင်း မကောင်းတော့ နိုင်ငံခြားသားတွေကို အားနာနေရတယ်။ အန္တရာယ်ဖြစ်မှာကိုလည်း စိုးရိမ်နေရတယ်။သက်ဆိုင်ရာတွေအနေနဲ့ နိုင်ငံခြားသားတွေ နေ့စဉ် သွားလာနေတဲ့အတွက် မရမ်းခြံဆိပ်ကမ်းကို သပ်ရပ်သန့်ရှင်းကျယ်ပြန့်တဲ့အနေအထား ဖြစ်အောင် ဆောင်ရွက်ပေးစေချင်တယ်” ဟု တိုးလ်ဘုတ်ပိုင်ရှင်တစ်ဦးက ပြောပြသည်။

နိုင်ငံခြားသားခရီးသွားဧည့်သည်များအား ပြေးဆွဲပို့ဆောင်ပေးလျက်ရှိနေသည့် တိုးလ်သဘော်များမှာ မရမ်းခြံဆိပ်ကမ်းမှ မင်းကွန်းသို့ နံနက် ၉ နာရီတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီတစ်ကြိမ် နေ့စဉ်နှစ်ကြိမ် ပို့ဆောင်ပေးရကြောင်း၊ နိုင်ငံခြားသားခရီးသွားတစ်ဦးလျှင် ကျပ် ၅၀၀၀ ရရှိကြောင်း၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များအား မန္တလေး-မင်းကွန်းခရီးစဉ်အပြင် မန္တလေး-အင်းဝ၊ မန္တလေး-ဗန်းမော်၊ မန္တလေး-ပုဂံခရီးစဉ်များကိုလည်း လိုက်လံပို့ဆောင်ပေးရကြောင်း သိရသည်။

(နန္ဒာမင်းလွင်)

သမိုင်းတန်ဖိုးကြီးလှသည့် ဓမ္မစေတီခေါင်းလောင်း

ခင်မောင်ဌေး(ပညာရေး)

မကြာသေးမီကပင် မြန်မာတို့၏ ရှေးဟောင်းပျူမြို့တော်များအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် တရားဝင် သတ်မှတ်ကြေညာနိုင်ခဲ့ပြီဖြစ်၏။ ထို့ကြောင့် မြန်မာတို့၏ ဂုဏ်ကျက်သရေကို ပိုမိုတိုးမြင့်စေခဲ့သည်။ နိုင်ငံတကာ ခရီးသွားများ၏ ပိုမိုအာရုံစိုက်ခြင်းကိုလည်းခံရ၏။။ ထိုဒေသများသို့ ကမ္ဘာ့လှည့်ခရီးသွားများ ရောက်ရှိလာခြင်းဖြင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ပိုမိုတောက်ပြောင်စေခဲ့ပါသည်။

ယခုတစ်ဖန် လွန်ခဲ့သောနှစ်ပေါင်း ၄၀၀ ခန့်က ရန်ကုန်မြို့အနီး မြစ်သုံးစင်းဆုံရာတွင် ကိန်းဝပ်နေခဲ့သည့် မြန်မာ့အမွေအနှစ်စစ်စစ် ဓမ္မစေတီခေါင်းလောင်းတော်ကြီးအား ပြန်လည်ဖော်ထုတ်ရန် ကြိုးစားလာကြသည်။ လျှပ်တစ်ပြက်ဂျာနယ်တွင် ဆရာချစ်စံဝင်း၏ ဓမ္မစေတီခေါင်းလောင်းတော်ကြီးနှင့် ပတ်သက်၍ ကြိုးစားမှုများဖော်ပြခဲ့စဉ်ကလည်း စာဖတ်သူအများအပြားကို စိတ်ဝင်စားစေခဲ့သည်။

ဓမ္မစေတီခေါင်းလောင်းတော်ကြီးသည် ခရစ်နှစ် ၁၄၇၆ ခုနှစ်တွင် ဟံသာဝတီပြည့်ရှင် ဓမ္မစေတီမင်းသွန်းလုပ်ပြီး ရွှေတိဂုံစေတီအရှေ့မြောက်ထောင့်တွင် တည်ထားကိုးကွယ်ခဲ့သည်။ အလေးချိန်မှာ ပိဿာတစ်သိန်းရှစ်သောင်း၊ တန်ချိန် ၂၉၀ ကျော်ရှိသည်။ ထိုခေါင်းလောင်းတော်ကြီးကို ခရစ်နှစ် ၁၆၀၂ ခုနှစ်တွင် သံလျင်မြို့စား ပေါ်တူဂီလူမျိုး ဖိလစ်ဒီဘရစ်တို(ခ) ငဇင်ကာက လက်နက်ခဲယမ်း ပြုလုပ်ရန် ရွှေတိဂုံစေတီပေါ်မှ သံလျင်သို့ သယ်ဆောင်ရန် ကြိုးစားခဲ့သည်။ (အနီးဆုံး ပုဇွန်တောင်ချောင်းမှ တစ်ဆင့် သယ်သည်ဟုလည်း ဆိုသည်) ဤသို့ သယ်ယူရာတွင် မြစ်သုံးစင်းဆုံရာတွင် လှိုင်းလေထန်၍ ရေထဲပြုတ်ကျသွားသည်မှာ ယနေ့တိုင်ဖြစ်သည်။

ဓမ္မစေတီခေါင်းလောင်းတော်ကြီးနှင့် ပတ်သက်၍လည်း "မုဆိုးမအိမ်အောက်တွင် ဖော်မည်။ ငါးပိရိုးဖြင့် ခေါင်းလောင်းထိုးမှ မြည်မည်။ နဂါးသိုက်ရှိသည်။ ကုန်းမှာမပျော်၊ ရေမှာပျော်"ဟူ၍ ရှေးလူကြီးသူမများ ပြောဆိုဖူးကြောင်း ကြားသိရ၏။

မည်သို့ပင်ဆိုစေ ဓမ္မစေတီခေါင်းလောင်းတော်ကြီးသည် များပြားလှစွာသော မြန်မာ့ရှေးဟောင်းအမွေအနှစ်များထဲမှ တစ်ခုဖြစ်သည်။ ကမ္ဘာပေါ်တွင် အရွယ်အစားအကြီးဆုံးဆိုသည့် ဝိသေသလက္ခဏာနှင့် ပြည့်စုံနေသည့် ခေါင်းလောင်းတော်ကြီးလည်း ဖြစ်သည်။

ယခုအခါ ယင်းခေါင်းလောင်းတော်ကြီးအား ပြန်လည်ဖော်ထုတ်ရန် ကြိုးစားနေကြပြီဖြစ်၏။ ဇူလိုင် ၂၅ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲကြောင့် ပြည်သူအများ စိတ်ဝင်စားနေကြသည်။ အထူးသဖြင့် နှစ်ပေါင်း ၄၀၀ ကျော် နစ်မြုပ်နေသည့် ခေါင်းလောင်းတော်ကြီးအား ရက်ပေါင်း ၂၀ အတွင်း အပြီးသတ်ပြန်လည်ဆယ်ယူမည့်အစီအစဉ်ကြောင့် ပို၍စိတ်လှုပ်ရှားနေကြသည်။ စတင်သည့်နေ့မှသည် ယနေ့တိုင် အေးရှားပွိုင့်ဘိုလိန်းစင်တာဝင်းအတွင်း ရဟန်းရှင်လူ ပြည်သူပရိသတ်မြောက်မြားစွာ ကားနှင့်တစ်မျိုး၊ ဆိုက်ကားဖြင့် တစ်ဖုံ၊ ခြေကျင်တစ်သွယ် ပတ်ဝန်းကျင်ဒေသများဖြစ်သည့် သာကေတ၊ ဒေါပုံ၊ သံလျင် စသည်တို့မှ ပြည်သူအများအပြားလာရောက်ကြည့်ရှုကြကြောင်း သိရသည်။

မြန်မာတို့သည် ပုဂံခေတ်မှသည် ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ခဲ့ကြသူများဖြစ်သည်။ ဘာသာရေးနှင့် ပတ်သက်၍ ဘုရား၊ပုထိုး၊ စေတီ၊ကျောင်းကန်များ၊ ကျောက်စာတိုင်များ၊ ခေါင်းလောင်းများ အမြောက်အမြားကျန်ရစ်ခဲ့သည့် နိုင်ငံဖြစ်ပါသည်။ အထူးသဖြင့် မြန်မာတစ်မျိုးသားလုံး ကြည်ညိုလေးစား၊ ဂုဏ်ယူဝံ့ကြွားသည့် ရွှေတိဂုံစေတီတော်ရင်ပြင်တွင် တည်ထားခဲ့သည့် ကမ္ဘာ့အကြီးဆုံးခေါင်းလောင်းတော်ကြီးအား မူလနေရာတွင် မြင်တွေ့လိုကြပါသည်။ ရှေးမြန်မာတို့၏ ကြီးမြတ်လှသော ကိုးကွယ်ယုံကြည်မှုနှင့် အလှူဒါနပြုမှုကို တန်ဖိုးထား ဂုဏ်ယူကြရမည်ဖြစ်သည်။

ရှေးဟောင်းအမွေအနှစ်ဆိုသည်မှာ ယင်းနိုင်ငံရှိ ပြည်သူပြည်သားများ၏ လေးစားတန်ဖိုးထားမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုအပေါ်တွင် များစွာတည်မှီနေပါသည်။ လက်ရှိ မပျက်စီးသေးသည့် ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ ပျက်လုနီးနီးဖြစ်နေသော အမွေအနှစ်များကို ရှေးမူမပျက်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများပြုရမည်။ တိမ်မြုပ်ပျောက်ကွယ်လုနီးနီးဖြစ်နေသည့် အမွေအနှစ်များကိုလည်း တတ်စွမ်းသရွေ့ ပြန်လည်ဖော်ထုတ်ကြရမည်သာဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် လိပ်ပြာသုတေသီတစ်ဦး

တောနက်ထဲသို့ ခရီးလွန်သွားရာမှ ကမ္ဘာ့အကြီးဆုံး ဘုရားကျောင်းကြီးဖြစ်သည့် အန်ကောဝပ် (Ankor Wat) ကျောင်းတော်ကြီးကို တွေ့ရှိခဲ့သည်။ ၁၂ ရာစု ဟိန္ဒူဝါဒ လွှမ်းမိုးထားသည့် ကျောင်းတော်ကြီးဖြစ်သည်။ သို့သော် နိုင်ငံအတွင်း အမှန်တကယ်ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ရှေးဟောင်းအမွေအနှစ်ဖြစ်၍ ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာတွင် အကျော်ဇေယျဖြစ်ခဲ့ရလေသည်။

ယခုပြန်လည်ဖော်မည့် ဓမ္မစေတီခေါင်းလောင်းတော်ကြီးသည် မြန်မာတို့၏ ကိုးကွယ်ယုံကြည်မှုမြင့်မားစွာ တည်ရှိမှုကို ပြသခြင်းလည်း ဖြစ်သည်။ မြန်မာတို့၏ ရှေးဟောင်းအနုပညာလက်ရာနှင့် တိုင်းရင်းသားစာပေတို့ကို ပို၍ တွက်ချက်မှန်းဆနိုင်မည်ဖြစ်၏။ နိုင်ငံနှင့် လူမျိုးအတွက် တန်ဖိုးဖြတ်၍မရနိုင်သော သမိုင်းဝင်ကြိုးပမ်းမှုတစ်ရပ်ဖြစ်၍ ပြည်သူတစ်ရပ်လုံး၏ အားပေးမှု၊ ယုံကြည်ကိုးစားမှုနှင့်အတူ နိုင်ငံ့ဂုဏ်ကို ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုရေးသားနည်း အခြေခံလမ်းညွှန်သင်တန်းတွင် လယ်တွင်းသားစောချစ်၊ မနုဿကျော်ဝင်း၊ မြင်းမူမောင်နိုင်မိုး၊ ချစ်နိုင်(စိတ်ပညာ)၊ မောင်ဟေမာ၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မောင်စိုးထိုက်(သုံးဆယ်)၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ နွမ်ဂျာသိုင်း၊ ဟိန်းလတ်၊ ဒေါက်ထွေး(ဆေး/မန်း)၊ မစန္ဒာ၊ ကြူကြူသင်း၊ မနှင်းဖွေး၊ မမိုးမြေ၊ မြတ်စိုး(လှိုင်)၊ တင်အောင်ရွှေ(သုတေသီ)နှင့် အခြားနာမည်ရ စာရေးဆရာကြီးများက သင်ကြားပို့ချကြမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတိတိ အပတ်စဉ် (တနင်္လာနေ့မှ စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် သင်တန်းကြေး ငွေကျပ် ၂၀၀၀၀ ပေးသွင်းရမည်ဖြစ်သည်။

အသက် (၁၆)နှစ် ပြည့်ပြီးသူဖြစ်ရမည်။ သင်တန်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းရုံး အမှတ် (၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ တို့သို့စုံစမ်း၍ ဩဂုတ် ၂၅ ရက်နောက်ဆုံးထားပြီး ဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်လွှာပုံစံ ဝယ်ယူတင်သွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ရုံးအတွက်
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်သူ့လွှတ်တော်ရုံးတွင် အသုံးပြုရန် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Machinery Equipment 5-Items
- (၁) ရေခဲသေတ္တာ(Panasonic 2 Door) 1-Nos
- (၂) TV(42" LCD) 4-Nos
- (၃) အသံဖမ်းစက် 36-Nos
- (၄) ကက်ဆက် 10-Nos
- (၅) EVD-Player 10-Nos

(ခ) Office Equipment 9-Items
- (၁) Computer 75-Nos
- (၂) Printer 75-Nos
- (၃) Copier 40-Nos
- (၄) Color Printer A3 5-Nos
- (၅) Color Printer A4 10-Nos
- (၆) Duplo Copier 4-Nos
- (၇) Scanner 1-Nos
- (၈) Fax Phone 12-Nos
- (၉) Laptop 18-Nos

တင်ဒါပုံစံရောင်းချမည့်ရက်/အချိန် - ၁၈-၈-၂၀၁၄ ရက်မှ ၂၁-၈-၂၀၁၄ ရက်ထိ ၁၀း၀၀ နာရီမှ ၁၆း၃၀ နာရီထိ
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၂-၈-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ
တင်ဒါပုံစံများရောင်းချမည့်နေရာ နှင့်တင်သွင်းရမည့်နေရာ - ရုံးအမှတ်(၂၀)ပြည်သူ့လွှတ်တော်ရုံး၊ နေပြည်တော်

၂။ တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ဝယ်ယူ နိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၅၉၁၁၇၆၊ ၀၆၇-၅၉၁၂၅၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အုပ်ချုပ်မှုဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့
ပြည်သူ့လွှတ်တော်ရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-UE-1၊ လူနေရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-၉၅၉၊(အလျားပေ၄၀ × အနံပေ၆၀)အကျယ်အဝန်းရှိ ဦးထွန်းမြင့် အမည်ပေါက် ပါမစ်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ UE-1၊ သခင်ခင်ဇော်(၂)လမ်း၊ အမှတ်-၉၅၉၊ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင်စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုပြီး မြေငှားဂရန်လျှောက်ထားသူ ဒေါ်လားထူးရီ[၅/ကလထ(နိုင်)၁၀၉၁၂၃]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ)	ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅)
LL.B,A.G.T.I(EP),D.B.L,D.M.L	**LL.B,WIPO(SWITZERLAND)**
WIPO(SWITZERLAND)	
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)	ဦးစိုးလွင်ဦး(စဉ်-၃၇၉၈၁)
ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး	**LL.B,WIPO(SWITZERLAND)**
	အထက်တန်းရှေ့နေများ

အမှတ်-၁၃၂၊ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၈၄၀၄၂၊ ၀၉၃၁၁၆၇၀၈၆၊ ၀၉၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁

သင့်သွေးဖြင့် အသက်ကယ်ပါ

မက်မောခဲ့ ဈေးကြီးပေးခဲ့၊ အရသာခံခဲ့၊ လိုတာယူပြီး ပုံပြောင်းလို့ စွန့်မယ်ဆိုမှ တွယ်ကပ်ပြီး ကောင်းကောင်းမသွားတော့ ညစ်အား အလွန်အကျွံသုံးရ မအီမသာနာကျင်ခံခက်နဲ့၊ ကဲ---ရော့ နောက်နေ့ ဒါသုံး၊ အားလုံးအဆင်ပြေသွားမယ်။
စုစုအေးအောင် ဝမ်းမှန်အကြောပြေဆေး

အမည်ပြောင်း

ပေါင်းတည်မြို့နယ်၊ မဲခေါင်အုပ်စု၊ သရက်ကုန်းကျေးရွာနေ ဦးကျော်နိုင်ဦး[၇/ပတတ(နိုင်) ၁၀၀၄၇၆] အား ဦးကျော်နိုင်ဦး(ခ) ဦးကျော်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

ဦးကျော်နိုင်ဦး(ခ)ဦးကျော်နိုင်

မန္တလေး-မြစ်ကြီးနားကုန်တင်ရထား ကျွန်းလှမြို့၌ ဘီးချော်

ကျွန်းလှ ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ စက်ခေါင်းမောင်း ဦးသက်ကိုကို မောင်းနှင်လာသော စက်ခေါင်းအမှတ် DD965 မန္တလေး-မြစ်ကြီးနား ကုန်တင်အမြန်ရထားသည် ကန့်ဘလူ-ကျွန်းလှ မိုင်တိုင်အမှတ် (၄၉၈/၆)နှင့် (၁၀) အကြားတွင် ဩဂုတ် ၁၄ ရက် နံနက် ၁၁ နာရီ၅၅ မိနစ်က ရေနံနှင့်ဒီဇယ်တင်ထားသော တွဲအမှတ် DBHV40384 မှာ ဘီးနှစ်ဘီးချော်သွားကြောင်း သိရသည်။

ထိုသို့ ရထားဘီးချော်သွားသော်လည်း တစ်ဦးတစ်ယောက်မှ ဒဏ်ရာရရှိခြင်းမရှိကြောင်း၊ အချိန်မီဖြတ်သန်းသွားလာနိုင်ရန် ကန့်ဘလူသံလမ်းအင်ဂျင်နီယာအဖွဲ့မှတိုင်းတာပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘူတာရုံပိုင်က ပြောကြားသည်။

မျိုးဝင်းညို(ကျွန်းလှ)

မိကျောင်း အသေတစ်ကောင်ဖမ်းမိ

ပုသိမ် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ ဆိပ်မကျေးရွာအုပ်စု ခါချဉ်ချောင်းအတွင်းတွင် ဩဂုတ် ၁၃ ရက် ညနေ ၃ နာရီက ငှင်းရွာနေ ဦးမောင်လှိုင် (၃၈)နှစ် ကျပန်းလုပ်ကိုင်သူ၏ ကျားပိုက်အဟောင်းများဖြင့် ကာရံလျက် ဘဲများ မွေးမြူထားသည့် ဘဲခြံအတွင်းသို့ အလျား ခုနစ်ပေ ကိုးလက်မ၊ လုံးပတ်နှစ်ပေ ခြောက်လက်မ၊ အသက်လေးနှစ်ကျော်ခန့်ရှိ မိကျောင်းတစ်ကောင်မှ ဘဲများအား ဝင်ရောက်ဆွဲရာ ငှင်းမိကျောင်းမှာ ကျားပိုက်နှင့် လုံးထွေးရစ်ပတ်ပြီး ညနေ ၃ နာရီမိနစ် ၂၀ ခန့်တွင် သေဆုံးသွားသည်။ အဆိုပါ မိကျောင်းအား ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့်အဖွဲ့က ခေတ္တထိန်းသိမ်းထားပြီး ဘိုကလေးမြို့နယ် မိန်းမလှကျွန်းရှိ မိကျောင်းမွေးမြူရေးစခန်းသို့ အကြောင်းကြားထားကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

တောင်ကျရေများကြောင့် တာချီလိတ်မြို့၌ ရေလွှမ်း

တာချီလိတ် ဩဂုတ် ၁၄

ဩဂုတ် ၁၃ ရက် ညပိုင်းမှစတင်ကာ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တောင်ကျရေများကျဆင်းကာ တာချီလိတ်မြို့ အနိမ့်ပိုင်းရပ်ကွက်အချို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။ တောင်ကျရေကျဆင်းမှုကြောင့် မယ်ခေါင်၊ ရန်အောင်မြေနှင့် ဆေးခမ်းရပ်ကွက်များတွင် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းမှစတင်ကာ ရေတဖြည်းဖြည်းဝင်ရောက်လာကာ မွန်းလွဲပိုင်းတွင် ရေတစ်ပေခွဲမှ လေးပေခန့်အထိ မြင့်တက်လာပြီး လယ်ယာစိုက်ခင်း များ၊ စာသင်ကျောင်းများ၊ နေအိမ်များ ရေလွှမ်းမိုးခံရကာ တာချီလိတ်-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် အမြင့်နှစ်ပေခန့်အထိ ရေလွှမ်းမိုးခဲ့သော်လည်း ယာဉ်သွားလာမှု ပြတ်တောက်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ရေလွှမ်းမိုးမှုဖြစ်ပေါ်ရာရပ်ကွက် ကျေးရွာများသို့ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီးရေလွှမ်းမိုးမှုကြောင့် လယ်ယာစိုက်ခင်းများ ပျက်စီးမှုမရှိဘဲ လူနှင့်ကျွဲ၊ နွားတိရစ္ဆာန်များပါ သေကြေပျက်စီးမှု မရှိကြောင်း သိရသည်။

(မောင်ယဉ်ကျေး)

မော်လမြိုင်မြို့လယ် ရွှေတောင်ရပ်ကွက် ရွှေတောင်လမ်းတွင် သံလွင်မြစ်ရေတိုးလာမှုကြောင့် ရေလွှမ်းလျက်ရှိသည်ကို ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။ (ဆက်နေမင်းအောင်)

ဗိုလ်တထောင်မြို့နယ်တွင် လမ်းဘေး၌ရပ်ထားသော ယာဉ်ငါးစီးကို တိုက်မိမှုဖြစ်ပွား

ရန်ကုန် ဩဂုတ် ၁၄

ဗိုလ်တထောင်မြို့နယ်တွင် ဩဂုတ် ၁၃ ရက် နံနက်အစောပိုင်းက ကိုယ်ပိုင်ယာဉ်တစ်စီးမှ လမ်းဘေးတွင်ရပ်ထားသော ယာဉ်ငါးစီးကို တိုက်မိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၃ ရက် နံနက် ၁ နာရီ ၅ မိနစ်က ဗိုလ်တထောင်မြို့နယ် (၄၇)လမ်းအတိုင်း ဗိုလ်ချုပ်လမ်းဘက်မှ အနော်ရထာလမ်းဘက်သို့ ယာဉ်မောင်း ကိုမင်းထက်အောင်(၂၅)နှစ်မောင်းနှင်လာသော 7D/----ပရိုဘောက်အဖြူရောင်ကိုယ်ပိုင်ယာဉ်သည် အနော်ရထာလမ်းထိပ်အနီးအရောက် လမ်းဘေး ဝဲ၊ ယာ၌ ရပ်ထားသော 2F/---MarkXဆလွန်းယာဉ်၊ ယာယီ----/14 တိုယိုတာဗစ်ယာဉ်၊ 2F---လိုက်အေ့စ်ပစ်ကပ်ယာဉ်၊ ၉၇/---နစ်ဆန်းစကိုင်းလိုင်းယာဉ်နှင့် လိုက်ထရပ်ယာဉ်တို့အား ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ယာဉ်ခြောက်စီးစလုံးပျက်စီးခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ကိုမင်းထက်အောင်အား ဗိုလ်တထောင်မြို့မရဲစခန်းက ယာဉ်(ပ)၂၁/၂၀၁၄၊ ပြစ်မှုပုဒ်မ- ၂၇၉ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၄၀)

ဆူဇူကီးဖလားခြေစစ်ပွဲအတွက် ဩဂုတ် ၂၅ ရက်တွင် မြန်မာအသင်းလေ့ကျင့်မှုစတင်မည်

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် လာမည့် အောက်တိုဘာလအတွင်း လာအိုနိုင်ငံ၌ ကျင်းပမည့် ဆူဇူကီးဖလားခြေစစ်ပွဲအတွက် လာမည့် ဩဂုတ် ၂၅ ရက်မှစတင်ကာ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် မြန်မာ့လက်ရွေးစင်အသင်းမှာ စက်တင်ဘာလအတွင်းကျင်းပမည့် ဖိလစ်ပိုင်ငြိမ်းချမ်းရေး ဖိတ်ခေါ်ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သွားရန် စီစဉ်ထားပြီး ယင်းပြိုင်ပွဲမှာ ဆူဇူကီးဖလားခြေစစ်ပွဲမတိုင်မီ မြန်မာအသင်းနောက်ဆုံးကစားမည့် ပြိုင်ပွဲဖြစ်လာနိုင်ကြောင်းသိရသည်။ မြန်မာအသင်းမှာ အိမ်ရှင်ဖိလစ်ပိုင်အသင်းအပါအဝင် ပါလက်စတိုင်း၊ တရုတ်(တိုင်ပေ)အသင်းတို့နှင့်ယှဉ်ပြိုင်ရမည်ဖြစ်ကာ လေးသင်းအုပ်စုပတ်လည် စနစ်ဖြင့်ကစားသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ ဆူဇူကီးဖလားအကြို ပြင်ဆင်မှုအနေဖြင့် ဖိလစ်ပိုင်ဖိတ်ခေါ်ဖလားအပြီးတွင် ကာတာနိုင်ငံသို့သွားရောက်လေ့ကျင့်ရန် စီစဉ်ထားသော်လည်း ယင်းခရီးစဉ်မှာ ဖြစ်မြောက်နိုင်ဖွယ် မရှိသေးကြောင်းသိရသည်။

[ရဲစွမ်း]

ရန်ကုန်ချောင်းဒီဂရီကောလိပ်ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကျင်းပ

ရန်ချောင်း ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ရေနံချောင်း ဒီဂရီ ကောလိပ်၏ ကာယဗလမောင်နှင့်ကာယအလှမယ် ပြိုင်ပွဲကို အဆိုပါကျောင်းရှိ ပတ္တမြားခန်းမ၌ ဩဂုတ် ၁၁ရက်က ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာ မောင်မောင်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာသန်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကာယဗလမောင်ပြိုင်ပွဲနှင့် ကာယအလှမယ် ပြိုင်ပွဲ (၂)ရပ်အားကျင်းပပြီး ကာယဗလမောင် ဆုရသူ သုံးဦးနှင့် ကာယအလှမယ်ဆုရရှိသူ သုံးဦး စုစုပေါင်း ခြောက်ဦးအား ကျောင်းအုပ်ဆရာကြီး ဒေါက်တာ မောင်မောင်နိုင်နှင့် ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌတို့က ဆုများအသီးသီး ချီးမြှင့်ကြသည်။

ပြိုင်ပွဲသို့ ကျောင်းအုပ်ဆရာကြီး၊ ပါမောက္ခ/ ဌာနမှူးများ၊ စီမံအကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် သတင်းဂျာနယ်များမှသတင်းထောက်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဆန်းညွန့်(ရေနံချောင်း)**

ရီးယဲလ်ကွင်းလယ်လူ ဒီမာရီယာအားခေါ်ယူရန် မန်ယူပစ်မှတ်ထား

အင်္ဂလန် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏တိုက်စစ်ကို အားဖြည့်ရန်အတွက် ရီးယဲလ်မက်ဒရစ်အသင်း၏ အာဂျင်တီးနားတောင်ပံကစားသမား ဒီမာရီယာအား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ ထို့ပြင် မန်ယူအသင်း၏ နည်းပြဖြစ်သူ လူးဝစ်ဗန်ဟားလ်မှာလည်း ဒီမာရီယာအား စိတ်ဝင်စားနေပြီး ၎င်းအတွက်ပေါင်သန်း ၅၀ အထိ ပေးချေရန် အသင့်ရှိနေကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့သည်။ သို့သော် ရီးယဲလ်မက်ဒရစ်အသင်းမှာ ဒီမာရီယာအား လက်လွှတ်ရန် ဆန္ဒမရှိဘဲ အနည်းဆုံး ပေါင်သန်း ၆၀ ခန့်ပေးချေမှသာ ရောင်းထုတ်သွားဖွယ်ရှိနေကြောင်းသိရသည်။ ပြီးခဲ့သည့် ရက်ပိုင်းက မန်ယူနည်းပြ ဗန်ဟားလ်မှာ ဒီမာရီယာအား ခေါ်ယူလိုနေကြောင်း အရိပ်အမြွက်ပြောကြားခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် ၎င်းအား အင်္ဂလန်မြေသို့ အရောက်ခေါ်ယူရန်ဆန္ဒရှိနေကြောင်း စပိန်သတင်းစာ MARCA က ဖော်ပြခဲ့သည်။ မန်ယူအသင်းမှာ ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်း လုခ်ရှောနှင့် ဟာရဲရားတို့အား ပေါင် ၅၆ သန်းသုံးစွဲကာ အသင်းသို့ ခေါ်ယူအားဖြည့်ထားခဲ့ပြီး ကမ္ဘာ့ထိပ်တန်းအဆင့်ကစားသမားတစ်ဦးကို ထပ်မံခေါ်ယူလိုနေခြင်းလည်းဖြစ်သည်။ ထို့ကြောင့် မန်ယူအသင်းမှာ နာနီ၊ ဖယ်လိုင်နီ၊ အန်ဒါဆန်၊ ဟာနန်ဒက်ဇ်တို့အားရောင်းချကာ ဒီမာရီယာအတွက် အသုံးစရိတ် ရှာဖွေသွားဖွယ်ရှိနေကြောင်း သိရသည်။

[ကိုရဲ]

ပရီမီယာလိဂ်ရင်ခုန်သံ (၁)

၂၀၁၄-၂၀၁၅ ပရီမီယာလိဂ်ရာသီစပြီ။ ဩဂုတ် ၁၆ရက်မှာ စကစားကြတော့မှာဖြစ်ပြီး အသင်းကြီးတွေဖြစ်တဲ့ မန်စီးတီး၊ အာဆင်နယ်၊ မန်ယူ၊ စပါးတို့ နိုင်ပွဲနဲ့ စတင်တာထွက်နိုင်ပါ့မလားဆိုတာ စောင့်ကြည့်ချင်စရာ ကောင်းနေတယ်။

မန်ယူ - ဆွမ်ဆီး ညနေ ၆း၁၅ (၁၆-၈-၁၄)

ဗန်ဟားလ်လက်ထက်မှာ မန်ယူရဲ့ကစားပုံကောင်းလာတယ်။ စိတ်ဓာတ်ပိုင်းလည်း တည်ငြိမ်လာသလို ကစားသမားတွေလည်း ခြေစွမ်းပြလာနိုင်တယ်။ ဆွမ်ဆီးကတော့ ဂိုမစ်အပါအဝင် ကစားသမားအချို့အားဖြည့်ထားပေမယ့် မီချူးအပါအဝင် အဓိကကစားသမားအချို့ ဆုံးရှုံးထားရလို့ တည်ငြိမ်မှု သိပ်မရသေးဘူး။

လက်စတာ - အဲဗာတန် ည ၈း၃၀ (၁၆-၈-၁၄)

တန်းတက်လက်စတာအနေနဲ့ အပ်ဆန်၊ အယ်ဘရိုက်တန်တို့ကို ခေါ်ထားတဲ့အတွက် အားဖြည့်မှုထိရောက်တယ်လို့ ဆိုနိုင်တယ်။ အိမ်ကွင်းမှာ ကစားရမှာလည်းဖြစ်တယ်။ အဲဗာတန်ကလည်း မနှစ်ကအထိုင်ကို ဆက်ထိန်းထားနိုင်လို့ အရည်အသွေးပိုင်း အားကောင်းနိုင်သလို အပြောင်းအလဲသိပ်မရှိလို့ အသင်းလိုက်ကစားပုံ ပိုကောင်းနိုင်တယ်။

ကျူပီအာ - ဟားလ် ည ၈း၃၀ (၁၆-၈-၁၄)

ဖာဒီနန်၊ ကော်ကာ၊ ဂျော်ဒန်မတ်ချ်၊ အစ္စလာတို့နဲ့ အားဖြည့်ထားတဲ့ ကျူပီအာခြေက စောင့်ကြည့်ရမယ်။ ဟားလ်ကတော့ လီဗာပို၊ စနော့ဂရတ်တို့ကို ခေါ်ယူထားပေမယ့် အပြောင်းအလဲများလွန်းတယ်။ အဲဒီအတွက်ကြောင့် အသင်းလိုက်ကစားပုံကို ထိခိုက်နိုင်တယ်။

စတုတ် - ဗီလာ ည ၈း၃၀ (၁၆-၈-၁၄)

စတုတ်က အိမ်ကွင်းကစားပုံမာတယ်။ ကာကစ်၊ ဆစ်ဝဲလ်၊ ဘရက်စလေတို့ အပါအဝင် ကစားသမား ငါးဦး အားဖြည့်ထားတယ်။ ဗီလာကတော့ အားဖြည့်မှုကောင်းပေမယ့် ကစားသမားအဝင်အထွက် များပြားမှုကြောင့် အသင်းလိုက် ဟန်ချက်ပျောက်ဆုံးနိုင်တယ်။

ဝက်စ်ဘရွမ်း - ဆန်းဒါးလန်း ည ၈း၃၀ (၁၆-၈-၁၄)

မနှစ်က တန်းမဆင်းရဖို့အထိ ရုန်းကန်ခဲ့ရတဲ့ ဆန်းဒါးလန်းဟာ ဒီနှစ်မှာ အသင်းကို ထိထိမိမိအားဖြည့်ထားပေမယ့် အပြောင်းအလဲများမှုကြောင့် ခြေတည်ငြိမ်မှုမရှိသေးဘူး။ ဒါပေမယ့် ဝက်စ်ဘရွန်းကလည်း ကစားသမား ရှစ်ဦးအထိ ခေါ်ယူထားတဲ့အတွက် တည်ငြိမ်မှုမရနိုင်သေးဘူး။

ဝက်စ်ဟမ်း - စပါး ည ၈း၃၀ (၁၆-၈-၁၄)

လန်ဒန်ဒါဘီပွဲပါ။ ဒါပေမယ့် ခြေစွမ်းအရ ကွာဟမှုကြီးမားနိုင်တဲ့ အခြေအနေမှာရှိတယ်။ စပါးအနေနဲ့ အားဖြည့်မှုသိပ်မရှိပေမယ့် မနှစ်ကအထိုင်ကို ဆက်ထိန်းထားနိုင်လို့ အသင်းလိုက်ကစားပုံ ပိုပြီးအားကောင်းလာနိုင်တယ်။ ဝက်စ်ဟမ်းကတော့ အပြောင်းအလဲများပြားမှုနဲ့ အကျိုးဆက်ကြောင့် ဟန်တစ်ခုတည်ဆောက်နိုင်မှုအပိုင်းမှာ အားနည်းလာနိုင်တယ်။

အာဆင်နယ် - ပဲလေ့စ် ည ၁၁း၀၀ (၁၆-၈-၁၄)

အာဆင်နယ်ရဲ့ ဒီနှစ်အားဖြည့်မှုက ထိရောက်တယ်။ ကစားသမားသစ် ဆန်းချက်ဇ် ထင်သလောက်အထိုင်မကျပေမယ့် လူစုံပွဲထွက်လာရင် အိုဇေးလ်၊ ရမ်ဆေးတို့ရဲ့ ပံ့ပိုးမှုအောက်မှာ ခြေစွမ်းပြလာနိုင်တယ်။ ပဲလေ့စ်ကလည်း လိုအပ်သလောက်သာ အားဖြည့်ထားလို့ အသင်းဟန်ချက် ကောင်းမွန်နိုင်တယ်။

ရှိုင်းမင်းမင်း

သမီးလေး“မေကုမုဒြာ” အတွက် ရက်(၁၀၀)ပြည့် မွေးနေ့မင်္ဂလာဆုတောင်း

ချစ်မြေး၊ ချစ်သမီးလေး မေကုမုဒြာ(ကုကု)၏ ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၁၅ရက်တွင် ကျရောက်သော ရက်(၁၀၀)ပြည့်မွေးနေ့မင်္ဂလာရက်မြတ်မှသည် မွေးနေ့နှစ်ပေါင်းရာကျော်တိုင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပြီး တတ်သိလိမ္မာယဉ်ကျေးသော သမီးရတနာလေးအဖြစ် ချစ်သော-ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ ဦးဦး၊ တီတီ၊ ကိုကို၊ မမများနှင့်အတူ ဘဝခရီးလမ်းကိုပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ။

ဘိုးဘိုး၊ ဘွားဘွား - ဗိုလ်မှူးချုပ်အုန်းသွင်(အငြိမ်းစားသံအမတ်ကြီး)-ဒေါ်စမ်းစမ်းနွယ်
- ဦးချစ်ညွန့်-ဒေါ်ငွေငွေရီ

ဘဘ - ဦးကျော်ဇေစိုး

ဖေဖေ၊ မေမေ - ဦးကျော်ဇင်စိုး-ဒေါ်မိုးသူဇာစိုး

ချစ်မမ - မေစံကားဝါ(ပုံပုံ)
- ဦးဦး၊ တီတီ၊ ကိုကို၊ မမများ

တစ်ဦးတည်း ဖြစ်ကြောင်း

ကျိုက်လတ်မြို့နယ်၊ လင်းတွန်ကျေးရွာနေ မနှင်းဝေခိုင်(အထက-၂) နဝမတန်း-D၏ ဖခင် ဦးအေးခိုင်[၁၄/ကလန(နိုင်)၀၂၀၄၀၈]နှင့် ဦးအေးဇော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအေးခိုင်(ခ)ဦးအေးဇော်



ကျော်

ဒဂုံအရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း၊ မြေကွက်များ ဝယ်လိုသည်။

Ph -09-31154092, 09-401634813



လျှပ်စစ်ကိစ္စဆောင်ရွက်ပြီးစီး

ရန်ကုန် ဩဂုတ် ၁၄

သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်းနှင့်သစ်စက်လမ်းထိပ် မဇ္ဈိမာရုံစာသင်တိုက် ဂိတ်ဝရှိ ဗို့အား ၄၀၀ ရှိ ဓာတ်အားလိုင်းတိုင် (လေးထောင့်ကွန်ကရစ်တိုင်) နှစ်တိုင်ယိုင်နေခြင်းကို ဩဂုတ် ၂ ရက်က ၆ ဒသမ ၆ ကေဗွီဓာတ်အားလိုင်းတိုင်သို့ လိုင်းကြိုးများပြောင်းလဲတပ်ဆင်ခြင်း၊ မီတာပုံးများ ပြောင်းလဲတပ်ဆင်ခြင်း၊ အဆက်များသောကြိုးများအား လဲလှယ်ခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

လွန်ခဲ့သော နှစ်ပတ်ခန့်က မြို့ဟောင်းအရှေ့ရပ်ကွက် သစ်စက်လမ်းနှင့်သောက်တော်တွင်းလမ်းထိပ်တွင် ဓာတ်ကြိုးပြတ်ကျခဲ့ကြောင်း ဖော်ပြခဲ့ခြင်းနှင့်ပတ်သက်၍ ဇူလိုင် ၇ ရက်တွင် သန်လျင်မြို့နယ်၌လေပြင်းတိုက်ခတ်ခဲ့ရာ ဗို့အား ၄၀၀ ရှိ ဓာတ်အားလိုင်းတိုင်များကျိုးခြင်းနှင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျခဲ့ခြင်းကြောင့် ၎င်းနေရာတွင် ဗို့အား၄၀၀ ဓာတ်အားလိုင်းကြိုးတစ်ချောင်းပြတ်ကျခဲ့ရာ ချက်ချင်းပင်ပြန်လည်ပြုပြင်၍ လျှပ်စစ်ဓာတ်အားပြန်ပေးခဲ့သည်။ အဆိုပါနေရာနှင့် လမ်းကျော်၊ လူစည်ကားရာနေရာတို့ကို လျှပ်စစ်အန္တရာယ် ကင်းဝေးစေရန်အတွက် ဓာတ်အားလိုင်းလေးခန်းတွင် ဂျပန်နည်းပညာကိုသုံး၍ အဆင့်မြင့်ပလပ်စတစ်ကြိုးဖြင့် လိုင်းဆိုင်းကြိုးထိန်းခြင်းလုပ်ငန်းအား ဩဂုတ် ၃ ရက်တွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်လျှပ်စစ်)

ယာဉ်ထိန်းတပ်ဖွဲ့ဝင်များကို တိုက်ခိုက်သူအရေးယူ

ရန်ကုန် ဩဂုတ် ၁၄

မင်္ဂလာဒုံမြို့နယ် ပြည်လမ်းနှင့် ခရေပင်လမ်းဆုံတွင် ဩဂုတ် ၁၂ ရက် ညနေ ၆နာရီ မိနစ် ၂၀ ခန့်တွင် မင်္ဂလာဒုံဘက်သို့ အင်းစိန်မြို့နယ်နေ ယာဉ်မောင်း နိုင်လင်းထွဋ်(ခ)ကုလား (၂၉)နှစ် မောင်းနှင်လာသည့် ၁၀ ဘီး ကွန်တင်နာယာဉ်သည် မဝင်ရသတ်မှတ်ထားသည့်လမ်းသို့ မောင်းဝင်လာသဖြင့် ယာဉ်ရှင်း/လမ်းရှင်းတာဝန်ထမ်းဆောင်နေသည့် ယာဉ်ထိန်းရဲ တပ်ကြပ် ကျော်နန္ဒာလင်းနှင့် ရဲတပ်ကြပ်အောင်ကြည်တိုးတို့က တားဆီးစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးစဉ် ယာဉ်မောင်းဖြစ်သူက မချေမငံပြောဆိုပြီး ယာဉ်ပေါ်တွင်ပါလာသည့် သစ်သားရိုးတပ် ၁၀ ပေါင်တူဖြင့် လိုက်လံထုနှက်ခဲ့သောကြောင့်ယာဉ်ထိန်းတပ်ဖွဲ့ဝင်နှစ်ဦးမှာ ထိခိုက်ဒဏ်ရာများရရှိကာ အင်းစိန်ဆေးရုံသို့ တက်ရောက်ကုသရသောကြောင့် မင်္ဂလာဒုံမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၃၁)

သဘာဝဓာတ်ငွေ့ဝယ်ယူခွင့်စာအုပ်အတုဖြင့် ဓာတ်ငွေ့ထုတ်သူအား အရေးယူ

နေပြည်တော် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အတွင်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၀၃)သို့ ဩဂုတ် ၁၂ ရက်နေ့ ညနေ ၄ နာရီခွဲတွင် ယာဉ်မောင်း ဦးစိုးညွန့်ဝင်း မောင်းနှင်လာသော ယာဉ်အမှတ် YGN RA----၊ တိုယိုတာကော်ရိုလာဗင် အမျိုးအစား အဖြူရောင်ယာဉ်သည် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့လာရောက်ဖြည့်တင်းထုတ်ယူရာ ဝယ်ယူခွင့်စာအုပ်အတုဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ယာဉ်မောင်းအား မေးမြန်းနေစဉ် ယာဉ်မောင်းမှာ ထွက်ပြေးသွားခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူးရုံးတွင် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျာပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် (စနေ၊ တနင်္ဂနွေ)နေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ (၁၆-၈-၂၀၁၄)ရက်နေ့တွင် သာကေတ၊ ဒဂုံ(တောင်)၊ ဗိုလ်တထောင်၊ တာမွေ၊ ဒဂုံ(အရှေ့)၊ သဃ်န်းကျွန်း၊ ပန်းဘဲတန်း၊ လမ်းမတော်၊ လသာ၊ မရမ်းကုန်း၊ ကမာရွတ်၊ အလုံ၊ စမ်းချောင်း၊ ခရမ်း၊ ကျောက်တန်း၊ တံတား၊ သုံးခွ၊ တွံတေး၊ ကော့မှူး၊ သန်လျင်၊ အင်းစိန်၊ လှိုင်သာယာ၊ ထန်းတပင်၊ မင်္ဂလာဒုံ၊ တိုက်ကြီး၊ မှော်ဘီ၊ အင်းတိုင်၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် (၀၈း၀၀)နာရီမှ (၁၃း၀၀)နာရီအတွင်းလည်းကောင်း၊ (၁၃း၀၀)နာရီမှ (၁၆း၀၀)နာရီအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည် ဖြစ်ပါသည်။

၃။ (၁၇-၈-၂၀၁၄)ရက်နေ့တွင် သဃ်န်းကျွန်း၊ ဒဂုံ(တောင်)၊ ဒဂုံ(အရှေ့)၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ မရမ်းကုန်း၊ ဒဂုံ၊ လမ်းမတော်၊ သုံးခွ၊ တံတား၊ တွံတေး၊ ခရမ်း၊ ကော့မှူး၊ ကျိုက်ထော်၊ လှိုင်သာယာ၊ မှော်ဘီ၊ အင်းတိုင်၊ ရွှေပြည်သာ၊ ထောက်ကြန့်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် (၀၉း၀၀)နာရီမှ (၁၃း၀၀)နာရီအတွင်းလည်းကောင်း၊ (၁၃း၀၀)နာရီမှ (၁၅း၀၀)နာရီအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည် ဖြစ်ပါသည်။

၄။ ယင်းသို့ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

အားကစားမြှင့်တင် အောင်ပွဲဆင် ဆန့်ကျင်မူးယစ်ဆေး

ငွေကျပ် ၁၅၀၀ တန် SIM ကတ်များ ရောင်းချပြီးနောက် အများသုံးဖုန်းဆိုင် PCO များ အသုံးပြုမှုနည်းပါး၍ လုပ်ငန်းကျဆင်းလာ

မကွေး၊ ဩဂုတ် ၁၄

အများပြည်သူများ လူမှုဘဝဖွံ့ဖြိုးမြင့်မားရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်အပြိုင် ပြည်ပဆက်သွယ်ရေးကုမ္ပဏီများက ငွေကျပ် ၁၅၀၀ တန် တယ်လီဖုန်း SIM ကတ်များ ရောင်းချပေးပြီးနောက် မကွေးမြို့တွင် အများပြည်သူသုံး တယ်လီဖုန်းဆိုင် PCO များကို အသုံးပြုမှု နည်းပါးသွားပြီး၊ ဝင်ငွေကျဆင်းကာ လုပ်ငန်းမဖြစ်တော့ကြောင်း PCO လုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမွဲတေမှုလျှော့နည်းပပျောက်ရေးနှင့် လူနေမှုဘဝမြင့်မားရေးတို့အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလမှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းဖုန်းများရောင်းချပေးခဲ့သည့်အပြင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီနှင့် ဩဂုတ်လအတွင်း၌လည်း ပြည်ပဆက်သွယ်ရေး ကုမ္ပဏီများကလည်း အပြိုင်အဆိုင် ထပ်မံရောင်းချလာသဖြင့် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေ အခြေခံလူတန်းစားများ၏ လက်ကိုင်ဖုန်းကိုင်ဆောင်သုံးစွဲမှုပမာဏ မြင့်တက်လာပြီး PCO ဖုန်းများကို အသုံးပြုမှုနည်းပါးသွားသည်။

"လမ်းပေါ်က အနေးယာဉ် လုပ်သားတစ်ဦးတောင် လက်ကိုင်ဖုန်းကိုင်နိုင်နေပြီဆိုတော့ တဖြည်းဖြည်းနဲ့ အလုပ်မဖြစ်တော့ဘူး။ အရင်တုန်းက တစ်နေ့ကို လေးငါးထောင်အထိ ပုံမှန်ဝင်ငွေရှိတယ်။ PCO ဆိုင်ထိုင်ဝန်ထမ်းတစ်ဦးကို တစ်လ သုံးလေးသောင်းပေးပြီး အငှား ထိုင်ခိုင်းနိုင်တယ်။ အခုတော့ ဝင်ငွေမကောင်းတော့လို့ ကိုယ်တိုင်ထိုင်နေရတယ်။ ဖုန်းလာဆက်တဲ့လူကလည်း တစ်နေ့ကို ငါးယောက်ပြည့်အောင် မလာကြတော့ဘူး" ဟု မကွေးတက္ကသိုလ်ကျောင်းအနီးတွင် ဖွင့်လှစ်ထားသော PCO ဖုန်းဆိုင်လုပ်ကိုင်သူ အမျိုးသမီးက ပြောသည်။

ယခင်က လူစည်ကားသော ဈေးများ၊ ဆေးရုံများ၊ တက္ကသိုလ်များ၊ ကားဂိတ်နှင့်ဘူတာရုံများတွင် အများပြည်သူသုံး တယ်လီဖုန်း PCO များ လုပ်ငန်းဖြစ် ဝင်ငွေကောင်းခဲ့သော်လည်း နိုင်ငံတော်အစိုးရနှင့် ပြည်ပဆက်သွယ်ရေးကုမ္ပဏီများက တန်ဖိုးနည်းဖုန်းများအပြိုင်အဆိုင်ရောင်းချလာပြီးနောက် တဖြည်းဖြည်းနှင့် အလုပ်မဖြစ်တော့ကြောင်း၊ PCO လုပ်ငန်းကို လုပ်ကိုင်လိုသူ နည်းပါးသွားသည့်အပြင် လုပ်ကိုင်သူအချို့မှာလည်း လုပ်ငန်းပိတ်သိမ်းရပ်နားပြီး အခြားလုပ်ငန်းများကို ကူးပြောင်းလုပ် ကိုင်လာကြကြောင်း သိရသည်။

ကျော်စွာ(မကွေး)

မကွေးမြို့ဗိုလ်ကုန်းစာသင်ကျောင်းတွင် ခြင်ဆေးပက်ဖျန်းခြင်းဆောင်ရွက်

မကွေး၊ ဩဂုတ် ၁၄

မကွေးမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ ဒု-ဦးစီးမှူး ဦးကျော်စိုးမင်း ဦးဆောင်၍ အမှတ်(၁)ဗိုလ်ကုန်း မူလတန်းကျောင်းအတွင်း ခြင်များခိုအောင်းနေနိုင်သည့် စာသင်ဆောင်များ၊ ရုံးခန်းများနှင့် ချုံနွယ်မြက်များ ထူထပ်သည့် နေရာများသို့ဩဂုတ်လ ဒုတိယပတ်အတွင်းက ခြင်ဆေးများစနစ်တကျ ပက်ဖျန်းဆောင်ရွက်ပေးခဲ့သည်။

မကွေးမြို့၊ မြို့ဟောင်းရပ်ကွက်၊ အမှတ်(၁)ဗိုလ်ကုန်း မူလတန်းကျောင်းသည် အနီးဝန်းကျင် ရပ်ကွက်များမှ ကလေးသူငယ်များ၏ ပညာရေးအတွက် အဓိကအားထားရသောစာသင်ကျောင်းဖြစ်ပြီး စာသင်ကျောင်းအဂ်ါရပ်များနှင့်လည်း အထူးပြည့်စုံသည်။

ထို့ပြင် ကျောင်းသား၊ ကျောင်းသူကလေးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စာရိတ္တမြင့်တင်ရေးတို့အတွက် သက်ဆိုင်ရာဌာနအသီးသီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ခြင်းသည် မိုးရာသီတွင် ကလေးများ၌ အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါနှင့် နောက်ဆက်တွဲရောဂါများကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

ကျောင်းသားမိဘတစ်ဦးက "ကလေးတွေ ကျောင်းသွားတဲ့အခါ ကျောင်းမှာခြင်ကိုက်မခံရအောင် ခြင်ဆေးခွေထည့် ပေးရတဲ့ဒုက္ခကနေ ကင်းဝေးသွားတာပေါ့။ အရင်က ခြင်ဆေးခွေနံ့ရှူရှိုက်နေရလို့ ကလေးရဲ့ ကျန်းမာရေးထိခိုက်မှာ စိုးရိမ်ရသလို အသုံးမပြုပြန်ရင်လည်း သွေးလွန်တုပ်ကွေးဖြစ်မှာ စိုးရိမ်ရတဲ့ကိစ္စတွေ အဆင်ပြေသွားတာပေါ့။ ခြင်ဆေးဖျန်းပေးတဲ့ စည်ပင်သာယာအဖွဲ့ကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

ကျော်စွာ(မကွေး)

ဝက်လက်ရှိ ဆင်နင်း–ဘုရားလေးကုန်း ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီး

ဝက်လက်၊ ဩဂုတ် ၁၄

ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဖောက်လုပ်လျက်ရှိသော ဆင်နင်း-ဘုရားလေးကုန်းလမ်း မြေသားလမ်း ပြီးစီးသွားသဖြင့် အဆိုပါ ကျေးရွာပြည်သူများမှာ ဝက်လက်မြို့သို့ အလွယ်တကူသွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများစွာ အဆင်ပြေနေပြီဖြစ်ကြောင်းသိရသည်။

အဆိုပါလမ်းမှာ လမ်းအရှည် သုံးမိုင် လေးဖာလုံရှိပြီး ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၁ ဒသမ ၈၈၈ သန်း ကုန်ကျကာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဝင်းဆန်းက ပြောသည်။

နန်းမြင့်(ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး ၂၄ နာရီမီးလင်းရေး ထရန်စဖော်မာ တည်ဆောက်မှုပြီးစီး

ကနီ၊ ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ် ယက္ကန်းတိုင်ကျေးရွာတွင် ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုး ၂၄ နာရီ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၎င်းကျေးရွာ၏ ရွာလယ်လမ်းမတွင် လျှပ်စစ်ဓာတ်ကြိုးများ သွယ်တန်းထားပြီး ကွန်ကရစ်တိုင်များကို ကျေးရွာအတွင်း စုစုပေါင်း ၄၁ တိုင် စိုက်ထူထားပြီးဖြစ်သည်။ အဆိုပါ ဓာတ်တိုင်များတွင် ကြိုးများသွယ်တန်းပြီးပါက ယက္ကန်းတိုင်ကျေးရွာတစ်ရွာလုံးတွင် ကိုယ့်အားကိုယ်ကိုး ၂၄ နာရီလျှပ်စစ်မီးရရှိတော့မည်ဖြစ်သည်။

"မိမိတို့ကျေးရွာအနေနဲ့ ကနီမြို့ကို ၂၄ နာရီမီးလင်းဖို့ မဟာဓာတ်အားလိုင်းကြိုးဆွဲဖို့ ကွန်ကရစ်တိုင်များစိုက်ထူစဉ်က မိမိတို့ကျေးရွာအတွင်းက ဖြတ်ဆွဲမှာကို သိရချိန်ကစပြီး ပထမအကြိမ် တစ်အိမ်ထောင်ငွေကျပ် ၅၀၀၀၀ စတင်စုဆောင်းပြီး ကနီမြို့ ၂၄ နာရီ မီးလင်းချိန်တွင် ဒုတိယအကြိမ် တစ်အိမ်ထောင်ငွေကျပ် ၁၀၀၀၀၀ စီထပ်မံစုပြီးချိန်မှာ အလှူရှင် မုံရွာမြို့ ဝိဇ္ဇာသိပ္ပံကျောင်းတိုက်ဆရာတော် ဦးသူရိယက ငွေကျပ်သိန်း ၂၀ လှူဒါန်းပေးခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ငွေကျပ် ၄၉ သိန်းတန် ၁၆၀ ကေဗွီ ထရန်စဖော်မာကို ဝယ်ယူတည်ဆောက်ပြီးဖြစ်ပါတယ်။ အခုမီးလင်းရေး လုပ်ငန်းမှာ စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ ကျော်ခန့် ကုန်ကျမှာဖြစ်ပါတယ်" ဟု ယက္ကန်းတိုင်ကျေးရွာ အထောက်အကူပြုကော်မတီဝင် ဦးကျော်နိုင်က ပြောသည်။

"ကျွန်တော်တို့ရွာကတော့ လျှပ်စစ်မီးကို အလွန်လိုချင်နေကြပြီး ၂၄ နာရီလျှပ်စစ်မီးရရင် ယခုထက်ပိုမိုဖွံ့ဖြိုးပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမယ့်အပြင် ကျွန်တော်တို့ရဲ့ သားသမီးတွေမှာ အရင်က ဖယောင်းတိုင်မီး၊ ဓာတ်ခဲမီးချောင်းနဲ့ စာကြည့်နေရတဲ့အဖြစ်ကနေ လျှပ်စစ်မီးနဲ့ စာကြည့်နိုင်တော့မှာပါ။ ဒါကြောင့် အမြန်ဆုံးနည်းနဲ့ အကောင်အထည်ဖော်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု အဆိုပါကျေးရွာမှ အသက် ၅၆ နှစ်အရွယ် ဦးကံထူးက ပြောသည်။

ကနီမြို့နယ် ယက္ကန်းတိုင်ကျေးရွာတွင် အိမ်ထောင်စု ၁၅၃ စု ရှိပြီး လူဦးရေ ၈၀၀ ကျော်ရှိကြောင်း သိရသည်။

သန်းဌေးအောင်(ကနီ)

အဖွဲ့အစည်းစတင်တည်ထောင်လိုသော/တည်ထောင်နေသော လူငယ်မျိုးဆက်သစ်များနှင့် စိတ်ပါဝင်စားသူများအတွက် အသိသညာနှင့် အတွေ့အကြုံဝေမျှခြင်း .....

Title - **"Sharing Basic Concepts on Efficient Organization Structure for Effective Administrative System"**

Presenter - Dr.Zaw Min Sein
Ph.D(Public Administration); T.W.U,U.K. Overseas Territory; NAIU, INDIA; MPA.
Founder-President (Swanyee Development Foundation)
MD(STG Co.,Ltd.)

Time - 9:00 am to 11:00 am
Date - 23rd August 2014 (Saturday)
Place - International Business Centre(IBC)
No.88, Pyay Road, 6 1/2 Miles, Hlaing Township,Yangon, Union of Myanmar
Registration Deadline : 20th August 2014(Wed)
Contacts : 09-73040433, 098515134; swanyee@swanyee.org

Sponsored by:
"Swanyee Development Foundation (SDF)" "STG Co.,Ltd." "Myanmar Environmental Group for Action (MEGA)"

ဘားအံ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနမှ နယ်လှည့်၍ ခြေတုပြုပြင်ရေးဆောင်ရွက်

ကော့ကရိတ်၊ ဩဂုတ် ၁၄

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၌ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်းဆောင်ရွက်သော ဘားအံ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာန၏ နယ်လှည့် ခြေတုပြုပြင်ရေးများ ဆောင်ရွက်ခြင်းကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီမှ ညနေ ၂ နာရီခွဲ အထိ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခြင်းကို ဘားအံ ခြေတုလက်တု ပြန်လည်သန်စွမ်းရေးဌာန၏ ခြေတုလက်တု တပ်ဆင်ထားသူများ အားလုံးကို ခြေတုပြုပြင်ရေးအဖွဲ့မှ ပျက်စီးနေသောခြေတုများကို ပြန်လည်ပြုပြင်ပေးခြင်း၊ မတပ်ဆင်ရသေးသောလူများအား စာရင်းပြုစုတင်ပြခြင်းများကို ဆောင်ရွက်ကြသည်။

အဆိုပါ ခြေတုလက်တုပြန်လည်သန်စွမ်းရေးဌာနမှ ကွင်းဆင်း တာဝန်ခံ ဦးသန့်ဇင်ဝင်းအပါအဝင် အရိုးအကြောပြန် လည်သန်စွမ်းရေးပညာရှင်တစ်ဦး၊ ခြေတုပညာရှင်တစ်ဦးနှင့် အကူ နှစ်ဦးတို့ဖြင့် ကွင်းဆင်းဆောင်ရွက်သည်။

ဘားအံခြေတုလက်တု ပြန်လည်သန်စွမ်းရေးဌာနသည် ၂၀၀၃ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့ပြီး ခြေတု၊ လက်တု ၅၀၀၀ ကျော်ကို ပြည်သူများအား တပ်ဆင်ပေးနိုင်ခဲ့ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း၊ ကယားပြည်နယ်တို့တွင် နေထိုင်သူများမဟုတ်ပါက လက်ခံဆောင်ရွက်ခြင်းမရှိကြောင်း၊ ခြေတုလက်တုများကို အခမဲ့ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဌာနသို့လာရောက် တပ်ဆင်နိုင်ကြောင်း၊ ဌာနတွင်လာရောက် တပ်ဆင်သူများအတွက် အမျိုးသား အမျိုးသမီး သီးခြားအဆောင်များ၊ အားကစားကွင်းများ၊ စာကြည့်တိုက်များ၊ အပန်းဖြေနားနေစရာများ၊ လူမျိုး ဘာသာမရွေး၊ စစ်ဘက်၊ အရပ်သား မခွဲခြားဘဲ တပ်ဆင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ကွင်းဆင်းတာဝန်ခံ ဦးသန့်ဇင်ဝင်းက ပြောသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် စည်းကမ်းချက် ၁၀ ချက်ကိုလည်း လိုက်နာရမည်ဖြစ်ကြောင်း၊ မလိုက်နာပါက အုပ်ချုပ်ရေးအဖွဲ့မှ ချက်ချင်းအရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်းလည်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

စိုးထက်အောင်(ပြန်/ဆက်)

အော်ရီဒူး ဆင်းကတ်များ တန်ဖိုး သုံးဆခန့် မြင့်တက်

မန္တလေး၊ ဩဂုတ် ၁၄

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်လိုင်စင်ရထားသော ကာတာနိုင်ငံအခြေစိုက် အော်ရီဒူးကုမ္ပဏီက 3G အင်တာနက်စနစ်ပါဆင်းကတ်များကို မန္တလေးမြို့တွင်ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီမှစတင်ကာ မန္တလေးမြို့ရှိ ဖုန်းအရောင်းဆိုင်ကြီးများတွင် ခွဲတမ်းစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၄ ရက်အထိ စမ်းသပ်ကာလအဖြစ်အင်တာနက်နှင့် ဖုန်းခေါ်ဆိုခများအခမဲ့ပေးထားပြီး ကျပ် ၁၅၀၀ ဖြင့်ရောင်းချရန်သတ်မှတ်ပေးထားသော်လည်း ဖုန်းအရောင်းဆိုင်ကြီးများက ဩဂုတ် ၁၃ ရက်အထိ ဟန်းဆက်၊ ငွေဖြည့်ကတ်တို့ဖြင့် တွဲဖက်ရောင်းချခဲ့ကြောင်း သိရသည်။

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ် ၃၇ လမ်းနှင့် ၇၃ လမ်းထောင့် စကြာနွယ်စဉ်ရပ်ကွက်ရှိ အော်ရီဒူးကုမ္ပဏီ ဆင်းကတ်ဖြန့်ချိရေးဆိုင်တွင် မှတ်ပုံတင်မိတ္တူတင်ပြ၍ တစ်ဦးလျှင် ဆင်းကတ်တစ်ကတ်နှုန်း ငွေကျပ် ၁၅၀၀ဖြင့် တန်းစီစနစ်ဖြင့် ရောင်းချပေးရာ ဝယ်ယူသူ အထူးများပြားပြီး အခြေခံလူတန်းစားများ ဝင်ရောက်တန်းစီဝယ်ယူပြီး တန်းမစီနိုင်သူများအား တစ်ဆင့် ကျပ် ၄၀၀၀ ဖြင့် ပြန်လည်ရောင်းချကြရာ တစ်နေ့ ကျပ် ၁၀၀၀၀ ခန့် ဝင်ငွေရှိကြောင်း၊ နံပါတ်လှ အပူးနံပါတ်ဆိုလျှင်ငွေကျပ် ၅၀၀၀ ဖြင့် ရောင်းချကြောင်း စကြာနွယ်စဉ်ဆိုင်တွင် တန်းစီ၍တစ်ဆင့်ရောင်းချသူများထံမှ သိရသည်။

ဩဂုတ် ၁၃ ရက်အထိ အော်ရီဒူးဖုန်းများ ဆက်သွယ်မှုနှင့် အင်တာနက်သုံးစွဲမှု မကောင်းသေးကြောင်း မန္တလေးမြို့မှ အော်ရီဒူး ဖုန်းသုံးစွဲသူများက ပြောသည်။

မောင်ပြည်သူ(မန္တလေး)

မုန်းဒေသတွင်ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်

ကျောက်ကြီး၊ ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းဒေသအတွင်း ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်းက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားနှင့် ဝက်သက်ရောဂါ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ကာ အသိပညာပေးဟောပြောမှုများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ မုန်းမြို့ အ-ထ-ကကျောင်းတွင် မုန်းတိုက်နယ်ဆရာဝန်ဒေါက်တာနေဇော်လွင်၊ ကျန်းမာရေးကြီးကြပ်(၁)ဦးအောင်ဌေး၊ အမျိုးသမီးကျန်းမာရေးဆရာမဒေါ်ဝင်းဝင်းထွေးနှင့် သားဖွားဆရာမဒေါ်ဝါဝါဝင်း၊ ဒေါ်သူဇာငြိမ်းနှင့် ကျန်းမာရေးဝန်ထမ်းများမှ ကျောင်းသူ၊ ကျောင်းသားများကို တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ငှက်ဖျားသွေးဖောက်စစ်ပေးခြင်း၊ သွားနှင့် ပတ်သက်သော ရောဂါများအား စစ်ဆေးပေးခြင်းနှင့် နုတ်ရန်လိုအပ်သောသွားများကိုလည်း နုတ်ပေးခြင်းများအား အခမဲ့ ဆောင်ရွက်ကြသည်။

ထပ်မံ၍ အထက်ပါကျန်းမာရေးအဖွဲ့များနှင့်အတူ ကျောက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံဆရာဝန်ကြီးဒေါက်တာမိုးကျော်သူ၊ အထက်တန်းသူနာပြုနော်အဲလက်စ်သိဂီ၊ ငှက်ဖျားတိုက်ဖျက်ရေးဌာနမှ စောတာကပေါ်ခွီးတို့က သမန်းကျင်းရွာတွင်လည်းကောင်း၊ မုန်းဒေသ ရခိုင်တောင်နှင့် မရမ်းတောင်တွင်လည်းကောင်း ငှက်ဖျားရောဂါ သွေးဖောက်စစ်ဆေးကုသမှုများနှင့် ဝက်သက်ရောဂါ ကြိုတင်ကာကွယ်ခြင်းများအား အသိပညာပေးဟောပြောခြင်းများဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ပန်းချီသန်းဝင်း(ကျောက်ကြီးမီဒီယာ)

စံပြမိခင်ရွေးချယ်ပွဲနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အခမ်းအနားကျင်းပ

တောင်ငူ၊ ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ စံပြမိခင်ရွေးချယ်ပွဲနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ တောင်ငူမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာစိုးက အဖွင့်အမှာစကား ပြောကြားသည်။

တောင်ငူခရိုင် ဆရာဝန်ကြီး ဒေါက်တာခင်စန်းမြင့်က စံပြမိခင်ရွေးချယ်ရခြင်း၊ အာဟာရကျွေးမွေးနည်းများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး၊ ဆုရရှိသူကလေးငယ်များနှင့် မိခင်များအား ဆုများချီးမြှင့်ပေးအပ်သည်။

အခမ်းအနားသို့ စံပြမိခင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စုစုပေါင်းအင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် တောင်ငူပြည်သူ့ဆေးရုံကြီးတွင် ကိုးရီးယားနိုင်ငံ Lion Club အဖွဲ့မှ DR.Jin-HAK LEE ခေါင်းဆောင်သော အဖွဲ့များက မျက်စိဝေဒနာရှင်များအား အခမဲ့ မျက်စိခွဲစိတ် ပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး လူနာများအား အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(၄၇၂)**

မေတ္တာအခါတော်နေ့အထိမ်းအမှတ် ရွှေဆံတော်ဘုရားပန်းလှူ

တောင်ငူ၊ ဩဂုတ် ၁၄

မျိုးဆက်သစ်ကလေးငယ်များ၏ ရင်ထဲတွင် ဗုဒ္ဓနှင့်ပတ်သက်သော နေ့ထူးနေ့မြတ်များကို သိရှိပြီး ဘာသာ၊ သာသနာကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်ချက်ဖြင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့အောင်ဇမ္ဗူမြေစကူးလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူကလေးများသည် ဩဂုတ် ၁၀ ရက် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် အထိမ်းအမှတ်ဆိုင်းဘုတ်၊ သာသနာ့အလံ၊ ပန်းအိုးများကိုင်ဆောင်ကြလျက် မေတ္တာပွားများကာ စေတီတော်ကြီးအား လက်ယာရစ်သုံးပတ်လှည့်လည် ပူဇော်ခဲ့ကြကြောင်းသိရသည်။ **(၁၂၉)**

မော်ဒီထူး

စမ်းချောင်းမြို့နယ်
တိုက်ခန်းကျယ်ရောင်းမည်
၁။ ဗားကရာလမ်းမနီး၊ ပေ(၁၈x၅၀)၊ ၅လွှာ၊ ပါကေး၊ ကြွေပြားပြည့်၊ သံပန်း၊ ဘိုထိုင်၊ အိပ်ခန်း(၂)၊ ဈေး၊ ကားဂိတ်နီး၊ကိုယ်ပိုင် (ရေမီး) သိန်း(၇၉၀)
၂။ ဇလွန်လမ်း ပေ(၂၅ x၅၀)၊ ၇လွှာ၊ ပါကေး၊ ကြွေပြားပြည့်၊ သံပန်း၊ ဆန်းရှိုတ်၊ အိပ်ခန်း (၂)၊ ကိုယ်ပိုင်(ရေမီး)၊ လေဝင်/လေထွက်ကောင်းသိန်း(၆၃၀) (ပွဲစားမလိုပါ)။
ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၅၆၄၉၄

(KSD) KHAING KHAING SANG DA MOTORCAR

မန္တလေးမြို့တွင် စည်းကမ်းမဲ့ ရပ်နားသည့် ဆိုင်ကယ်များအပါအဝင် ယာဉ်များကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်

မန္တလေး၊ ဩဂုတ် ၁၄

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆိုင်များရှေ့တွင် စည်းကမ်းမဲ့ ရပ်နားထားသော ယာဉ်၊ ဆိုင်ကယ်များရှိပါက ယာဉ်၊ ဆိုင်ကယ်ကို စည်ပင်သာယာဥပဒေအရလည်းကောင်း၊ မော်တော်ယာဉ် ဥပဒေအရလည်းကောင်း ဩဂုတ် ၁၂ ရက်မှစတင် အရေးယူလျက်ရှိပြီး တာဝန်ရှိဆိုင်ကိုလည်း ပိတ်သိမ်းသည်အထိ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် စားသောက်ဆိုင်နှင့် အခြားဆိုင်များရှေ့တွင် ယာဉ်များ စနစ်တကျ ရပ်နားစေရေး၊ ယာဉ်၊ ဆိုင်ကယ်နှစ်ထပ်မရပ်ရေး ဆိုင်ရှင်များအားခေါ်ယူပညာပေးရှင်းလင်းခဲ့သည်။

လမ်းပိတ်ဆို့မှု မရှိစေရေးအတွက် စားသောက်ဆိုင်၊ စတိုးဆိုင်၊ အခြားဆိုင်များရှေ့တွင် ယာဉ်များ စနစ်တကျရပ်နားနိုင်ရေး ယာဉ်များ လွတ်လပ်စွာသွားလာနိုင်ရေးတို့ကို သက်ဆိုင်ရာဆိုင်များသို့ လာရောက်သူများအား လှုံ့ဆော်ကူညီဆောင်ရွက်ပေးရန်ဖြစ်သည်။

မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့နယ်ခြောက်မြို့နယ်နှင့် ဖွဲ့စည်းထားပြီး လူဦးရေ ၁၂၅၀၀၀၀ နေထိုင်လျက်ရှိသည်။ လူဦးရေ တိုးတက်များပြားလာသည်နှင့်အညီ သွားလာရေးနှင့် လုပ်ငန်းများ အသုံးပြုရန် မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများ တိုးတက်များပြားလာသည်။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လစာရင်းအရ မန္တလေးခရိုင်တွင် လူစီးယာဉ် ၅၃၇၉၂ စီး၊ ခရီးသည်တင်ယာဉ် ၁၇၉၆ စီး၊ ကုန်တင်ယာဉ် ၁၀၈၄၆ စီး၊ ကုန်တင်ယာဉ်သေး ၁၀၆၂၆ စီး၊ သုံးဘီးယာဉ် ၁၇၃၉၀ စီး၊ ထော်လာဂျီ ၉၃၈၉ စီး၊ နောက်တွဲယာဉ် ၇၇၈ စီး၊ ဆိုင်ကယ် ၆၅၄၃၃၀ စီး ရှိသည်။

လူဦးရေတိုးတက်လာမှု၊ ယာဉ်များ များပြားလာမှုကြောင့် ယာဉ်အန္တရာယ်၊ လမ်းပိတ်ဆို့မှုများ နေ့စဉ်ဖြစ်ပေါ်နေသည်။ လမ်းပိတ်ဆို့မှုများအနက် လူအဝင်များသောစားသောက်ဆိုင်၊ လူသုံးကုန်ပစ္စည်းဆိုင်ရှေ့များတွင် လာရောက်သူများ၏ ယာဉ်အမျိုးမျိုးတို့ စနစ်တကျရပ်နားမှု မရှိခြင်း၊ ယာဉ်နှစ်ထပ်ရပ်နားခြင်းတို့ကြောင့်ဖြစ်သည်။ **သီဟကိုကို(မန္တလေး)**

ထန်းလျက်ဈေးမတည်ငြိမ်မှုကြောင့် ထန်းတုံးချိန်၌ ထန်းသမားတို့ အကျိုးအမြတ်မကျန်

တံတားဦး၊ ဩဂုတ် ၁၄

၂၀၁၄ ခုနှစ်တွင် ထန်းလျက်ဈေးမှာ ဈေးမတည်ငြိမ်မှု များနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ယခုအခါ သီးယဉ်ထန်းတက်နေချိန်တွင် ထန်းလျက်ဈေးမှာ တစ်ပိဿာ ငွေကျပ် ၇၅၀ ဈေးပေါက်သည်။ ထန်းရာသီအစမှစကာ ထန်းလျက်ဈေးမတည်ငြိမ်မှုများကြောင့် ထန်းတောင်သူမိသားစုများ ထန်းအငှားတက်သူ မိသားစုများမှာ ရရစားစားဖြင့် ထန်းလည်းတုံး ငွေလည်းတုံးဖြစ်ကာ ပွဲစားထံမှ ကြိုတင်ငွေထုတ်ကြပြီး စုမိဆောင်းမိမရှိဘဲ တွက်ခြေမကိုက်လှကြောင်း တံတားဦးမြို့နယ် ချောင်းဆုံကျေးရွာမှ ထန်းသမားတစ်ဦးက ပြောသည်။

ထန်းတက်ခြင်းလုပ်ငန်းသည် တစ်ရက်မှပျက်၍မရသော လုပ်ငန်းပင်ဖြစ်သည်။ နေ့စဉ်ထန်းလှီးပေးရသည်။ ရက်ကျော်ပါက ထန်းမထွက်တော့ပေ။ ပထမဦးစွာထန်းပြင် ထန်းလှီးသည်နှင့် ထန်းရည်အိုးတင်ပေးရသည်။ ထန်းတစ်ပင်လျှင် ထန်းရည်အိုး လေးလုံးမှ ခြောက်လုံးအထိ ထန်းစပေါ်မူတည်၍ တင်ပေးရသည်။ ထန်းစတစ်ချောင်းလျှင် တစ်နေ့ထန်းရည် တစ်မြူခန့်ထွက်သည်။ ထန်းကို မနက်နှင့်ညနေ တစ်နေ့လျှင် နှစ်ကြိမ်တက်ပေးရသည်။ ထန်းသမားတစ်ဦးလျှင် တစ်နေ့ထန်းပင် ၄၀ မှ ၅၀ ခန့်အထိ တက်နိုင်သည်။

ထန်းရည်ရလာပါက ထန်းရည်များကို ဒယ်အိုးများအတွင်းထည့်ကာ ကျိုပေးရသည်။ ထန်းလျက်ကျိုရာတွင် ထင်းကောင်းကောင်းဖြင့် မီးထိုးကာ ဒေသအခေါ်ဖိုက်လာသည်အထိ ဆင့်ကဲခပ်ယူမီးထိုးပြီး ပျစ်သွားမှ မီးဖိုပေါ်မှချကာ မွှေပေးကြရသည်။ ပျစ်ခဲလာပါက ယောက်မနှင့်ခပ်ကာ ထန်းလျက်လုံးလေးများ လုံးပေးကြရသည်။ ထန်းတက်ရာတွင် ထန်းရာသီ စတင်သည်မှစကာ ထန်းတုံးသည်အထိ ထန်းဖို၊ ထန်းမ၊ သီးယဉ်ဟူ၍ သုံးမျိုးခွဲတက်ကြသည်။ ထန်းဖိုကို တပို့တွဲလပြည့်မှစတက်ပြီး ထန်းမကို တန်ခူးလတွင် တက်ကြသည်။သီးယဉ်ကိုကဆုန်လနောက်ပိုင်းမှ ဝါဆိုလကုန်ပိုင်းအထိ တက်ကြသည်။ ထန်းအငှားတက်သူများမှာမူ ထန်းတစ်ပင်လျှင် တစ်နှစ်ပတ်လုံးထန်းလျက်နှစ်ပိဿာပေးရသည်။

ထန်းသမားတို့၏ဘဝသည် တစ်နှစ်ပတ်လုံးမိသားစုလိုက် စုပေါင်းလုပ်ဆောင်ကြရသည်။ ထန်းတက်ပျက်သမျှ ထန်းတို့က မထွက်သည်များလည်းရှိနေသည်။ ထန်းပြင်ခြင်း ထန်းတက်ခြင်းလုပ်ငန်းကို တပို့တွဲလမှ စတင်ပြုလုပ်ကြရသည်။ ထန်းတောင်သူအများစုမှာ ထန်းတက်သည့်ပထမဆုံး နေ့ကိုစနေနေ့တွင် ပြုလုပ်ကြသည်။ ထန်းပင်ကို နံသင့် သချာနည်းအရတွက်ပါက(တထဒဓန) စနေနံဖြစ်၍ စနေနေ့မှစ၍ ထန်းတက်ပါက ထန်းရည်အထွက်နှုန်းကောင်းသည်ဟု ယုံကြည်ကြသည်။

ထန်းတက်လုပ်ငန်းအတွက် ထန်းလှီးဓားနှစ်ချောင်း၊ ထန်းလိုင်၊ လှေကား၊ ရင်းထောင်၊ ရင်းဆွဲ၊ ထန်းရည်အိုး၊ ထန်းရေကြိုးတို့ကို အသုံးပြုကြသည်။ ထန်းတက်ရန်အတွက် ပထမဦးစွာ ပန်ခြောက်ကန်ရှင်းခြင်းဟုခေါ်သည့် ထန်းလက်ခြောက်တို့ကို ရှင်းလင်းပေးရသည်။ နှုတ်လက်ပယ်ပြီးသည်နှင့် ထန်းစ၊ ထန်းဖူးပေါ်လာသည်။ ပေါ်လာသောထန်းစကို ကလိုင်နှင့်နင်းခြင်း၊ ထန်းစူးပေါက်ခြင်းဟုခေါ်သော နှီးနှင့်စုစည်းခြင်း၊ အခွံရစ်လှီးခြင်းတို့ကို စနစ်တကျစိတ်ရှည်စွာ ပြုလုပ်ပေးကြရသည်။

တိမ်တမန်

ခင်ဦး၌ယာဉ်အန္တရာယ်ကင်းရှင်းရေးဟောပြော

ခင်ဦး၊ ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်တွင် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ်၁၂ ရက်ထိ ယာဉ်မတော်တဆမှု ၁၉ မှု ဖြစ်ပွားခဲ့ရာ ဒဏ်ရာရရှိသူကျား ငါး ဦး၊ မ ၃၂ ဦး၊ သေဆုံးသူ ကျားလေးဦး၊ မသုံးဦး ရှိခဲ့သဖြင့် ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းရေးအတွက် အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ဩဂုတ် ၁၂ ရက်မွန်းတည့် ၁၂ နာရီက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပခဲ့သည်။ **ခင်ဦးစိုးဝေ**

[illegible]

မန္တလေးကျုံးအကြောင်း တစေ့တစောင်း

မန္တလေး၊ ဩဂုတ် ၁၄

မန္တလေးမြို့သည် မြန်မာဘုရင်များ နောက်ဆုံး စိုးစံခဲ့သည့် နန်းစိုက်ရာ မြို့တော်ကြီးဖြစ်သည်။ မြန်မာဘုရင်တို့၏ မြန်မာ့သမိုင်းအမွေအနှစ်များ၊ မြန်မာ့ထီးဟန်နန်းဟန် အမွေအနှစ်များ၊ မြန်မာ့ဗိသုကာအနုပညာ လက်ရာမြောက်များစွာရှိပြီး နိုင်ငံခြားသား ခရီးသွားဧည့်သည်များကို အထူးဆွဲဆောင်နိုင်သော မြို့ဖြစ်သည်။ နိုင်ငံခြားသား ခရီးသွားဧည့်သည်များက အုတ်မြို့ရိုးလေးဘက်ဖြင့် လေးထောင့်စပ်စပ်တည်ထားသော လေးကျွန်းအောင်မြေ နန်းမြို့တော်နှင့် မြနန်းစံကျော်ရွှေနန်းတော်ကြီးတို့ကို လေးဘက်လေးတန် ဝန်းရံပတ်ထားသော ကျုံးရေပြာ အနားသတ်မျဉ်းဖြောင့်အတိုင်း လမ်းလျှောက်ကာ ကြည့်ရှုရပါမှ မန္တလေး၏ရသကို အပြည့်အဝခံစားရသည်ဟု မှတ်စွဲထားတတ်ကြသည်။

မန္တလေး မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးသည် ရတနာပုံရွှေမြို့တော်ကြီး တည်ရာတွင် သတ္တဌာန(ခုနစ်ဌာန)ကို ၁၂၁၁ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက် ညဥ့်သုံးချက်တီးကျော် ၇ ရက်နေ့၏ တနင်္လာ နေအဝင် ၄ နာရီ ၂ ပါဒ်အချိန်၌ အခါတော်ပေးသည့် အမြောက်သံကြားသည်နှင့် တပြိုင်နက်တည်း တည်ဆောက်စေခဲ့သည်။ သို့အတွက်ပြသာဒ်များနှင့် ကျုံးတော်တို့မှာ ရတနာပုံရွှေမြို့တော်၏ ဖွားဖက်တော်ခုနစ်ဦးတွင် ပါဝင်သည်ဟု ဆိုနိုင်သည်။

မြန်မာ့ရှေးဟောင်း မင်းနေပြည်တော်များတွင် နန်းတော်နှင့်မြို့တော်ကျုံးတည်ဆောက်ရာတွင် နွံကျုံး၊ အခြောက်ကျုံး၊ ရေကျုံးဟူ၍ ကျုံးသုံးမျိုး တည်ဆောက်ထားသည်။ နွံကျုံးသည် ရန်သူကိုနွံနစ်စေရန် ရည်ရွယ်ပြီး နွံနွံများ ထည့်သွင်းထားသည်။ အခြောက်ကျုံးတွင် ပကတိမြေပြင်အလွတ်တွင် သစ်ချွန်၊ သစ်ငုတ်၊ ဝါးချွန်ဝါးငုတ်၊ ဆူးခြောင့်ခလုတ်ချိုင့်ဂှမ်းများ တည်ဆောက်ထားသည်။ ရေကျုံးမှာ ရန်သူစစ်သည်တို့ အလွယ်တကူ ဝင်ရောက်မလာနိုင်စေရန် နန်းတော်မြို့ရိုးကို ပတ်လည်ကာဆီး၍ ရေများထည့်သွင်းထားခြင်းဖြစ်သည်။ကျုံးရေထဲတွင် လူကိုအန္တရာယ်ပြုစေသည့် မိကျောင်းအစရှိသော ရေသတ္တဝါတို့ကို မွေးမြူထားလေ့ရှိသည်။ မန္တလေးရတနာပုံမြို့တော်ကြီးကို ဝန်းရံထားသော ကျုံးတော်ကြီးမှာ ရေကျုံးအမျိုးအစားဖြစ်သည်။

ခေတ်မီတိုးတက်လာသော ခေတ်တွင် ကျုံးအတွင်း ရေမပြတ်စေရန်နှင့် အစဉ်ကြည်လင်သန့်ရှင်းစေရန် ပြုလုပ်ထားသည်။ မန္တလေးကျုံးဘေးသည် အညာဒေသသဘာဝ ထနောင်းပင်ရိပ်များဖြင့် လှပသောနေရာဖြစ်ပြီး နိုင်ငံတကာ ခရီးသွားဧည့်သည်များ အထူးနှစ်သက်သည့် သဘာဝအလှရှုခင်းတစ်ခုပင် ဖြစ်နေသည်။ ကျုံးဘေးပတ်လည်မှ သဘာဝသစ်ပင်ရိပ်များအောက်တွင် မြို့ခံများသာမက နိုင်ငံတကာ ခရီးသွားဧည့်သည်များပါ အနားယူအပန်းဖြေရာနေရာတစ်ခုပင်ဖြစ်သည်။သဘာဝအတိုင်း လှပနေသော အညာထနောင်းပင်အရိပ်နှင့်လှပနေသောနန်းမြို့ ကျုံးရေပြာတို့ကိုကြည့်ကာ သန့်ရှင်းသောလေနုအေးကို ရှူရှိုက်လိုက်လျှင်ဖြင့် စိတ်ငြိမ်းချမ်းကာ လန်းဆန်းသွားစေသည်အထိ သာယာလှပနေပြီး မန္တလေးမြို့၏ဂုဏ်ကို ဆောင်နေသော အလှဆုံးနေရာတစ်ခုအဖြစ်ရှိနေသည်။

တိမ်တမန်

ကျောက်ဆည်မြို့တွင် ကျန်းမာရေးညီညွတ်စေရေး ကျောင်းမုန့်ဈေးတန်းကွင်းဆင်းစစ်ဆေး

ကျောက်ဆည်၊ ဩဂုတ် ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးဦးဆောင်၍ ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏စီမံချက်အရ မြို့နယ်ကျောင်းကျန်းမာရေးအဖွဲ့များ ပူးပေါင်း၍ ကျောက်ဆည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ဆိုးဆေးအန္တရာယ် ပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်က စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီးဦးစီးမှူး ဦးဆွေတင့်ကြူးမှ လုံခြုံစိတ်ချရမှုမရှိသော စားသောက်ကုန်များနှင့်ပတ်သက်၍လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးငြိမ်းမြတ်က စားသောက်ကုန်များတွင် သုံးစွဲထားသော ဆိုးဆေးများအန္တရာယ်နှင့် ပတ်သက်၍ ပညာပေးဟောပြောပြီး စားသုံးရန်သင့်သောမုန့်နှင့် စားသုံးရန်မသင့်သော မုန့်များအား ခွဲခြားပြသသည်။

ထို့နောက် ပူးပေါင်းအဖွဲ့သည် ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးပြီး ကျန်းမာရေးနှင့် ညီညွတ်သော မုန့်များ ရောင်းချရေး ပညာပေးဆွေးနွေးခဲ့ကြောင်းသိရသည်။

သီဟကိုကို(မန္တလေး)

ဆိပ်ဖြူတွင် မိုးနည်း၍ တောင်ယာစိုက်ပျိုးသူများအခက်တွေ့

ဆိပ်ဖြူ၊ ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မိုးရွာသွန်းမှုမရှိ၍ ထယ်ရေးသာ ပြုလုပ်နိုင်ခဲ့ပြီး မိုးသီးနှံစိုက်ပျိုးနိုင်မှု မရှိသေးကြောင်းနှင့် ဆောင်းသီးနှံမြေပဲစိုက်ရာတွင် မျိုးများအခက်အခဲရှိလာနိုင်ကြောင်းကို ယာစိုက်တောင်သူများက ပြောသည်။

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မိုးရာသီတွင်မိုးသီးနှံဖြစ်သည့် မြေပဲ၊ ပဲတီစိမ်းတို့ကို အဓိကစိုက်ပျိုးပြီး ပဲစင်းငုံကိုသီးညှပ်အဖြစ် အဓိကစိုက်ပျိုးကြကြောင်းနှင့် ၂၀၁၄ ခုနှစ် မိုးဦးကာလမှမိုးလယ် ကာလရောက်သည်အထိ မိုးရွာသွန်းမှုနည်းပါးပြီး မိုးရေချိန်လက်မ ၃ ဒသမ ၉၃ လက်မ ရွာသွန်းနေမှုကြောင့် သီးနှံစိုက်ပျိုးမှုနည်းပါးပြီး နေရာအချို့တွင် ရေသွင်းစိုက်ပျိုးခဲ့ရ ကြောင်းသိရသည်။

စိုးလင်းနိုင်(IPRD)

(၂/၂၀၁၄)ကြိမ်မြောက် အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ လုပ်ငန်း၌ အသုံးမလိုတော့သည့် အောက်ဖော်ပြပါ စက်/ယာဉ်အဟောင်း(၂၈)စီးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါ၍ အိတ်ပိတ်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ် ပါသည်။

ရောင်းချမည့်စက်ယန္တရားစာရင်း

1. Cat,Hitachi,Komatsu Bulldozer (၆)စီး
2. Hitachi Hyd/Excavator (၆)စီး
3. Kawasaki,Komatsu,Xuzhou Wheel/Clamp Loader (၅)စီး
4. Mitsubishi,Komatsu M/Grader (၃)စီး
5. Gallion,Kawasaki 2/3W-Road Roller (၂)စီး
6. Xuzhou Sheepfoot Compactor (၁)စီး
7. Toyo Crawler Drill (၁)စီး
8. Hino AG Truck (၂)စီး
9. Fuso Water Bowser (၁)စီး
10. Zwe Farm Tractor (၁)စီး

၂။ တင်ဒါလျှောက်လွှာ၊ စည်းကမ်းချက်နှင့် အခြားပုံစံများကို ၁၂-၈-၂၀၁၄ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာတွင် တစ်စုံလျှင် ကျပ် ၂၀၀၀/-ဖြင့် ဝယ်ယူပြီးစက်/ယာဉ်များကို ကြည့်ရှု နိုင်ပါသည်။

၃။ တင်ဒါတင်သွင်းလွှာကို ၁၉-၈-၂၀၁၄ရက် မွန်းတည့် ၁၂:၀၀ နာရီအထိသာ လက်ခံပေးပါမည်။

၄။ ယန္တရားအလုပ်ရုံဝင်း(ကျောက်ချော)၊ မန္တလေး-ပြင်ဦးလွင်လမ်း အသုံးပြုခွင့်ကောက်ခံရေးစခန်းဝင်း (Toll Gate)၊ မန္တလေးမြို့။ ဖုန်းနံပါတ်-၀၉-၇၃၂၁၃၉၂၇

ဝက်လက်မြို့နယ်အသင်း(ရန်ကုန်)
အဌမအကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးအခမ်းအနား

၁။ ဝက်လက်မြို့နယ်အသင်း(ရန်ကုန်)၏ အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီ အစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြို့နယ်သူ၊ မြို့နယ်သားအားလုံး (ဖိတ်စာရသည် ဖြစ်စေ/မရသည်ဖြစ်စေ) မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြား အပ်ပါသည်။

(က) ကျင်းပမည့်နေ့ရက် - ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် (တနင်္ဂနွေနေ့)
(ခ) ကျင်းပမည့်အချိန် - နံနက် ၉:၀၀-၁၂:၀၀ နာရီ
(ဂ) ကျင်းပမည့်နေရာ - ဓမ္မဗိမာန်အပေါ်ထပ် ဓမ္မစကြာရိပ်သာကျောင်း (၁၀၆ မှတ်တိုင်၊ Micusa Hotel အနီး၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်။)

၂။ သံဃာတော်အရှင်သူမြတ်အား နေ့ဆွမ်းဆက်ကပ်ပြီး အလှူရှင်များနှင့် အသင်းသူ၊ အသင်း သားများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။

ဆက်သွယ်ရန်-

(က) ရဲမှူးကြီးအေးကို (ငြိမ်း)	ဥက္ကဋ္ဌ	၀၁-၅၀၂၄၄၄
(ခ) ဦးသန်းငွေ	ဒု-ဥက္ကဋ္ဌ(၁)	၀၉-၅၀၁၇၈၄၄
(ဂ) ဦးတင်မောင်ဝင်း	ဒု-ဥက္ကဋ္ဌ(၂)	၀၉-၇၃၀၉၆၁၀၅
(ဃ) ဦးကျော်စော	အတွင်းရေးမှူး	၀၁-၂၃၀၅၀၂၂
(င) ဒေါ်ခင်ငွေမြင့်	ဘဏ္ဍာရေးမှူး	၀၁-၅၁၀၇၃၂
(စ) ဦးသန်းအေး	အမှုဆောင်	၀၉- ၈၆၂၇၈၈၂
(ဆ) ဦးနှင်းဆောင်	အမှုဆောင်	၀၉-၅၁၂၉၉၀၇

အမှုဆောင်အဖွဲ့





မန္တလေးမြို့နိုင်ငံခြားဘာသာတက္ကသိုလ်ရှိဌာနများ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကပြိုင်ပွဲ ကျင်းပ

မန္တလေး၊ ဩဂုတ် ၁၄

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ဘာသာစကားဌာနများမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကပြိုင်ပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ဘက်စုံခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်ဒေါက်တာဇော်လင်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်ဒေါက်တာဇော်လင်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲ ကျင်းပရေးကော်မတီ အနုပညာအသင်းဥက္ကဋ္ဌ မြန်မာစာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာစိုးမိုးမိုးက ပြိုင်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အနုပညာဦးစီးဌာန ပန်တျာကျောင်း ကျောင်းအုပ်ကြီး ဦးအောင်သက်ထွန်းနှင့်အဖွဲ့က ဒိုင်အဖြစ် ဆောင်ရွက်သည်။

ပြိုင်ပွဲတွင် ကာလပေါ်တေး၊ ခေတ်ဟောင်းတေး၊ ခေတ်အကြိုက်တေး ပြိုင်ပွဲများ ယှဉ်ပြိုင်ကြရာ အမျိုးသား ပထမဆုကို မောင်နေသူအောင်(ရုရှား)၊ ဒုတိယဆုကို မောင်ချစ်ကြည်ထူး(ကိုရီးယား)တို့က ရရှိပြီး၊ အမျိုးသမီး ပထမဆုကို မချို့နွယ်ဦး(တရုတ်) ဒုတိယ မမြတ်နိုးဦး(ဂျာမန်)နှင့် တတိယ မချိုချိုနိုင်(ဂျာမန်)တို့က ရရှိကြသည်။

နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ ခေတ်ပေါ်တေးပြိုင်ပွဲ အမျိုးသား ပထမဆုကို သက်ပိုင်ဦး(Mr.Xiang De Bin)၊ ဒုတိယဆုကို နေဇော်ထွန်း (Mr.Cai Dong Jiang) တတိယဆုကို အောင်နိုင်ထူး (Mr.Huang Yuan)တို့က ရရှိပြီး၊ အမျိုးသမီးပြိုင်ပွဲတွင်ပထမ မရှင်အေးချမ်း (Ms. Li Zongxiao) ဒုတိယမယဉ်ယဉ်(Ms.Zhao Ya)၊ တတိယ မမြတ်နိုး (Ms.He Ying Ying) တို့က ရရှိပြီး ပါမောက္ခချုပ်က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ဓာတ်အားပြတ်တောက်မှုလျော့စေရန်လိုင်းကြိုးများတွင် ငှက်ခြောက်လေပန်ကာများ တပ်ဆင်

မန္တလေး၊ ဩဂုတ် ၁၄

မန္တလေးခရိုင်အတွင်း လျှပ်စစ်ဓာတ်အားလိုင်းများ၏ လိုင်းအပြစ်ဖြစ်ပွားမှုကြောင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရန် ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် ဓာတ်အားပိတ်ခွင့် တင်ပြ၍ ခရိုင်အတွင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများနှင့် လျှပ်စစ်ဖြန့်ဖြူးခြင်း ပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီများမှ ဆောင်ရွက်ပေးလျက်ရှိသည်။

ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဟောင်းနွမ်းကြွေသီးများ အစားထိုးလဲလှယ်ခြင်း ဆောင်ရွက်လျက်ရှိပြီး ကျေးငှက်တိရစ္ဆာန်များ နားခိုမှုကြောင့် လိုင်းအပြစ်မဖြစ်ပွားစေရန် ငှက်ခြောက်လှန့် လေပန်ကာများအား မြန်မာပေါင်းစည်းစွမ်းအားကုမ္ပဏီ၏ ပံ့ပိုးမှုဖြင့် အောင်မြေသာစံမြို့နယ် နန်းမြို့အတွင်းတွင်လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် ၂၈ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ ၂၇ လမ်း ၇၄ လမ်းထောင့်တို့တွင်လည်းကောင်း ဩဂုတ် ၁၀ ရက်နှင့် ၁၁ ရက်များတွင် ချမ်းအေးသာစံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်လင်း ဦးဆောင်သော လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများဖြင့် တပ်ဆင်ပေးခဲ့ကြောင်းသိရသည်။

သီဟကိုကို(မန္တလေး)

မကွေးမြသလွန်ဘုရားကြီး စောင်းတန်းတွင် ဆေးဖက်ဝင် သဘာဝသစ်မြစ်များ အရောင်းအဝယ်ဖြစ်နေ

မကွေး၊ ဩဂုတ် ၁၄

မကွေးမြို့ မြသလွန်ဘုရားကြီး စောင်းတန်းတွင် မြန်မာ့တိုင်းရင်း ဆေးဖော်စပ်ရာတွင် အသုံးပြုသော ဆေးဖက်ဝင်သဘာဝသစ်မြစ်၊ သစ်ဖုများရောင်းချလျက်ရှိပြီး ဝယ်ယူသူများမှ စိတ်ဝင်စားကာ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားဆေးဝါးများထက် မိရိုးဖလာတိုင်းရင်းဆေးကိုသာ အသုံးပြုမှုများပြားသော အညာဒေသတွင် စီးပွားဖြစ် တိုင်းရင်းဆေးဖော်စပ်ရောင်းချခြင်းလုပ်ငန်းများလည်းရှိပြီး မိသားစုကျန်းမာရေးအတွက် တစ်ပိုင်တစ်နိုင် အိမ်တွင်းမှု တိုင်းရင်းဆေးဖော်စပ်အသုံးပြုများလည်း ရှိကြသည်။

တည်ခင်း ရောင်းချလျက်ရှိသော ဆေးဖက်ဝင် ပစ္စည်းများတွင် ပန်းဥ၊ စာကလေးဦးနှောက်၊ ဇာတိပ္ဖိုလ်သီး၊ ငှက်ကြီးတောင်မြစ်၊ ပရိမီနံမြစ်၊ ခမ်းတောက်မြစ်၊ မချစ်ဥနှင့် အခြားဆေးဖက်ဝင် သစ်ဖု၊ သစ်မြစ်များကို တွေ့ရပြီး ဈေးနှုန်းမှာ ငွေကျပ် ၂၀၀ မှ ၂၀၀၀ အထိ အမျိုးအစားအလိုက် သတ်မှတ်ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာ့တိုင်းရင်း ဆေးဖက်ဝင် သဘာဝပစ္စည်းများ ရောင်းချနေသူတစ်ဦးက "စေတုတ္တရာဘက်ကနေ လာပြီး ရောင်းတာပါ။ ဆေးဖက်ဝင် ပရပစ္စည်းရောင်းတဲ့အလုပ်ကို မျိုးရိုးစဉ်ဆက် လုပ်ကိုင်ပြီး ကိုယ်တိုင်လည်း ဆေးဖော်ဆေးကုပါတယ်။ ဆေးဖက်ဝင် သစ်မြစ်သစ်ဥတွေကို ရိုးမတောထဲအထိ အန္တရာယ်ကြီးစွာနဲ့ ရှာဖွေတူးဖော်ရတာပါ။ ဘုရားပွဲနဲ့ ဘုရားဖူးရာသီတွေမှာ ပိုပြီးရောင်းရပါတယ်။ သီတင်းကျွတ်လကျရင်လည်း မြသလွန်ဘုရားပွဲမှာ ရောင်းဦးမှာပါ" ဟု ပြောပြသည်။

ဖူးပွင့်နေခြည်(မကွေး)

ဟိုပန်မြို့၌ ရေဘေးသင့်အိမ်ထောင်စုနှင့် သီးနှံပျက်စီးသွားသည့် တောင်သူများအား ထောက်ပံ့ငွေ ပေးအပ်

ဟိုပန်၊ ဩဂုတ် ၁၄

မိုးအဆက်မပြတ်ရွာသွန်း၍ ဟိုပန်မြို့၌ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ရေဘေးသင့် အိမ်ထောင်စုနှင့်သီးနှံပျက်စီးသည့် တောင်သူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသည့် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၁ ရက် ညနေ ၃ နာရီက 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါထောက်ပံ့ငွေပေးအပ်ပွဲတွင် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ အတွင်းရေးမှူးဦးမျိုးအောင် (ဒုတိယညွှန်ကြားရေးမှူး) က ရေဘေးဒဏ်သင့် ပြည်သူများ၏ ကြုံတွေ့ခဲ့ရသည့် အခက်အခဲအချို့ ပြေလည်မှုရရှိရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင် ဦးစိုင်းလှဖေ၊ ဦးမျိုးအောင် (အတွင်းရေးမှူး)၊ ဦးဟုတ်စွန်(ဒုတိယညွှန်ကြားရေးမှူး၊တိုင်းစီမံကိန်း)၊ ဦးညီညီလွင် (မြို့နယ်အုပ်ချုပ်ရေးမှူး) တို့က ရေဘေးသင့်အိမ်ထောင်စုတစ်စုလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၁၀၂ စုအတွက် ငွေကျပ် ၃၀၆၀၀၀၀ နှင့် ပျက်စီးသီးနှံ ၄၂၂ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၂၂၀၀၀၀၊ စုစုပေါင်း ငွေကျပ် ၇၂၈၀၀၀၀ ကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်းသိရသည်။

မြို့နယ်ပြန်/ဆက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)၊ ပုသိမ်တက္ကသိုလ်
ပထမအကြိမ် မြန်မာ- ဂျပန်
သုတေသနစာတမ်းဖတ်ပွဲအတွက် စာတမ်းရှင်များဖိတ်ခေါ်ခြင်း

ပုသိမ်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံတက္ကသိုလ်များဖြစ်သော Hokkaido University, National Institute of Technology and Evaluation (NITE), Tottori University, Yamanashi University, Tamagawa University များမှ ပညာရှင်တို့နှင့် ပညာရပ်ဆွေးနွေးပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ ပညာရပ်ဆွေးနွေးပွဲတွင် အောက်ဖော်ပြပါ သုတေသနဆိုင်ရာ နယ်ပယ်များမှ သုတေသနစာတမ်းများကို ဖတ်ကြားဆွေးနွေးမည်ဖြစ်ပါသည်-

၁။ International Symposium on Agricultural Science and Environmental Science (စိုက်ပျိုးရေး၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ပထဝီဝင်၊ ဘူမိဗေဒ၊ သင်္ချာ၊ ရူပဗေဒ)

၂။ Internatioanl Symposium on Marine Science (Fisheries Science)

၃။ International Symposium on Microbiology / Biotechnology

သုတေသန စာတမ်းဖတ်ပွဲကျင်းပမည့်နေရာနှင့်နေ့ရက်

ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်အဆောက်အအုံ

ကျင်းပမည့်နေ့ရက် - ၃၀-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)၊ ၁-၁၂-၂၀၁၄ရက်(တနင်္လာနေ့)

သုတေသနစာတမ်းရှင်များဖိတ်ခေါ်ခြင်း

အဆိုပါသုတေသနစာတမ်းဖတ်ပွဲအတွက် မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်များမှစာတမ်းရှင်များ၊ ဝန်ကြီးဌာနအသီးသီးမှ စာတမ်းရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းများမှ စာတမ်းရှင်များ၊ ကုမ္ပဏီများမှ စာတမ်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

ဖတ်ကြားမည့် သုတေသနစာတမ်းအကျဉ်း Hard copy နှင့် Soft copy အား ၃၀-၉-၂၀၁၄ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းစိုးထံသို့ ပေးပို့ကြရန် ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုသော အချက်များကို ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့်ဌာနမှူး (သင်တန်းရေးရာ)၊ ပါမောက္ခ/ဌာနမှူး (ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ)တို့ထံတွင် စုံစမ်းနိုင်ပါသည်။

အတွင်းရေးမှူး၊ မြန်မာ-ဂျပန် သုတေသနစာတမ်းဖတ်ကြားရေးကော်မတီ



စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်လေလံခေါ်ယူခြင်း(၄/၂၀၁၄)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က) အဆင့်၊ ဓနိတောရှိ မီးထိုးဆီအနယ်အနှစ်(၃၀၈၅)ဂါလန်နှင့် ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (ခ)အဆင့်၊ မန္တလေးရှိ မီးထိုးဆီအနယ်အနှစ် (၁၅၉၃၅)ဂါလန်၊ စုစုပေါင်း (၁၉၀၂၀)ဂါလန် ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် -၁၃-၈-၂၀၁၄ရက်မှ ၈-၉-၂၀၁၄ရက်အထိ(ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ -စီမံရေးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၆)၊ နေပြည်တော်
-ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများ(ဓနိတော၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့)

၄။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊ အချိန်နှင့်နေရာ -၉-၉-၂၀၁၄ရက် ၁၂:၀၀နာရီ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ရုံးအမှတ်(၆)၊ နေပြည်တော်

၅။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန် -၉-၉-၂၀၁၄ရက် ၁၃:၀၀ နာရီ

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၄၁၁၄၉၂ နှင့် ၀၆၇-၄၁၁၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

ဆောင်းပါး

ကဗျာဆရာကြီးရဲ့နှစ် ၂၀၀ ပြည့် မွေးနေ့မင်္ဂလာ

à armifu;Z]

နီပေါနိုင်ငံ ရှေးဦးဆုံးကဗျာဆရာကြီး၏ နှစ် ၂၀၀ ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ် အခမ်းအနား ဇူလိုင် ၁၃ ရက်နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရိပ်သာလမ်းရှိ နီပေါသံရုံးသို့ မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို) အမှုဆောင် ငါးဦး တက်ရောက်အားပေးခဲ့ကြပါတယ်။

အမှုဆောင် ငါးဦးကတော့ ဥက္ကဋ္ဌလယ်တွင်းသားစောချစ်၊ အမှုဆောင် သိပ္ပံစိုးမြင့်နိုင်၊ မောင်ကျေးဇူး၊ တက္ကသိုလ်စိုးယဉ်နဲ့ မော်ဝန်းကြည်မြတ်တို့ပါ။

ဖိတ်ကြားထားသူကတော့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဝင်း(မြန်မာနိုင်ငံဖွား နီပေါ/ဂေါ်ရခါး အမျိုးသား၊ မြန်မာစာရေးဆရာ)ပါ။

သံရုံးမျက်နှာစာ မြက်ခင်းပြင်ကြီးပေါ်မှာ အခမ်းအနားကျင်းပတော့ နီပေါသံအမတ်ကြီးနဲ့ဇနီး၊ ဖိတ်ကြားသူဦးမျိုးဝင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) အမှုဆောင် ငါးဦး အပါအဝင် အထူးပုဂ္ဂိုလ်များ စင်မြင့်ပေါ် ဖိတ်ခေါ်နေရာယူစေပါတယ်။

အခမ်းအနားမှာ စင်မြင့်၏ညာဘက်ထောင့်စားပွဲပေါ်ရှိ ကဗျာဆရာကြီး အာဒိကဝိဘာနူဘား(က်)သားအကြား(ရ်)ယားရဲ့ ရုပ်ပုံတွင် ပန်းကုံးစွပ်ပေးခြင်း၊ ရှေ့မှာ ဆီမီးထွန်းခြင်းများ ပြုလုပ်ပြီးနောက် ဓမ္မဂုရုသုံးဦးက ဘာနူဘား(က်)သားအကြား(ရ်)ယား ရေးဖွဲ့ခဲ့တဲ့ ရာမယနဓမ္မစာသားများကို သံနေသံထားဖြင့် သံပြိုင်ရွတ်ဆိုဂုဏ်ပြုခဲ့ကြပါတယ်။

အခမ်းအနားရဲ့ နာယက မြန်မာနိုင်ငံဆိုင်ရာနီပေါသံအမတ်ကြီး (HE. Mr. Panas Ghimire) က စာပေမြင့်တင် တိုင်းကျိုးပြည်ပြု တာဝန်ထမ်းဆောင်သွားတဲ့ ကဗျာဆရာကြီးရဲ့ နှစ် ၂၀၀ ပြည့် အထိမ်းအမှတ်ပွဲတော် ဖြစ်မြောက်ရေး ကြိုးပမ်းသူများအားလုံးကို ကျေးဇူးတင်ကြောင်း အင်္ဂလိပ်လိုပြောဆိုပါတယ်။

အခမ်းအနားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက နေပါလီစာပေအကြောင်းသိကောင်းစရာများကို အကျဉ်းချုံးမိတ်ဆက်ပေးပါတယ်။

နီပေါနိုင်ငံရဲ့ ရှေးဦးဆုံး ကဗျာဆရာကြီး အာဒိကဝိဘာနူဘား(က်)သားအကြား(ရ်)ယား (Aadikavi Bhanubhabhaktha Aacharya) ရဲ့ ဘဝအကျဉ်းချုပ်က ဒီလိုပါ။

နီပေါနိုင်ငံအလယ်ပိုင်း၊ ကျုံးသီးရား (မ်)ဂါးကျေးရွာနေ ဖခင်ဒနန်းဂျဲနှင့် မိခင် ဓမ္မသီဒေဝီတို့မှ ခရစ်နှစ် ၁၈၁၄ တွင် ဖွားမြင်ခဲ့ပါတယ်။ အဘိုးဖြစ်သူ သီရိကစ္စနားအာကြား(ရ်)ယားမှာ ပညာပါရမီပြည့်စုံသူ ဗြဟ္မဏ (ပညာရှိလူမျိုး)ဖြစ်ပါတယ်။ ဘာနူဘား(က်)သား ရဲ့ ပညာရေး၊ လူမှုရေး၊ စည်းကမ်းမျိုးစုံကို အဘိုးက တာဝန်ယူတယ်။

မြင့်မြတ်တဲ့ပညာရေး သင်ကြားပို့ချပေးတယ်။ အလွန်ဉာဏ်ကောင်းတဲ့ သီရိဘာနူဘား(က်)သားဟာ သဒ္ဒါ၊ စာပေဗေဒ၊ ဟိန္ဒူကျမ်းစာ၊ နက္ခဗေဒ၊ သင်္သကရိုက် ပညာမျိုးစုံ သင်ယူကာ အသက်ငယ်ငယ်နဲ့ ပညာရှင်ဖြစ်လာပါတယ်။

သူ အသက် ၂၂ နှစ်အရွယ်မှာ မြက်ရိတ်ပြီးရောင်းစားတဲ့ အဘိုးအိုတစ်ဦးနဲ့တွေ့တော့ "မြက်ရိတ်ရောင်းရတဲ့ငွေရဲ့တစ်စိတ်တစ်ပိုင်းကို ရွာထဲမှာရေတွင်းတူးလှူမယ်၊ ဒါမှကုသိုလ်လဲရ ဝမ်းလဲဝသလို နာမည်ကောင်းလဲရမယ်" လို့ ပြောစကားကြောင့် "သူကြွယ်ဖြစ်တဲ့ငါ

> ငါမြက်ရိတ်အဘိုးအိုလောက်တောင် အသုံးမကျသေးပါလား။ အများအကျိုး . . . . .

မြက်ရိတ်အဘိုးအိုလောက်တောင် အသုံးမကျသေးပါလား။ အများအကျိုး ဘာတစ်ခုမှ မလုပ်ရသေးပါလား၊ လူဖြစ်မရှုံးအောင် ငါ့ဘဝ ကျန်တဲ့ အချိန်မှာ အလဟဿမဖြစ်အောင် တစ်ခုခု လုပ်ရမယ် ဆိုပြီး ချက်ချင်း ကဗျာတစ်ပုဒ် ရေးတယ်။

"တပင်တပန်း မြက်ရိတ်ငွေရှာ
ရေတွင်းတူးဖော် ကုသိုလ်လိုက်ရှာ
ဆင်းရဲသော်လည်း ပရဟိတဉာဏ်ဆောင်
သူကြွယ်ငါဟာ ဤသို့ဘာကြောင့်
မတည်ဆောက်ခဲ့ ရေတွင်းအဆောင်
ငါပိုင်ပစ္စည်းဟာ အိမ်တွင်းအသုံးအဆောင်
ထိုမြက်ရိတ်သမားအတိုင်း ပရဟိတလုပ်
မည်။
ဂုဏ်တော်ရှိရန် ကုသိုလ်လုပ်မည်"

အဲဒီအချိန်ကစပြီး နေပါလီစာပေလောကရဲ့ ကဗျာဆရာအကျော်အမော် ဖြစ်သွားပါတယ်။ လူ့ဘဝ၊ လူ့ကျင့်ဝတ်၊ လူ့ဝတ်တရား၊ နိဗ္ဗာန်၊ အထွေထွေပညာပေး ကဗျာတွေများစွာ သူရေးဖွဲ့ခဲ့ပါတယ်။

ရာမဇာတ်တော်ကြီးကို သင်္သကရိုက်ဘာသာမူရင်းကျမ်းတော်ကြီးမှ နေပါလီဘာသာ ကဗျာအဖြစ်သို့ ဘာသာပြန်ရေးသားကာ နေပါလီစာပေကို ပထမဆုံးပြုစုပျိုးထောင်ပေးခဲ့သူပါ။ လူသားအကျိုးပြုလူမျိုးပေါင်းစုံအတွက် ဆုံးမဩဝါဒပေး၊ပညာပေးခဲ့တဲ့ဆရာကြီးဟာ အသက် ၅၄ နှစ်မှာ ကွယ်လွန်ခဲ့ရှာပါတယ်။

အစီအစဉ်အရ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ လယ်တွင်းသားစောချစ်က အမှာစကားပြောကြားခဲ့သလို အမှုဆောင် မော်ဝန်းကြည်မြတ်က ယူနန်ပြည်နယ်ခရီးစဉ်မှာ နီပေါစာရေးဆရာအဖွဲ့နဲ့တွေ့ဆုံခဲ့ရပုံကို တင်ပြမျှဝေခံစားစေပါတယ်။

အခမ်းအနား ကျင်းပရေးကော်မတီက စာရေးဆရာ ငါးဦးလုံးကို လုမ္ဗိနီနီပေါ ဗုဒ္ဓမြတ်စွာဖွားမြင်ရာမြေ ဓာတ်ပုံကြီးမှန်ပေါင်သွင်းပြီးအပါအဝင် နီပေါဆိုင်ရာ လက်ဆောင်များပေးခဲ့ပါတယ်။

ရန်ကုန်မြို့မှ ဂေါ်ရခါးလူငယ်ကျောင်းသားကျောင်းသူကလေးများမှ ကဗျာဆရာကြီး အာဒိကဝိဘာနူဘား(က်)သားအကြား(ရ်)ယား ရဲ့ဘဝသရုပ်ဖော်ပြဇာတ်ကို တင်ပြဖျော်ဖြေသွားတာအသက်ဝင်လှပါတယ်။

မန္တလေးတိုင်းဒေသကြီး၊နွားထိုးကြီးမြို့နယ် စကြာတောင်ဘုရားပွဲ၌ ရိုးရာဓလေ့များနှင့် စည်ကားစွာကျင်းပ

နွားထိုးကြီး၊ သြဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ခံစပ်ကုန်းကျေးရွာ စကြာတောင်ဘုရားပွဲကြီးအား ၁၃၇၆ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်မှ လပြည့်နေ့တိုင်အောင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆင်ယင်ခဲ့ကြောင်း သိရသည်။

စကြာတောင် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ကြယ်စင်ဆန်းခေတ်သဘင်အင်အားစုနှင့်အတူ နိုင်ငံကျော် ရုပ်ရှင်နှင့် ဗီဒီယိုမင်းသား မင်းရာဇာ၊ ကောင်းပြည့်၊ အဆိုတော်ပိုပိုတို့က အားဖြည့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် မြင်းခြံတစ်နယ်လုံးနှင့် ခံစပ်ကုန်းအရှေ့ရွာ၊ အနောက်ရွာ၊ ကတောင်းရွာ၊ ဒေါင်းဦးရွာ၊ သာပေါင်းရွာ၊ ငှက်ပျောအိုင်ရွာ၊ ညောင်စင်ရွာ၊ ပျားရွာ၊ မင်းရွာတို့အပြင် နွားထိုးကြီးမြို့သူမြို့သားများပါ လာရောက် ဆင်နွှဲကြပြီး ပေပေါင်း ၂၉၀၀ ခန့် မြင့်သော စကြာတောင်သို့ တပျော်တပါး တက်ရောက်ပြီး ပုဂံပြည့်ရှင် နရပတိစည်သူမင်းကြီး၏ ကောင်းမှုတော် ဘုရားများကို ဆွမ်းတော်ကြီးပွဲများ၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်ဟု သိရသည်။

"အဘတို့ စကြာတောင်ဘုရားက ပဌမံဦးအောင်နဲ့ စကြာမင်းသားလေးတို့ ခတ်စခန်းချခဲ့တဲ့ နေရာ ကုသိုလ်ကောင်းမှုပြုလုပ်ခဲ့တဲ့ အောင်မြေနေရာတွေဆိုတော့ မြင်းခြံတစ်နယ်လုံးက ဗုဒ္ဓဘာသာဝင်တွေသာမက ဘာသာခြားတွေလည်း လာရောက်ကြတဲ့ပွဲပေါ့" ဟု အသက် ၈၈ နှစ်အရွယ် ကတောင်းရွာသား ဦးထွန်းငွေက ပြောသည်။

ပွဲတောင်းဈေးခင်းမှသည် စကြာတောင်ထိပ်အထိ တစ်နာရီနီးပါး မောင်ရင်းနှမသဖွယ် ပျော်ပျော်ပါးပါး တက်ကြသည်။

တောင်တက်လမ်း တစ်ဝက်တွင် ခံစပ်ကုန်းရွာသူလေးများက သောက်ရေချိုချိုနှင့် လက်ဖက်အာဟာရများ ဒါနပြုကြပြီး တစ်နှစ်တွင် တစ်ရက်သာ ကျင်းပသောစကြာတောင်ဘုရားပွဲတွင် ရိုးရာဓလေ့များကို တွေ့မြင်နိုင်ကြောင်း၊ ရွာသမီးပျိုလေးများသည် ဆံရစ်ဝိုင်းမြန်မာမှုဆံပင်အလှနှင့်ချစ်စရာကောင်းကြောင်း၊ ပွဲတော်ကိုနွှဲပျော်မည်ဆိုပါက မြင်းခြံမြို့မှ နွားထိုးကြီးမြို့မရောက်ခင် မင်းရွာလမ်းခွဲမှ လာလျှင် ရောက်နိုင်ကြောင်း ဒေသခံတစ်ဦးကပြောသည်။

ရွှေညာကိုကို



ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၁၉၅/၂၀၃၊ အင်ဂျင်နီယာဌာန မြေဧရိယာ (၀.၉၈၇) ဧကပေါ်တွင် အသုံးမလိုတော့သည့် အဆောက်အအုံဟောင်း 1 Lot ကို မြန်မာနိုင်ငံသားများ အား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသောအချက်များကို ခရီးသည်ပို့ဆောင်ရေး ဌာနခွဲ (၁၂)လိုင်း၊ ပုဇွန်တောင်မြို့နယ် (ထင်းပုံဆိပ်)၊ ဖုန်း-၀၁-၂၉၁၃၅၂၊ ၀၉-၇၃၂၅၅၄၇၄၊ ၀၉-၄၃၉၂၅၂၇၄၊ ၀၉-၈၃၀၂၅၀၅သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေး

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အတွက် လိုအပ်သော အောက်ဖော်ပြပါ ဘဏ်လုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) ကွန်ပျူတာနှင့်ရုံးသုံးစက်ပစ္စည်းများ

(၁)	Computer Complete set (Monitor/UPS အပါအဝင်)	(၇)စုံ
(၂)	Server	(၂)လုံး
(၃)	Laser Printer	(၂)လုံး
(၄)	Passbook Printer	(၂)လုံး
(၅)	ငွေရေစက်	(၃)လုံး
(၆)	မိတ္တူကူးစက်	(၁)လုံး
(၇)	မီးစက် (25 to 60 KVA)	(၁)လုံး

(ခ) ရုံးသုံးပရိဘောဂများ

(၁)	အရာရှိစားပွဲကြီး (ကြိတ်သား)	(၁)လုံး
(၂)	အရာရှိစားပွဲလတ် (ကြိတ်သား)	(၁)လုံး
(၃)	ကြီးကြပ်ရေးမှူးစားပွဲ (ကြိတ်သား)	(၃)လုံး
(၄)	စာရေးစားပွဲ (ကြိတ်သား)	(၁၀)လုံး
(၅)	ဆုံလည်ကုလားထိုင်(အရာရှိ)	(၂)လုံး
(၆)	ကွန်ပျူတာစားပွဲ (ကြိတ်သား)	(၂)လုံး
(၇)	ကွန်ပျူတာဆုံလည်ကုလားထိုင်	(၂)လုံး
(၈)	လက်ပါကုလားထိုင်	(၅)လုံး
(၉)	လက်မဲ့ကုလားထိုင်	(၂၂)လုံး
(၁၀)	ဖိုင်တင်စင် (သံ/ကြိတ်သား)	(၂)လုံး
(၁၁)	ကျွန်းစားပွဲ(၁"ထု)(၄'×၆')	(၂)လုံး
(၁၂)	Steel Cabinet	(၆)လုံး
(၁၃)	(၃)ယောက်တွဲကုလားထိုင်(Steel)	(၃)လုံး
(၁၄)	(၄)ယောက်တွဲကုလားထိုင်(Steel)	(၄)လုံး
(၁၅)	Settee(ကျွန်း/ဆိုဖာ)	(၁)စုံ
(၁၆)	ခေါက်ခုတင်(သံ)	(၁၀)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၅-၈-၂၀၁၄ရက်မှစ၍ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)တွင် ဝယ်ယူနိုင်ပြီး ၂၂-၈-၂၀၁၄ရက် နောက်ဆုံးထား၍ တင်ဒါများကို တင်သွင်းရပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)
အမှတ်(၄၆)၊ ဦးထွန်းငြိမ်းလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၁-၆၅၇၆၀၃၊ ၆၅၇၆၀၄

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ထွေး(ပြင်ဦးလွင်)

အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင်ကြီး ဒေါ်တင်ထွေး အသက် (၈၆)နှစ်သည် ၅-၈-၂၀၁၄ရက် ညနေ ၅း၄၅နာရီတွင် ပြင်ဦးလွင်မြို့၌ ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းရပါသည်။

WORLD BEST TRANDING
GREEN HARDWOOD ENTERPRISE LTD.

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ထွေး(ပြင်ဦးလွင်)

အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏ မိခင်ဖြစ်သူ ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ရက် ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

- တာမိုးညဲပြည်သူ့စစ်ဥက္ကဋ္ဌ-ဦးမြင့်လွင်နှင့်ဇနီး ဒေါ်ခင်နှင်းလွင်
- တာမိုးညဲချမ်းသာသစ်အခြေခံစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်

အထူးကျေးဇူးတင်ရှိခြင်း

ဒေါ်စန်းကြည်(ညောင်လေးပင်) အသက်(၉၀)

၃-၈-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး နာမကျန်းဖြစ်စဉ်တစ်လျှောက် စေတနာ၊ မေတ္တာအပြည့်အဝဖြင့် ပြုစုပေးခဲ့သည့် အမှတ်(၂)၊ တပ်မတော်ဆေးရုံကြီး ခုတင်(၅၀၀)မှ တပ်မှူးနှင့်တကွ ဖျားနာပါမောက္ခ ပါရဂူကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ ပါရဂူများ၊ အမျိုးသားအမျိုးသမီးသူနာပြုအရာရှိများ၊ ဆေးဘက်ဆိုင်ရာပညာရှင်များ၊ အရာရှိများ၊ အရာထမ်း အမှုထမ်းများ၊ အိမ်တိုင်ရာရောက် လာရောက်ကြည့်ရှုပေးခဲ့ကြသည့် အထူးကု ဆရာဝန်ကြီးများ၊ ကွယ်လွန်ချိန်မှစ၍ ရက်လည်ဆွမ်းကျွေးသည်အထိ လုပ်အားအလှူ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်း အလှူများပေးခဲ့ကြသည့် ဆရာသမား၊ ဆွေမျိုး၊ မိတ်ဆွေ သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်ညီအစ်ကိုမောင်နှမများနှင့် ဆေးရုံအသီးသီး မှ Physiotherapist တပည့်အရာရှိများ၊ ဗိုလ်လေးများ၊ ပြည်တွင်းပြည်ပမှ တယ်လီဖုန်း၊ E-mail Face book၊ သတင်းစာများမှ နှစ်သိမ့်အားပေးခဲ့ကြသူများ၊ ကျေးဇူးတင်ထိုက်သူ အားလုံးတို့ကို ကျန်ရစ်သူမိသားစုများမှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်း စက်ရုံ(၅)ရုံ၊ စက်ရုံခွဲ(၂)ရုံနှင့် ဝါကြိတ်စက်ရုံများအားပုဂ္ဂလိကသို့ ငှားရမ်းရန်အတွက် ဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံ(၅)ရုံ၊ စက်ရုံခွဲ(၂)ရုံနှင့် ဝါကြိတ်စက်ရုံများအား ငှားရမ်းလိုပါသဖြင့် စိတ်ပါဝင်စားသူ ပြည်တွင်း /ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

(က) အမှတ်(၃)အထည်စက်ရုံ(စစ်ကိုင်း) [ဝါကြိတ်စက်ရုံ(စစ်ကိုင်း)အပါအဝင်]
(ခ) အမှတ်(၄)အထည်စက်ရုံ(ပွင့်ဖြူ) [ဝါကြိတ်စက်ရုံ(ကံသာကြီး၊ ရှောက်တော၊ စလင်း၊ မင်းလှ)အပါအဝင်]
(ဂ) အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ) [ဆေးဆိုးပန်းရိုက်စက်ရုံ(ပခုက္ကူ)အပါအဝင်]
(ဃ) အမှတ်(၆)အထည်စက်ရုံ(ဆားလင်းကြီး) [ဝါကြိတ်စက်ရုံ(မြင်းမူ၊ ပုလဲ)အပါအဝင်]
(င) အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း)
(စ) အမှတ်(၁၀)အထည်စက်ရုံ(တောင်သာ)
(ဆ) အထည်စက်ရုံခွဲ(မြင်းခြံ)
(ဇ) ဝါကြိတ်စက်ရုံများ (မလှိုင်၊ နွားထိုးကြီး၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ မြင်းခြံ)

၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၁၅-၈-၂၀၁၄ ရက်
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ
(၁) နေပြည်တော် — အထည်အလိပ်လုပ်ငန်း၊ ရုံးချုပ် (စီမံရေးဌာန)၊ ရုံးအမှတ်(၃၇)။
(၂) ရန်ကုန် — အထည်အလိပ်လုပ်ငန်း(ရုံးခွဲ)၊ အမှတ်(၁)၊ သုခဝတီလမ်း (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။ ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၂
(ဂ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၉-၂၀၁၄ ရက် ၁၂း၀၀ နာရီ
(ဃ) တင်ဒါပေးသွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါနေရာများတွင် စုံစမ်းနိုင်ပါသည်-

ညွှန်ကြားရေးမှူး(စီမံရေး)၊ အထည်အလိပ်လုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆

SEVEN စံ မြေကွက်ရောင်းဝယ်ရေး

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို ဝယ်လိုပါသလား? SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ။

အိမ်အရောက် ငွေပေးချေသည်။ (ပွဲခလုံးဝမယူပါ။)

ဖုန်း-၀၁-၂၀၅၇၄၈၊
၀၉-၃၃၃၃၃၅၁၄၊ ၀၉-၃၁၉၅၈၉၅၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၁၁၅၁)၊ မြေကွက်တည်နေရာအမှတ်(၁၁၅၁)၊ ဈေး(၂)လမ်း၊ (ဦးအေးမောင် ပီအမ်အီး-၁၀၁၅၀၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ခင်ပွန်းဦးအေးမောင်ကွယ်လွန်သဖြင့် ဒေါ်သန်းနု [၁၂/ဥကတ(နိုင်) ၀၂၉၅၂၂]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၅)၊ မြေကွက်အမှတ်(၁၂၀၀/က) အမည်ပေါက် ဦးဝင်းစိန်[၇/ပခန(နိုင်) ၁၃၅၂၄၃]၏ မြေချပါမစ်အား အဆင့်ဆင့်ဝယ်ယူထားသူ ဦးစိုးသောင်း[၁၂/ဥကမ(နိုင်) ၁၃၅၅၁၃]မှ ရုံးခွဲမှတ်ပုံတင်စာရင်းဝင်ခွင့် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ချက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ၎င်းမြေကွက်အား ရုံးခွဲမှတ်ပုံတင်စာရင်းသွင်းခြင်းကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြေယာရုံးခွဲ(၈)**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

LAND CRUISER 200 Mdl

ရောင်းမည်

ယာဉ်အမှတ်စတိ၊ ကီလို ၁၃၀၀၀၀ ကျော် Sun Roff ၊ ရှော့ဗား နိမ့်/မြင့်၊ စပယ်ယာဘီး အောက်ချိတ်၊ ရှေ့မီး မပြောင်း၊ နောက်မီး/ရှဲပြောင်း။

(သိန်း-၃၉၀)

ဖုန်း-၀၉-၇၃၂၃၅၉၅၈







ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ခင်(တောင်ငူ)

အသက်(၉၅)နှစ်

ဒေါက်တာစင်မောင်ထွန်း၊ (တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ရန်ကုန်တိုင်းဒေသကြီး)နှင့်ဇနီး ဒေါ်ဥမ္မာသန်း(ထက်လင်းဆေးတိုက်ပိုင်ရှင်)တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်ခင်(တောင်ငူ)အသက်(၉၅)နှစ်သည် ၄-၈-၂၀၁၄ ရက် ညနေ (၄း၁၅)နာရီတွင် တောင်ငူမြို့ ကောတုအေးနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း...

မိခင်ကို ချစ်မြတ်နိုးရှိသောသော ဆရာဒေါက်တာစင်မောင်ထွန်းသည် မွေးမိခင်ကြီးကို အသက်ဆုံးပါးသွားချိန်အထိ မိခင်ကြီးပျော်ပျော်ရွှင်ရွှင်နှင့် ကျေနပ်ဝမ်းမြောက်အောင် လုပ်ကျွေးပြုစုခဲ့သော သားကောင်းတစ်ဦးအနေဖြင့် နမူနာယူရပါသည်။

ဂျိတ်ဝေ တိုင်းရင်းဆေး	ကောသိပန် တိုင်းရင်းဆေး
ရွှင်ပျို တိုင်းရင်းဆေး	အေးမြိုင်သီတာ တိုင်းရင်းဆေး
ထွန်းရွှေဝါ တိုင်းရင်းဆေး	ဦးသာရင် ဆေးတိုက်
မောရိယ တိုင်းရင်းဆေး	အဘဘ တိုင်းရင်းဆေး
ရန်ပရဆေး	Ki Ki Myanmar

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ တံတား ဒါယကာကြီး

ဦးဟိုးကြီး (ခ) ယူဟုန်ခိုင် (ခ) ဦးမောင်ခိုင်

အသက် (၈၇) နှစ်

ဥက္ကဋ္ဌ (ခင်တျမ်းဘုရားကျောင်း)

ဒု-ဥက္ကဋ္ဌ (ကျန့်တိတ်ဘုရားကျောင်း)

စိန်မြှားကြာဆန်စက်၊ သုံးခွမြို့

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အောင်ဇေယျာလမ်း၊ အမှတ် (၉၅) နေ ဒေါ်ညွန့်တင်၏ ချစ်လှစွာသော ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးစိန်ရွှေ+ဒေါ်အေးမြင့်၊ ဦးသန်းမြင့်+ဒေါ်မြင့်မြင့်ကြည် (Laser Media)၊ ဦးမြင့်ဆွေ(ခ) ဦးမောင်မြင့်+ ဒေါ်မြင့်ကြည်၊ ဦးထွန်းဆွေ+ဒေါ်ခင်အေးနိုင်၊ ဦးတိန်+ဒေါ်တင်တင်နိုင်၊ ဦးရဲမောင်+ဒေါ်ခင်ဆွေနိုင် (အောင်ကြေးသီးနိုင်)၊ ဦးအောင်ဝင်း+ဒေါ်နွယ်နွယ်နိုင်၊ ဦးကိုကို+ဒေါ်နိုင်အအေး (စိန်ရတီစာတော်ပေ)၊ ဦးဇော်ထွန်း+ ဒေါ်ခင်တင်းနိုင် (Mobile Bank)၊ ဦးသန်းတင့်+ဒေါ်နိုင်သည်မွှန်တွေး တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေး (၂၄) ယောက် တို့၏ အဘိုးဖြစ်သူ ဦးဟိုးကြီး (ခ) ယူဟုန်ခိုင် (ခ) ဦးမောင်ခိုင် သည် (၁၃-၈-၂၀၁၄) ရက်နေ့၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၉း၄၀) နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၁၇-၈-၂၀၁၄) ရက်နေ့၊ တနင်္ဂနွေနေ့၊ နံနက် (၁၁း၀၀) နာရီအချိန်တွင် သန်လျင် တရုတ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူ မိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၇-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ တောင်ဥက္ကလာပမြို့နယ်၊ ဦးကျော်ဆန်း+၃၏ပိုင်ဆိုင်ကြောင်း မြေပုံကူးတွင် ဒေါ်ခင်ဆွေဇင်စုအစား ဒေါ်ဆွေဇင်စုဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ တံတား ဒါယကာကြီး

ဦးဟိုးကြီး(ခ)ယူဟုန်ခိုင်(ခ)ဦးမောင်ခိုင်

အသက်(၈၇)နှစ်

ဥက္ကဋ္ဌ(ခင်တျမ်းဘုရားကျောင်း)၊ ဒု-ဥက္ကဋ္ဌ (ကျန့်တိတ်ဘုရားကျောင်း)

စိန်မြှားကြာဆန်စက်၊ သုံးခွမြို့

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အောင်ဇေယျလမ်းနေ(ဦးတစ်လာ-ဒေါ်ကြူး)တို့၏မြေး၊ (ဦးအော်ဟစ်-ဒေါ်ရှုံ့)တို့၏သားကြီး (ဦးတွာခန်း-ဒေါ်ကွီရာ) တို့၏တူ (ဦးအဟိုက်)-ဒေါ်စွန်တီ၊ (ဦးကျင်မိုး-ဒေါ်တင်ဥ)တို့၏ အစ်ကိုကြီး ဦးဟိုးကြီး(ခ)ယူဟုန်ခိုင်(ခ) ဦးမောင်ခိုင်သည် ၁၃-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် သန်လျင် တရုတ်သင်္ချိုင်းသို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စောမြိုင်

အသက်(၈၆)နှစ်

အမှတ်(၈၅၀)၊ ပြဟ္မစိုရ်လမ်း၊(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးဘအုန်း)၏ ဇနီး၊ ဗိုလ်မှူးချုပ်ဝင်းမောင်(ငြိမ်း) (ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး)၊ ဒေါ်မြင့်မြင့်ကြည်တို့၏ချစ်လှစွာသောမိခင် ဒေါ်စောမြိုင် အသက် (၈၆)နှစ် (ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး)သည် ၁၁-၈-၂၀၁၄ရက် နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အဘ-မမနှင်း နှင့်
ညီအစ်မများ

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးစိုးငွေ(ငြိမ်း)

အသက်(၇၅)နှစ်

ဥက္ကဋ္ဌ၊ မြို့နယ်ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
ကျောက်တံတားမြို့နယ်

မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးငွေ(ငြိမ်း) သည် ၁၂-၈-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
ကျောက်တံတားမြို့နယ်

ဝမ်းနည်းကြေကွဲခြင်း

ဦးရွှေဗျိုင်း

အသက်(၈၂)နှစ်

ကမ္ဘာအေးဗီလာ၊ အဆင့်မြင့်အိမ်ရာဝင်းနေ ဗိုလ်မှူးချုပ်ညွန့်တင်(ငြိမ်း) ဒေါ်တင်တင်ကြည်တို့၏ ဖခင် ဦးရွှေဗျိုင်း အသက်(၈၂)နှစ်သည် ၁၂-၈-၂၀၁၄ ရက် ည ၈း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကမ္ဘာအေး ဗီလာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအနေဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကမ္ဘာအေးဗီလာ စီမံခန့်ခွဲရေးနှင့်
အုပ်ချုပ်ရေးကော်မတီ

ကျေးဇူးအထူးတင်ရှိခြင်း

ဒေါ်အကြိုင်

(ဇာသပြင်၊ မော်လမြိုင်)

အသက် (၈၅) နှစ်

